# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


## မပြစ်မှားမိအောင် သတိပြု

မပြစ်မှားအပ်သော ပုဂ္ဂိုလ်တို့ကို တုတ်၊ ဓား၊ လှံ စသည့် လက်နက်တို့ဖြင့် ပြစ်မှားသောသူမှာ ဆင်းရဲ၏။ ပြင်းထန်သော ဝေဒနာခံစားရ၏။ ဥစ္စာပစ္စည်းဆုံးရှုံး၏။ ကိုယ်အင်္ဂါပျက်စီး၏။ အနာစွဲကပ်၏။ ရူးသွပ်၏။ စိတ်ပျံ့လွင့်၏။ အစွပ်စွဲခံရ၏။ ဆွေမျိုးတို့ ပျက်စီး၏။ ပကတိမီး၊ လောင်မီးတို့ လောင်ခြင်းခံရ၏။ သေသော် ငရဲကျရောက်ရ၏။ (မပြစ်မှားအပ်သော ပုဂ္ဂိုလ်တို့ကို မပြစ်မှားမိအောင် သတိပြုဆင်ခြင်သင့်၏။) **ဒဏ္ဍဝဂ်(ဓမ္မပဒ-၁၄၀)**


၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၁၀ ရက် | ၂၀၁၇ ခုနှစ်၊ မေ ၆ ရက်၊ ကြာသပတေးနေ့၊ | အတွဲ (၅၆)၊ အမှတ် (၁၈၈)




ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေးအကောင်အထည်ဖော်ရေးဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၁၇) ကျင်းပစဉ် (သတင်းစဉ်)

# ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေးအကောင်အထည်ဖော်ရေးဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်း

**နေပြည်တော်  မေ ၅**

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေးအကောင်အထည်ဖော်ရေးဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၁၇) ကို ယနေ့ နံနက် ၁၀ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေးအကောင်အထည်ဖော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ဗဟိုကော်မတီအတွင်းရေးမှူးက ယခင်လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၁၇) ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ရခိုင်ပြည်နယ်အစိုးရ၏ တင်ပြချက်များအပေါ် ဆောင်ရွက်ပေးမှုအခြေအနေများနှင့် ဒေါက်တာကိုဖီအာနန် ဦးဆောင်သည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ ကြားဖြတ်အစီရင်ခံစာပါ

*စာမျက်နှာ ၃ ကော်လံ ၁* ❁

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အများပြည်သူသဘောထား တောင်းခံ

စာ ➢ ၄

## လာမည့်မေလအတွင်း မောင်တောမြို့ပေါ်၌ အင်တာနက်လိုင်းများ ကောင်းမွန်စွာ အသုံးပြုနိုင်တော့မည်

စာ ➢ ၇

## မတ်လအတွင်း အမေရိကန်ပြည်ထောင်စု ပုဂ္ဂလိကလုပ်ငန်းပိုင်းတွင် အလုပ်အကိုင် ၂၆၃၀၀၀ ဖန်တီးပေးနိုင်ခဲ့

စာ ➢ ၁၀

# နှစ်နိုင်ငံညှိနှိုင်းကြားချက်ကြောင့် အခက်တွေ့နေရသည့် ကမ်းနီးငါးဖမ်းလုပ်သားများ ယာယီပြေလည်မှုရရှိ

**ကျော်စိုး(ကော့သောင်း)**

**ကော့သောင်း  မေ ၅**



မြန်မာ-ထိုင်း ဆိပ်ကမ်းနိုင်ငံများ လိုက်နာရမည့် တာဝန်ဆိုင်ရာ သဘောတူညီချက်(Port State Measure Agreement-PSMA) အရ ငါးဖမ်းလုပ်ငန်း၊ ယင်းလုပ်ငန်းနှင့် ဆက်နွှယ်သည့် လုပ်ငန်းများအတွက် သက်ဆိုင်ရာနိုင်ငံများမှ တရားဝင်ခွင့်ပြုချက်အထောက်အထားမပါရှိသည့် ငါးဖမ်းငါးသယ် ရေယာဉ်များ ထိုင်းနိုင်ငံဆိပ်ကမ်းများသို့ ဝင်ရောက်ကုန်ချခြင်းကို မေ ၁ ရက်မှစတင်ကာ တားမြစ်အရေးယူသွားမည်ဖြစ် ကြောင်း သိရသည်။

မြန်မာနိုင်ငံငါးလုပ်ငန်းဦးစီးဌာနနှင့် ထိုင်းနိုင်ငံ ငါးလုပ်ငန်းဦးစီးဌာန (Post State Measure Implementation Group) ၏ စည်းမျဉ်းစည်းကမ်း ထုတ်ပြန်ချက်များကြောင့်

*စာမျက်နှာ ၃ ကော်လံ ၅* ✳




မြန်မာ့အလင်း

# ကြိုဆိုရမည့် ရင်းနှီးမြှုပ်နှံမှုပုံစံသစ်

မြန်မာနိုင်ငံလယ်ယာစိုက်ပျိုးရေးအများပိုင်ကော်ပိုရေးရှင်း(MAPCO) သည် စပါးခွံမှ လျှပ်စစ်ဓာတ်ထုတ်လုပ်သည့်စက်ရုံကို တည်ဆောက်ဖွင့်လှစ်ခဲ့ပါသည်။ အဆိုပါစက်ရုံသည် မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော စပါးခွံမှ လျှပ်စစ်ဓာတ်ထုတ်လုပ်သည့်စက်ရုံဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍ၌ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုနည်းပါးနေသော ပစ္စုပ္ပန်ကာလတွင် အစဉ်အလာမဟုတ်သည့် ရင်းနှီးမြှုပ်နှံမှုကို ရွေးချယ်ဆောင်ရွက်ခဲ့သည့် မြန်မာနိုင်ငံလယ်ယာစိုက်ပျိုးရေး အများပိုင်ကော်ပိုရေးရှင်း (MAPCO)ကို အသိအမှတ်ပြုရမည် ဖြစ်ပါသည်။ အဆိုပါ စပါးခွံမှ လျှပ်စစ်ဓာတ်ထုတ်လုပ်သည့် စက်ရုံအတွက် မြန်မာနိုင်ငံလယ်ယာစိုက်ပျိုးရေး အများပိုင်ကော်ပိုရေးရှင်း (MAPCO)က အမေရိကန်ဒေါ်လာ ၄ ဒသမ ၇ သန်း ရင်းနှီးမြှုပ်နှံခဲ့သည်ဖြစ်၍ မြန်မာနိုင်ငံ၏စီးပွားရေးအတိုင်းအတာအရ ပမာဏကြီးမားသော ရင်းနှီးမြှုပ်နှံမှုဖြစ်ပါသည်။

ဇီဝလောင်စာဖြစ်သော စပါးခွံကို လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးအတွက် အသုံးပြုသည်ဖြစ်၍ ကာဗွန်ထုတ်လုပ်မှုလျှော့ချခြင်းနှင့်အတူ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ထောက်ပံ့မှုပေးသောကြောင့် ဂျပန်နိုင်ငံ၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ဤစီမံကိန်းကို အရေးတယူဆောင်ရွက်ခဲ့ပါသည်။ အလေအလွင့်ဖြစ်မည့် စပါးခွံတို့မှ လျှပ်စစ်ဓာတ်ထုတ်လုပ်နိုင်ခြင်းသည်ပင် အားရစရာကောင်းသော အချက်ဖြစ်ပါသည်။ ရရှိသောလျှပ်စစ်ဓာတ်ကို စက်ရုံ၌သုံးစွဲမည့်အပြင် ပိုလျှံပါက ပတ်ဝန်းကျင်ရှိ ကျေးရွာများသို့လည်း ဖြန့်ဝေပေးမည်ဖြစ်၍ ကျေးလက်ဒေသ ဆင်းရဲမွဲတေမှုလျှော့ချရေးအတွက် တစ်နိုင်တစ်ပိုင် အထောက်အပံ့ကောင်းတစ်ရပ်ဖြစ်ပါသည်။ တိုင်းပြည်၏ အလုပ်လုပ်ကိုင်နိုင်သော လူဦးရေ၏ ၆၀ ရာခိုင်နှုန်းဖြစ်သော ပြည်သူ ၂၄ သန်းသည် လယ်ယာစိုက်ပျိုးရေးကဏ္ဍ၌ လုပ်ကိုင်နေသည်ဖြစ်၍ မြန်မာနိုင်ငံလယ်ယာစိုက်ပျိုးရေးအများပိုင်ကော်ပိုရေးရှင်း (MAPCO) ၏ရင်းနှီးမြှုပ်နှံမှုသည် ကြိုဆိုရမည့်ရင်းနှီးမြှုပ်နှံမှုဖြစ်ပါသည်။ မြန်မာနိုင်ငံလယ်ယာစိုက်ပျိုးရေးအများပိုင်ကော်ပိုရေးရှင်း (MAPCO) သည် စပါးခွံမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်သည့် စက်ရုံများကို ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်နှင့် မြောင်းမြမြို့နယ်များတွင်လည်း တည်ဆောက်ဦးမည်ဖြစ်၍ အဆိုပါခြေလှမ်းသစ်များကိုလည်း ထပ်ဆင့်ကြိုဆိုအပ်ပါသည်။

စပါးခွံမှ လျှပ်စစ်ဓာတ်ထုတ်လုပ်ခြင်းကဲ့သို့သော တိုင်းပြည်အတွက် ဘက်ပေါင်းစုံမှ အကျိုးရှိစေသည့် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ကြပါရန် စီးပွားရေးလုပ်ငန်းရှင်များအား တိုက်တွန်းနှိုးဆော်လိုပါသည်။ အိန္ဒိယနိုင်ငံရှိသကြားစက်ရုံများသည် ကြံကြိတ်ဖတ်ကို လောင်စာအဖြစ်အသုံးပြု၍ ရရှိသောလျှပ်စစ်ဓာတ်ကို သကြားစက်ရုံလည်ပတ်ရေးအတွက် အသုံးချနိုင်သည်သာမက ပိုလျှံသောလျှပ်စစ်ဓာတ်ကို မဟာဓာတ်အားလိုင်းအတွင်းသို့ ထည့်သွင်းဖြန့်ဝေရောင်းချနိုင်ပါသည်။ မြန်မာနိုင်ငံရှိ သကြားစက်ရုံများတွင် ဤကဲ့သို့သောစနစ်မျိုးအသုံးချနိုင်ရေးအတွက် စီးပွားရေးလုပ်ငန်းရှင်များသည် သက်ဆိုင်ရာ သကြားစက်ရုံအာဏာပိုင်များနှင့်သုံးသပ်ညှိနှိုင်း၍ ပူးပေါင်းဆောင်ရွက်သင့်ပါသည်။

သို့ဖြစ်၍ စီးပွားရေးလုပ်ငန်းရှင်များက တိုင်းပြည်အတွက် ဘက်ပေါင်းစုံမှ အကျိုးရှိစေမည့် ရင်းနှီးမြှုပ်နှံမှုပုံစံသစ်များကို စွန့်စွန့်စားစား ရဲရဲဝံ့ဝံ့ ဆောင်ရွက်ကြပါရန် လေးစားစွာ တိုက်တွန်းနှိုးဆော်တင်ပြအပ်ပါသည်။ ။



## တိုင်းဒေသကြီး/ပြည်နယ်အစိုးရများ ညှိနှိုင်းချိတ်ဆက်ဆောင်ရွက်ရမည့်ကိစ္စရပ်များ၊ လုပ်ထုံးလုပ်နည်းများ၊ လိုက်နာဆောင်ရွက်ရမည့် ဥပဒေများအား တွေ့ဆုံရှင်းလင်း

**ဘားအံ ဧပြီ ၅**

ကရင်ပြည်နယ် ဘားအံမြို့၌ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများ ညှိနှိုင်းချိတ်ဆက်ဆောင်ရွက်ရမည့်ကိစ္စရပ်များ၊ လုပ်ထုံးလုပ်နည်းများ၊ လိုက်နာဆောင်ရွက်ရမည့် ဥပဒေများအား တွေ့ဆုံရှင်းလင်းပွဲကို ဧပြီ ၄ ရက်က ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံရှင်းလင်းပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က အမှာစကားပြောကြားပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်ငွေက အမှာစကားပြောကြားကာ ရှင်းလင်းပွဲသို့ တက်ရောက်လာကြသော ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် မေးမြန်းဆွေးနွေးတင်ပြကြသည်။

ထို့နောက် နေပြည်တော်မှ လာရောက်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို အပြန်အလှန်မေးမြန်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**



ပြည်သူလူထုအတွင်း မူခင်းအသိပညာများတိုးပွားစေရန် ရည်ရွယ်ချက်ဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ၌ မူခင်းအသိပညာပေးယာဉ်ကြီးဖြင့် လှည့်လည်ပြသလျက်ရှိရာ ဧပြီ ၄ ရက်က ကြည့်မြင်တိုင်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး မောင်မောင်အောင် ဦးဆောင်၍ ပန်းပင်ကြီးလမ်း (စလင်းကွင်း) ရှေ့၌ ပြသစဉ်။
တင်ဝင်းလေး (ကြည့်မြင်တိုင်)

## နှစ်သစ်ကို အလှဆင်နိုင်ကြပါစေ

* ရာသီမိသ
စိတြကြယ်ထွန်းလင်း
ပန်းပိတောက်မင်းတွေ အခိုင်ခိုင်
တစ်နိုင်ငံလုံး လှိုင်လှိုင်ပွင့်
ငြိမ်းချမ်းခြင်းနှင့် အလှဆင်
အတာသဘင်ပွဲတော်ကြီး
အဆိုအတီးတွေနဲ့ ကခုန်
ပင်လုံရဲ့အငွေ့အသက်
နှစ်သစ်ရက်များ
စိန်စီထားစို့ သွေးချင်းတို့

* တူးပို့သံလည်း၊ ညံမစဲဘူး
နှစ်ဦးသင်္ကြန်၊ ဂီတသံတွေ
မြေပြန့်မှသည်၊ တောင်တန်းဆီအထိ
အမိမြန်မာပြည်၊ ပြောစည်ခြိမ့်ခြိမ့်
သိမ့်သိမ့်ညံမျှ၊ တမန်ဆက်သွင်း
ဆောင်ယူနှင်းလော့....
သွေးချင်းတို့ရေ၊ ညီနောင်ဆွေ။

* နှစ်သစ်မှသည်
တို့ပြည်ထောင်စု၊ တည်ထောင်မှုအတွက်
သပြေခက်နဲ့၊ ရေပက်အတူ
ပြည်သူအားလုံး၊ အပျော်ဆုံးအချိန်ရောက်
ပိတောက်နှင့်ငုံ၊ အပြိုင်လှုပွင့်
ကံ့ကော်ပွင့်တွေ၊ ဝေဝေဖူးဖူး
သည်တန်ခူးမှာ၊ ခြေခူးပန်ဆင်
ငြိမ်းချမ်းရေးသဘင်ကြီး၊ ဝှဲချီးကျင်းပ
ချိုမြမြချိုးကူသံ၊ နိုင်ငံအနှံ့အား
သင်္ကြန်ရေများနဲ့ ဆေးကြောသန့်စင်
နှစ်သစ်ကိုအလှဆင်နိုင်ကြပါစေ ...။ ။

**ဟင်္သာတမြင့်ငွေ**

## သထုံမြို့နယ်၌ မူခင်းပညာပေးလုပ်ငန်းများ လှည့်လည်ဟောပြော

**နေပြည်တော် ဧပြီ ၅**

မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး၏ စီစဉ်ညွှန်ကြားချက်အရ ပြည်နယ်အတွင်းရှိ ပြည်သူများအား မူခင်းကြိုတင်ကာကွယ်တားဆီးရေးလုပ်ငန်းများတွင် ဗဟုသုတတိုးပွားစေရေးအတွက် ဧပြီ ၃ ရက်က မူခင်းပညာပေးပြခန်းယာဉ်ဖြင့် သထုံမြို့နယ် ကျိုက်ကော်ရပ်ကွက် ကျိုက်ကော်ဈေးရှေ့၌ ပြည်သူများအား မူခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးနှင့် ပြစ်မှုပြစ်ဒဏ်များ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်ပတ်သက်သည့်အကြောင်းအရာများ၊ လူကုန်ကူးမှုအန္တရာယ်တားဆီးကာကွယ်ရေးနှင့် သက်ငယ်မုဒိမ်းမှုပပျောက်ရေးအကြောင်းတို့ကို ဟောပြောပြသခဲ့ပြီး တပ်ဖွဲ့ဝင်များက မူခင်းအသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **ကိုရဲ**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

၅-၄-၂၀၁၇ **ခင်ရတနာ-စုစည်းသည်။**

### ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၁၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၈၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၁၅၀၀ |

### စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

| | |
|---|---|
| ဒီဇယ် | ၆၈၅/၇၀၅ ကျပ် (လက်ကားဈေး) |
| အောက်တိန်း ၉၂ | ၆၉၅/၇၁၀ ကျပ် (လက်ကားဈေး) |
| အောက်တိန်း ၉၅ | ၇၃၅/၇၆၀ ကျပ် (လက်ကားဈေး) |
| ပရီမီယံဒီဇယ် | ၇၁၀/၇၃၀ ကျပ် (လက်ကားဈေး) |

### နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၃ · ၀၀ |
| ဥရောပ | တစ်ယူရို | ၁၄၅၁ · ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၇၃ · ၉၃ |
| ထိုင်း | တစ်ဘတ် | ၃၉ · ၅၀ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ · ၉၃ |
| တရုတ် | တစ်ယွမ် | ၁၉၇ · ၉၆ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၈ · ၂၅ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ သက်မွန်ဦး၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# ပြည်သူနှင့်အတူ

## မျှော်လင့်ချက်များရှိရာ အသိုက်အမြုံတစ်ခု

**၂၀၃၀ ပြည့်နှစ် စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးရည်မှန်းချက်များ အကောင်အထည်ဖော်ရေး လုပ်ငန်းစဉ်သည် ကုလသမဂ္ဂနှင့် အဖွဲ့ဝင်နိုင်ငံများအတွက် ဦးစားပေးလုပ်ငန်းတစ်ရပ် ဖြစ်နေပါသည်။ ယနေ့အချိန်အခါတွင် ကုလသမဂ္ဂသည် အားလုံးအတွက် ပိုမိုငြိမ်းချမ်း၍ သာယာဝပြောသောကမ္ဘာကြီးတစ်ခု၊ ပိုမိုကြင်နာ၍ မေတ္တာတရားပြည့်ဝသော အိမ်ဂေဟာ တစ်ခုဖြစ်စေလိုသော မိမိတို့၏ မျှော်လင့်ချက်များရှိရာ အသိုက်အမြုံတစ်ခုဖြစ်နေဆဲ ဖြစ်ပါသည်။**

(၂၀၁၆ ခုနှစ်၊ အောက်တိုဘာ ၂၄ ရက်တွင် ကျရောက်သည့် (၇၁)ကြိမ်မြောက် ကုလသမဂ္ဂနှစ်ပတ်လည်နေ့သို့ နိုင်ငံတော်သမ္မတ ဦးထင်ကျော် ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)

## မျှော်လင့်ချက်တွေ အများကြီးတိုးပွားလာ

**ကျွန်မတို့ အမျိုးသားရင်ကြားစေ့ရေးနဲ့ ငြိမ်းချမ်းရေးဆိုတာဟာ ဆက်နွှယ်နေတယ် ဆိုတာကတော့ ထူးထူးထွေထွေ ပြောဖို့လိုမယ်လို့ မထင်ပါဘူး။ ငြိမ်းချမ်းရေးဖြစ်စဉ်ဟာ လွယ်တဲ့ဖြစ်စဉ် မဟုတ်ပါဘူး။ ဒါပေမယ့် ကျွန်မတို့အတွက် မျှော်လင့်ချက်တွေ အများကြီး ရှိပါတယ်။ အထူးသဖြင့် ဆိုလို့ရှိရင် အခုရက်ပိုင်းအတွင်းမှာ ကျွန်မတို့ ဒုတိယပင်လုံ ညီလာခံအတွက် မျှော်လင့်ချက်တွေ အများကြီးတိုးပွားလာပါတယ်။**

(၃၀-၃-၂၀၁၇ ရက်နေ့တွင် နိုင်ငံတော်အစိုးရတာဝန်ယူမှု တစ်နှစ်ပြည့်အထိမ်းအမှတ်အဖြစ် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

❀ *ရှေ့ဖုံးမှ*

အကြံပေးချက်များကို ရှင်းလင်းတင်ပြပြီး ရခိုင်ပြည်နယ်ဝန်ကြီးချုပ်က ရခိုင်ပြည်နယ်၏ လက်ရှိအခြေအနေကို ရှင်းလင်းတင်ပြသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းကော်မတီ၊ လူဝင်မှုကြီးကြပ်ရေးနှင့် နိုင်ငံသားစိစစ်ရေးလုပ်ငန်းကော်မတီ၊ ဒေသတွင်း ပြန်လည်နေရာချထားရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး အစည်းအဝေးတက်ရောက်လာသူများက အကြံပြုဆွေးနွေးတင်ပြကြသည်။

**ဆောင်ရွက်မည့်အစီအမံများကို ဆွေးနွေး**

အလားတူ ဒေါက်တာကိုဖီအာနန် ဦးဆောင်သည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ ကြားဖြတ်အစီရင်ခံစာပါ အကြံပြုချက်များအပေါ် လျင်လျင်မြန်မြန် ထိထိရောက်ရောက် ဆောင်ရွက်မည့်အစီအမံများ၊ ဒေသ၏ ပကတိအခြေအနေနှင့် လိုက်လျောညီထွေ ဆက်စပ်ဆောင်ရွက်ရန် လိုအပ်သည့်အခြေအနေများ၊ သတင်းမီဒီယာများကို တွေ့ဆုံပြောကြားသူများ၊ အုပ်ချုပ်ရေးမှူးများ၊ အစိုးရနှင့် ပူးပေါင်းဆောင်ရွက်နေသူများကို ခြိမ်းခြောက်ခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်းများ တိုးမြင့်လာသည့် အခြေအနေများအပေါ် ဆောင်ရွက်မည့်အစီအမံများကို ဆွေးနွေးတင်ပြကြသည်။

**နိဂုံးချုပ်အမှာစကား ပြောကြား**

ထို့နောက် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေး အကောင်အထည်ဖော်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က နိဂုံးချုပ်အမှာစကားပြောကြားသည်။

**(သတင်းစဉ်)**




**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်**

## နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေးကိစ္စရပ်များဆွေးနွေး



**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် မြန်မာနိုင်ငံဆိုင်ရာ ချက်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Jaroslav Dolecek တို့ တွေ့ဆုံဆွေးနွေးစဉ်** (သတင်းစဉ်)

**နေပြည်တော် ဧပြီ ၅**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် မြန်မာနိုင်ငံဆိုင်ရာ ချက်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Jaroslav Dolecek အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

✳ *ရှေ့ဖုံးမှ*

ကော့သောင်းမြို့နယ်အတွင်း ကမ်းနီးကမ်းဝေး ငါးဖမ်းလုပ်ငန်း လုပ်ကိုင်သူများ၏ လတ်တလောအခက်အခဲများအား ကော့သောင်းခရိုင် ငါးလုပ်ငန်းရှင်များအသင်းမှ ဧပြီ ၄ ရက်က ထိုင်းနိုင်ငံ ရနောင်းမြို့သို့ သွားရောက်၍ နယ်စပ်ပင်လယ်ငါးဖမ်းလုပ်ငန်း တာဝန်ရှိအဖွဲ့အစည်းများနှင့် သွားရောက်ညှိနှိုင်းဆွေးနွေးရာ ယာယီပြေလည်မှုရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်အရ နှစ်နိုင်ငံထုတ်ပြန်သည့်ညွှန်ကြားချက်များ အရေးယူမှုစတင်မည့် ကာလအပိုင်းအခြားအတွင်း ဒေသခံငါးဖမ်းလှေများ ပင်လယ်လုပ်ငန်းခွင် ရောက်ရှိချိန်ဖြစ်၍ နှစ်နိုင်ငံထုတ်ပြန်သည့် အမိန့်ညွှန်ကြားချက်များအား ငါးဖမ်းလှေလုပ်သားများသို့ အချိန်မီအသိပေးအကြောင်းကြားမှုများ ကျယ်ကျယ်ပြန့်ပြန့် မလုပ်ဆောင်နိုင်သေးသဖြင့် ပင်လယ်လုပ်ငန်းခွင်ရောက် ငါးဖမ်းလှေများ ပြန်လည်ဝင်ရောက်ချိန်တွင် အပြစ်ပေးအရေးယူခြင်းဖြစ်စဉ်များ မဖြစ်ပေါ်ရေး ယခုကဲ့သို့ ကော့သောင်းခရိုင် ကမ်းနီးကမ်းဝေးငါးဖမ်းလုပ်ငန်းရှင်များအသင်းက ညှိနှိုင်းဆွေးနွေးခြင်းဖြစ်ကာ ထိုင်းနိုင်ငံ ငါးလုပ်ငန်းဦးစီးဌာနမှ နှစ်နိုင်ငံအကျိုးစီးပွားနှင့် အိမ်နီးချင်းမြို့များ ချစ်ကြည်ရင်းနှီးမှုရေရှည်တည်တံ့ရေး ရည်ရွယ်ချက်များဖြင့် အမိန့်ညွှန်ကြားချက် အရေးယူကာလအား ရက် ၆၀ ဖြေလျှော့ပေးခဲ့ပြီး အဆိုပါ ရက် ၆၀ ကျော်လွန်ပါက မူလသတ်မှတ်ထားသည့် နှစ်နိုင်ငံဆိပ်ကမ်းနိုင်ငံများ လိုက်နာရမည့် တာဝန်ဆိုင်ရာ သဘောတူညီချက်(Port State Measure Agreement- PSMA) များအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

## နေ့အပူချိန်များ တိုးနေမည်

**နေပြည်တော် ဧပြီ ၅**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေ့အပူချိန်များ တိုးနေမည်ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# မြန်မာ့အားကစားဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဗဟိုအဆင့်ညှိနှိုင်းအစည်းအဝေးကျင်းပ




**နေပြည်တော် မေ ၅**
မြန်မာ့အားကစားဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဗဟိုညှိနှိုင်းအစည်းအဝေးကို နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ရုံးအမှတ် (၄) အစည်းအဝေးခန်းမ၌ ယနေ့မွန်းလွဲ ၁ နာရီက ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက်အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ကျွမ်းကျင်သူဒေါက်တာ မြလေးစိန်က စင်ကာပူနိုင်ငံ အားကစားနှင့်ပညာရေးပေါင်းစပ်ဌာနသို့ သွားရောက်လေ့လာခဲ့ရာ တွေ့ရှိချက်များအား ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာအားကစားအဖွဲ့ချုပ်များ ပြန်လည်ဖွဲ့စည်းစိစစ်ရေးအဖွဲ့ခေါင်းဆောင် ဦးအောင်ဒင်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဘန်နီတင်အောင်နှင့် မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ် အတွင်းရေးမှူးဟောင်း ဦးစိုးသိန်းတို့က ဝိုင်းဝန်းဆွေးနွေးအကြံပြုတင်ပြကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးရာတွင် လက်ရှိအားကစားလောက အောင်မြင်ရေးတွင် အားကစားအဖွဲ့ချုပ်များအား ပြန်လည်စိစစ်ဖွဲ့စည်းလိုကြောင်းမှာကြားပြီး မြန်မာနိုင်ငံအိုလံပစ်ကော်မတီအား အသစ်ပြန်လည်ဖွဲ့စည်းမည်ဖြစ်ကြောင်း၊ အားကစားအောင်နိုင်ရေးအတွက် အားကစားအဖွဲ့ချုပ်အသီးသီး၏ ကြိုးစားဆောင်ရွက်မှုမှာ အဓိကကျ၍ အားကစားနှင့်ကာယပညာဦးစီးဌာနအနေဖြင့် အားကစားအဖွဲ့ချုပ်များအား လိုအပ်သည့်ငွေကြေးအထောက်အကူပြုပစ္စည်းများ ဝိုင်းဝန်းပံ့ပိုးပေးရန်လိုအပ်ပြီး အားကစားအဖွဲ့ချုပ်များ၏ လေ့ကျင့်မှု တိုးတက်မှုရှိ/မရှိ အမြဲတမ်း သုံးလ၊ ခြောက်လ၊ တစ်နှစ်စသည်ဖြင့် ကာလအလိုက် ဘုတ်အဖွဲ့ဖြင့် စိစစ်ရန်လိုအပ်ကြောင်းနှင့် ပိုမိုတိုးတက်အောင် ဝိုင်းဝန်းအကြံပြုစဉ်းစားကြရန် လိုအပ်ကြောင်း၊ လက်ရှိရေးဆွဲထားသော Sports Master Plan အား ခေတ်အခါနှင့်အညီ ပြန်လည်သုံးသပ်၍ ပြုပြင်သင့်သည်များကို ပြုပြင်ရန် လိုအပ်ကြောင်း၊ အားကစားနှင့် ကာယပညာသိပ္ပံကျောင်းများမှ အားကစားသမားများ ပညာရေးသင်ကြားမှုဆိုင်ရာများ၊ လေ့ကျင့်မှုဆိုင်ရာများ၊ သိပ္ပံရှိ အားကစားသမားများ ထူးချွန်၍ လက်ရွေးစင်အဆင့်အောင်မြင်မှု၊ နိုင်ငံတကာပြိုင်ပွဲများအောင်မြင်မှုရရှိခဲ့မှုများ၊ အားကစားနည်းများ၏ စံချိန် စံညွှန်းများအား ပြန်လည်သုံးသပ်ရန်လိုအပ်ကြောင်း၊ ကျောင်းသားအားကစားပွဲတော်များအား သုံးနှစ်တစ်ကြိမ် ကျင်းပနိုင်ရေး၊ တက္ကသိုလ်ပေါင်းစုံအားကစားပြိုင်ပွဲများ နှစ်စဉ်ကျင်းပနိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း၊ အခြေခံပညာရေးကျောင်းများတွင် တစ်ပတ်လျှင်နှစ်ကြိမ် ယခင်က ရှိခဲ့ဖူးသော(ကာယ) အားကစားအချိန်များ ပြန်လည်ရရှိရေးနှင့် ကျောင်းများရှိ အားကစားကွင်း/ရုံ၊ အားကစားအထောက်အကူပြုပစ္စည်းများ ပံ့ပိုးပေးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတကာနှင့် ပတ်သက်၍ တရုတ်၊ ထိုင်းနှင့် ဂျပန် အားကစားဆိုင်ရာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး အားကစားဆိုင်ရာ MoU စာချုပ်ရေးဆွဲအတည်ပြုမည် ဖြစ်ကြောင်း၊ နိုင်ငံတကာမှ အားကစားနည်းစနစ်များအား နိုင်ငံအတွင်းရှိ နည်းပြများအား နိုင်ငံတကာသို့ စေလွှတ်၍ သင်တန်းများ၊ လေ့လာရေးခရီးစဉ်များ စေလွှတ်မည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ မြန်မာ့အားကစား ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဝိုင်းဝန်းအကြံပြုဆွေးနွေးကြရန် ပြောကြားသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က အားကစားနှင့်ကာယပညာဦးစီးဌာန လက်ရှိလုပ်ဆောင်နေသောရည်မှန်းချက်များ၊ ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန အများပြည်သူသဘောထား တောင်းခံ

**နေပြည်တော် မေ ၅**
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသည် ၂၀၁၃ ခုနှစ် အောက်တိုဘာ ၈ ရက်တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၃၁) ဖြင့် ဆက်သွယ်ရေးဥပဒေကို ပြဋ္ဌာန်းခဲ့သည်။

အဆိုပါ ဆက်သွယ်ရေးဥပဒေပုဒ်မ ၈၆ အရ ပြည်ထောင်စုအဆင့်ရှိ ပုဂ္ဂိုလ်တစ်ဦးဦး ဦးဆောင်သည့် လွတ်လပ်သော မြန်မာနိုင်ငံဆက်သွယ်ရေးကော်မရှင်တစ်ရပ် ဖြစ်ပေါ်လာရေးအတွက် ပြုစုထားရှိသည့် မြန်မာနိုင်ငံဆက်သွယ်ရေးကော်မရှင် (Myanmar Communications Regulatory Commission -MCRC) ဥပဒေ(မူကြမ်း) အား အများပြည်သူမှ သိရှိအကြံပြုနိုင်ရေးအတွက် www.motc.gov.mm ဝက်ဘ်ဆိုက်တွင် လွှင့်တင်ပေးထားမည်ဖြစ်သည်။

အများပြည်သူအကြံပြုဆွေးနွေးချက်များကို ၂၀၁၇ ခုနှစ် မေ ၃၁ ရက် မြန်မာစံတော်ချိန် ညနေ ၅ နာရီနောက်ဆုံးထား၍ ပေးပို့နိုင်ပြီး စာဖြင့်ပေးပို့လိုပါက ညွှန်ကြားရေးမှူးချုပ်၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၂)၊ နေပြည်တော်သို့လည်းကောင်း၊ အီးမေးဖြင့် ပေးပို့လိုပါက dg.ptd@mptmail.net.mm သို့လည်းကောင်း ရေးသားပေးပို့နိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## မိုင်းအန္တရာယ်ပညာပေးခြင်းနှင့် မိုင်းဆိုင်ရာအကူအညီများ နိုင်ငံတကာနေ့ကျင်းပ



**ဘားအံ မေ ၅**
မြေမြှုပ်မိုင်းနှင့် အသုံးပြုပြီးမပေါက်ကွဲသေးသည့် စစ်ကျန်လက်နက်ပစ္စည်းများ၏အန္တရာယ်ကို ပြည်သူလူထုကြား သိနားလည်မှုကို မြှင့်တင်ပေးလိုသည့် အဖွဲ့၊ နိုင်ငံများ၏ အကြံပြုချက်များကြောင့် ဖြစ်ပေါ်လာသော မိုင်းအန္တရာယ်ပညာပေးခြင်းနှင့် မိုင်းဆိုင်ရာအကူအညီများ နိုင်ငံတကာနေ့အခမ်းအနားကို ကရင်ပြည်နယ် ဘားအံမြို့ သီရိဘားအံဟိုတယ်၌ မေ ၄ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်က အမှာစကားပြောကြားပြီး UNICEF (Myanmar) မှ တာဝန်ရှိသူ Noemi Fivat နှင့် ပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးမှူး ဦးဇော်မင်းတို့က ပြည်နယ်အတွင်း မိုင်းအန္တရာယ်လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းပြောကြားကြကာ ကော့ကရိတ်မြို့နယ်မှ ဒေါ်စန်းဝင်းက မိုင်းအန္တရာယ်နှင့် ပတ်သက်သည့် ကိုယ်တွေ့ခံစားရသည့် အဖြစ်အပျက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသူများက မိုင်းအန္တရာယ်အသိပညာပေးသင်ထောက်ကူပစ္စည်းများနှင့် ဓာတ်ပုံမှတ်တမ်းများကို ကြည့်ရှုကြကာ မြေမြှုပ်မိုင်းများတူးဖော်ခြင်း လက်တွေ့သရုပ်ပြသမှုကို ကြည့်ရှုခဲ့ကြကြောင်း၊ ကရင်ပြည်နယ်အတွင်း ပြည်သူလူထုကြား မိုင်းအန္တရာယ်အသိပညာပေးခြင်းလုပ်ငန်းများကို အသိပညာပေးနိုင်ရေးအတွက် ပြည်သူလူထုနှင့် ထိတွေ့ဆက်ဆံမှုများသည့် ဌာနများမှ ဝန်ထမ်းများအား နည်းပြသင်တန်းများ ဆောင်ရွက်ပေးပြီး ပြည်သူလူထုကြား အသိပညာပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

## ဒုတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (ပဉ္စမနေ့) ကျင်းပ

**မန္တလေး မေ ၅**
ဒုတိယအကြိမ် မန္တလေးတိုင်းဒေသကြီး ပဉ္စမပုံမှန်အစည်းအဝေး(ပဉ္စမနေ့) ကို ယနေ့နံနက် ၁၀ နာရီတွင် မန္တလေးတိုင်းဒေသကြီးလွှတ်တော်၌ အစီအစဉ် (၁၂)ရပ်ဖြင့် ကျင်းပသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းသည့် ကြယ်ပွင့်ပြမေးခွန်း ၁၈ ခုအား မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် သက်ဆိုင်ရာတိုင်းဒေသကြီးဝန်ကြီးများက ပြန်လည်ဖြေကြားခြင်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်က တရားရုံးမှုခင်းဆိုင်ရာ လေ့လာဆန်းစစ်ရေးအဖွဲ့ ဖွဲ့စည်းမည့်အခြေအနေအား ရှင်းလင်းခြင်း၊ ချမ်းမြသာစည်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂) မှ လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်အောင်မိုး တင်သွင်းခဲ့သည့် အဆိုနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုအခြေအနေအား ရှင်းလင်းခြင်း၊ အောင်မြေသာစံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်ဦး (ခ) ဦးအောင်ကျော်ဦး တင်သွင်းခဲ့သည့် အဆိုနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းခြင်း၊ မလှိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ လွှတ်တော်ကိုယ်စားလှယ် ဦးချစ်မင်းသိန်းတင်သွင်းခဲ့သည့် အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာစိုးသန်းက ရှင်းလင်းဆွေးနွေးခြင်း၊ မလှိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ လွှတ်တော်ကိုယ်စားလှယ် ဦးချစ်မင်းသိန်း တင်သွင်းသည့် အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏ သဘောထားရယူခြင်းနှင့် ကြေညာခြင်းတို့ကို ဆောင်ရွက်ကြပြီး မန္တလေးတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး အောင်မြင်စွာပြီးမြောက်ကြောင်း ကြေညာခဲ့သည်။

**တင်မောင် (မန်းကိုယ်ပွား)**



အမှတ်(၁၈) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး ပေါ်ထွန်းနှင့်တပ်ဖွဲ့ဝင်များ မေ ၅ ရက်က နေပြည်တော် ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ဖြုတ်ခွဲကျေးရွာအုပ်စု ဖက်တဲကုန်းကျေးရွာ (အင်တိုင်းသာရွာ)သို့ သောက်ရေသန့်ဘူးကြီး ၁၁၀၀ သွားရောက်လှူဒါန်းစဉ် (မြန်မာ့အလင်း)



## နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော်  မေ  ၅**
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး အား ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးရုံးရှိ မေခလာခန်းမ၌ ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူး Ms.Renata Dessallien နှင့်အဖွဲ့မှ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံရာတွင် Ms.Renata Dessallien က နိုင်ငံတော်အစိုးရနှင့် ကုလသမဂ္ဂအဖွဲ့အကြား ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရန် ပထမဦးစွာ ရခိုင်ပြည်နယ်တွင် ထိခိုက်လွယ်မှုဆန်းစစ်ချက်များကို ပူးတွဲဆောင်ရွက်ရေးအတွက် ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများနှင့် အကြိုအစည်းအဝေးတစ်ရပ် ပြုလုပ်ရေး၊ ထိုမှတစ်ဆင့် ပူးတွဲဆန်းစစ်ချက်ဆောင်ရွက်ရန် သက်ဆိုင်ရာ ဝန်ကြီးဌာနကိုယ်စားလှယ်များပါဝင်သော နှစ်ရက်တာ အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကျင်းပရေး ဆွေးနွေးခဲ့ပြီး လူသားချင်းစာနာထောက်ထားမှု အကူအညီပေးခြင်းမှသည် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရရှိရေးကို ဦးတည်သည့် အဆိုပါ စီမံချက်ကို ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ဆောင်ရေး ဗဟိုကော်မတီလက်အောက်ရှိ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းကော်မတီများနှင့် အကောင်အထည်ဖော်ဆောင်ရွက်ရန် ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## e-Government လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကျင်းပ

**ရန်ကုန်  မေ  ၅**
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် မေ ၁ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး သိမ်ဖြူလမ်းနှင့် ကုန်သည်လမ်းထောင့်ရှိ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည့် e-Government လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အဖွင့်အမှာစကား ပြောကြားသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီး ဦးကျော်မျိုးနှင့် ပြည်ထောင်စုဝန်ကြီးရုံးမှ တာဝန်ရှိသူများ၊ သတင်းအချက်အလက်နည်းပညာနှင့်ဆိုက်ဘာလုံခြုံရေးဦးစီးဌာနနှင့် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူများသည် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်နှင့်တွေ့ဆုံ၍ မြန်မာနိုင်ငံတွင် e-Government လုပ်ငန်းစဉ်များ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်နိုင်ရေး အခြေခံလိုအပ်ချက်ဖြစ်သော သတင်းအချက်အလက်ဆက်သွယ်ရေးနည်းပညာ (ICT) ကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရေး အရှိန်အဟုန်မြှင့်တင်၍ ဆက်လက်ပူးပေါင်းဆောင်ရွက်ရေးကိစ္စများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့သည်။ **(အောက်ပုံ)**

ထိုအစည်းအဝေးတွင် e-Government လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရာ၌ မြန်မာစာစံနစ်အဖြစ် ယူနီကုတ်အား မေ ၁ ရက်ကစတင်၍ အစိုးရဌာနများမှ စတင်အသုံးပြုကြရန်နှင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ မှတစ်ဆင့် ပြည်သူလူထုများပါဝင် အသုံးပြုလာစေနိုင်ရေး လုပ်ငန်းစဉ်များ ဆွေးနွေးခဲ့ကြပြီး မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်မှ တင်ပြသည့် မြန်မာနိုင်ငံတွင် IT industry ကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရေး အထောက်အကူပြုပေးနိုင်မည့် လုပ်ငန်းစဉ်များနှင့် မူဝါဒများအပေါ် ပြည်ထောင်စုဝန်ကြီးက လမ်းညွှန်ချက်များ ချမှတ်ပေးခဲ့ပြီး တက်ရောက်လာသူများမှ ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## နိုင်ငံတကာအဆင့်မီ အမေရိကန်အသက်ကယ်နည်းပညာများပို့ချမည်

**ရန်ကုန်  မေ  ၅**
မြန်မာနိုင်ငံ၌ ရေကြီးမှုနှင့် သဘာဝဘေးအန္တရာယ်ကဲ့သို့သော အရေးပေါ်အခြေအနေများဖြစ်ပွားမှု တိုးပွားလာချိန် အသက်ကယ်မှုလုပ်ငန်းများ ထိထိရောက်ရောက် ဆောင်ရွက်သွားနိုင်ရန်အတွက် နိုင်ငံတကာအဆင့်မီသင်တန်းများ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း အမေရိကန်အသက်ကယ်ကျွမ်းကျင်ပညာရှင် မစ္စတာမားကို့စ်ကပြောသည်။

"ကျွန်တော်ပြီးခဲ့တဲ့နှစ်က မြန်မာပြည်ကိုရောက်မလာမီ အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်မှာ အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းထက် အဆင့်နှစ်ဆင့်လောက်မြင့်တဲ့ နိုင်ငံတကာအဆင့်မီ အသက်ကယ်တင်ရေးလုပ်ငန်းမှာ လေးနှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ ပြီးခဲ့တဲ့နှစ်ကတော့ နိုင်ငံကိုစွန့်ခွာလာခဲ့ပြီး မြန်မာနိုင်ငံ မြဝတီမြို့မှာရှိတဲ့ Z-RESCUE နဲ့ ပူးပေါင်းပြီး နိုင်ငံတကာအဆင့်မီ အသက်ကယ်နည်းပညာသင်တန်းတွေ ပို့ချပေးနေပါတယ်။ ဆက်လက်ပြီးတော့လည်း ပရဟိတလုပ်ငန်းတွေမှာ ဒီအဆင့်မြင့်တဲ့ အသက်ကယ်နည်းပညာတွေ သင်တန်းဖွင့်လှစ်ပို့ချပေးသွားမှာဖြစ်ပါတယ်"ဟု မစ္စတာ မားကို့စ်က ယနေ့နံနက်ပိုင်းတွင် အင်းစိန်မြို့နယ် ပေါက်တောဝရှိ ဖန်ချက်စက်လမ်း၌ပြုလုပ်သော တော်ဝင်ဖွံ့ဖြိုးရေးဖောင်ဒေးရှင်းနှင့် Z-RESCUE တို့ ပူးပေါင်းကျင်းပသည့် အရေးပေါ်ကယ်ဆယ်ရေးသင်တန်းဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည်။

"ကျွန်တော်တို့ မြန်မာနိုင်ငံမှာ အရေးပေါ်အခြေအနေက အရင်ကထက် ဖြစ်ပွားမှုများပြားလာပါတယ်။ ရေကြီးမှု၊ မုန်တိုင်းဖြစ်ပေါ်မှု၊ ငလျင်တွေဖြစ်ပွားမှုများပြားလာပါတယ်။ စီးပွားရေးလုပ်ငန်းတွေတိုးချဲ့လာတာနဲ့အမျှ လုပ်ငန်းခွင်ထိခိုက်မှုတွေ၊ ယာဉ်တွေကြောင့်ဖြစ်တဲ့ အန္တရာယ်တွေများပြားလာပါတယ်။ ဒီလိုအခြေအနေ




မှာ အသက်ကယ်မှုနည်းပညာတွေ လိုအပ်လာပါတယ်။ အထူးသဖြင့် ပရဟိတလုပ်တဲ့လူငယ်တွေ အဖွဲ့အစည်းတွေဟာ အခုလို အသက်ကယ်နည်းပညာတွေ တတ်မြောက်ထားဖို့လိုအပ်ပါတယ်"ဟု တော်ဝင်ဖွံ့ဖြိုးရေးဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးကိုကိုထွေးက ပြောသည်။

မေ ၅ ရက်မှ ၉ ရက်အထိ ပို့ချမည့် အဆိုပါအရေးပေါ်ကယ်ဆယ်ရေး သင်တန်းတွင် လူနာတင်ယာဉ်ပေါ်၌ အသက်ကယ်နည်း၊ လူနာတစ်ဦးကို ပတ်တီးစည်းနည်း၊ အသက်ရှူမဝဖြစ်နေသောလူနာကို အောက်ဆီဂျင်ပေးနည်းနှင့် အသက်ကယ်ပစ္စည်းမဲ့ အသက်ကယ်နည်းတို့ကို နိုင်ငံတကာအဆင့်မီနည်းပညာများသုံး၍ သင်ကြားပေးမည်ဖြစ်ကြောင်း၊ အသက်ကယ်လုပ်ငန်းတစ်ခု ဆောင်ရွက်ရာတွင် အနီရောင်၊ အဝါရောင်၊ အစိမ်းရောင်နှင့်အမည်းရောင်ဟူ၍ အရောင်ခွဲခြားသတ်မှတ် ဆောင်ရွက်ရကြောင်း၊ အနီရောင်အဆင့်သတ်မှတ်ထားသော လူနာကို ဦးစွာကယ်တင်ရမည်ဖြစ်ကြောင်း၊ အဝါရောင်နှင့် အစိမ်းရောင်မှာ ဒဏ်ရာရမှုအပေါ်မူတည်၍ သတ်မှတ်ကယ်တင်ခြင်းဖြစ်ကြောင်း၊ အမည်းရောင်အဆင့်မှာ သေဆုံးသူများဖြစ်၍ နောက်ဆုံးမှကယ်တင်ရခြင်းဖြစ်ကြောင်း၊ ယင်းကဲ့သို့ အရောင်သတ်မှတ်ကယ်တင်ခြင်းမရှိဘဲ အဆင်ပြေသလိုကယ်တင်ခြင်းလုပ်ငန်းကို ဆောင်ရွက်သဖြင့် အသက်ရှင်သင့်သူများ အသက်ဆုံးရှုံးမှု ဖြစ်ပွားလျက်ရှိကြောင်း Z-RESCURE တာဝန်ခံ ကိုဇော်ဇော်ကရှင်းပြသည်။

ယင်းသင်တန်းသို့ ပရဟိတအဖွဲ့အစည်းများမှ ပရဟိတလုပ်ငန်းဆောင်ရွက်နေသော လူငယ်များ ၈၀ တက်ရောက်ခဲ့ပြီး ယင်းနိုင်ငံတကာအဆင့်မီ အ သက်ကယ်နည်းသင်တန်းကို ပရဟိတအဖွဲ့အစည်းများတွင် ဆက်လက်ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြင့်မောင်စိုး**

## မြောင်းကိုမြောင်းအတိုင်း၊ အင်းကိုအင်းအတိုင်းထားရန် သတင်းစာရှင်းလင်းပွဲပြုလုပ်

**တိုက်ကြီး  မေ  ၅**
ရန်ကုန်မြောက်ပိုင်းခရိုင် ငါးလုပ်ငန်းဦးစီးဌာန ကွင်းဆင်းစစ်ဆေးရေးအဖွဲ့၏ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီထံသို့ ပေးပို့သော အစီရင်ခံစာနှင့် ပတ်သက်၍ လယ်သမားကြီး ဦးခင်မောင်ထွန်းပါ လယ်သမား ၁၀၀ ကျော်က တိုက်ကြီးမြို့နယ် မှိန်ပုလဲလေးဒူးကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ မေ ၅ ရက် နံနက် ၁၀ နာရီက သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့သည်။

တိုက်ကြီးမြို့နယ် ဆည်မြောင်းဦးစီးဌာနမှ ၁၉၉၈-၁၉၉၉ ခုနှစ်တွင် ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်း ဆက်သွယ်ရေးလမ်း ဖောက်ရာတွင် ကတိုင်စိန်၊ ကလော့သော့၊ လေးဒူး၊ မှိန်ပုလဲကျေးရွာများတွင် လမ်းဖြစ်မြောင်းဖြစ်တူးဖော်ခဲ့ကြောင်း၊ ထိုမြောင်းကြီးအား တိုက်ကြီးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက ပိုင်ဆိုင်သည်ဟုဆိုကာ အင်းလေလံရောင်းချခဲ့ကြောင်း၊ လေလံရသူ အင်းသူကြီးက ဆည်မြောင်းအတွင်း ၄၅ တောင်ရှိ ကျားပိုက်တစ်ခု၊ အတောင် ၄၀ရှိ ကျားပိုက်ငါးခု စုစုပေါင်း ကျားပိုက်ခြောက်ခုအပြင် ယင်းလိပ်များကာထားခြင်းတို့ ဆောင်ရွက်ထားသဖြင့် ရေစီးရေလာများပျက်စီးခြင်း၊ ရေများအိုင်လာပြီး အထက်ဘက်ရေလျှံကာ ရေကျ နောက်စိုက်စပါးစိုက်ရသဖြင့် အထွက်နှုန်းနည်းခြင်း၊ ဆည်မြောင်းတွင် ကျားချသဖြင့် လမ်းကျဉ်းပြီး ကျောင်းသား ကျောင်းသူများ၊ ရွာသူရွာသားများ သွားလာရေးခက်ခဲခြင်း၊ တော်လတီ-ကလော့သော့-စံကင်း လမ်းမကြီး ပျက်စီးခြင်းတို့ ကြုံတွေ့နေရကြောင်း။ ထို့ကြောင့် မြောင်းကို မြောင်းအတိုင်း အင်းကို အင်းအတိုင်း ထားရန် တိုင်ကြားခြင်းဖြစ်ကြောင်း သိရသည်။

ယင်းတိုင်စာကို ရန်ကုန်မြောက်ပိုင်းခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဆောင်သောအဖွဲ့က စစ်ဆေးသော်လည်း တိုင်ကြားသူလယ်သမားများကို ခေါ်ယူစစ်ဆေးခြင်းမပြုလုပ်ခဲ့ဘဲ တစ်ဖက်သပ်စွပ်စွဲမှုများကိုသာ ဖော်ပြခဲ့သည်ဟု ဆိုသည်။ "ကျွန်တော်တို့လယ်သမားတွေအနေနဲ့ အမှန်ကို အမှန်အတိုင်းဖြစ်စေချင်ပါတယ်။ ကျွန်တော်တို့ လယ်သမား ၅၀၀ ကျော် နစ်နာနေပါတယ်။ ဒုက္ခရောက်နေပါတယ်။ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုကော်မတီက ကွင်းဆင်း စစ်ဆေးစေချင်ပါတယ်။ မမှန်ကန်ရင် ကြိုက်တဲ့ဥပဒေနဲ့ အရေးယူပါ။ နာခံပါမယ်။ ဒေသခံ လယ်သမား



တွေအနေနဲ့ အင်းကအင်းအတိုင်း မြောင်းက မြောင်းအတိုင်း ရှိစေချင်ပါတယ်။ စပါးမစိုက်ရရင် လယ်သမားတွေ ဘဝပျက်မှာပါ" ဟု ဦးခင်မောင်ထွန်းက ပြောသည်။

**ထွန်းလှိုင်**

# လူငယ်တွေအနေနဲ့ ရိုးရာသင်္ကြန်ပွဲတော်မှာ အရိုးရှင်းဆုံးပုံစံနဲ့ ပျော်ရွှင်မှုကို ရယူစေချင်ပါတယ်

**ရေး- အောင်ရဲသွင်၊ မျိုးသူဟိန်း**

မြန်မာ့ ၁၂ လရာသီပွဲတော်များထဲတွင် တစ်ခုအပါအဝင်ဖြစ်သည့် သင်္ကြန်ပွဲတော်ကာလသည် မကြာမီရောက်ရှိတော့မည်ဖြစ်သည်။ သင်္ကြန်ပွဲတော်ကာလအတွင်း ပြည်သူများ ပျော်ရွှင်စွာ ဆင်နွှဲနိုင်ရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ မှုခင်းကျဆင်းရေး ဆောင်ရွက်ချက်များ၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ဆောင်ရွက်ချက်များ၊ ပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးဆောင်ရွက်ချက်များနှင့်ပတ်သက်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တာဝန်ရှိသူများအား သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်။

**ရဲမှူးကြီးရွှေညာမောင် (မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ တားဆီးနှိမ်နင်းရေးဌာန ဌာနမှူး)**

ဒီနှစ် မတ်လဆန်းကတည်းက တစ်နိုင်ငံလုံးအနှံ့ ပြည်သူလူထုအကြားမှာ အသိပညာပေး ဟောပြောပွဲတွေ ဒေသအလိုက် ဆောင်ရွက်နေသလို လူမှုမီဒီယာတွေကတစ်ဆင့်လည်း ဒီဆောင်ရွက်ချက်တွေကို ဖော်ပြပေးနေပါတယ်။ ဒါ့အပြင် သင်္ကြန်ကာလအတွင်းမှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး တပ်ဖွဲ့ဝင်တွေက သင်္ကြန်မဏ္ဍပ်တွေအပြင် ပြည်သူလူထု စည်ကားရာနေရာတွေနဲ့ သတင်းရှိနိုင်တဲ့နေရာတွေမှာ မူးယစ်ဆေးဝါးရောင်းချမှုတွေ၊ သုံးစွဲမှုတွေကို စောင့်ကြည့်အရေးယူ ထိန်းသိမ်းသွားဖို့ ဒေသအလိုက် တာဝန်တွေခွဲဝေပေးပြီး ဖြစ်ပါတယ်။

မူးယစ်ဆေးဝါးအန္တရာယ်ဟာ သင်္ကြန်ကာလရယ်လို့ မဟုတ်ပါဘူး၊ အချိန်တိုင်းမှာ အန္တရာယ်ရှိသလို ကျွန်တော်တို့ တစ်နိုင်ငံတည်းမဟုတ်ဘဲ ကမ္ဘာ့နိုင်ငံအားလုံး လူငယ်ထုအတွင်းမှာ သုံးစွဲမှုအန္တရာယ် ပျံ့နှံ့မြင့်မားလာတာတွေ့ရပါတယ်။ ဒါကို နည်းလမ်းမျိုးစုံနဲ့ တစ်ဖက်က တားဆီးနှိမ်နင်းရေးတွေကို တိုးမြှင့်ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီလိုဆောင်ရွက်နိုင်ဖို့ အရင်က တစ်နိုင်ငံလုံးမှာ ဒေသအလိုက် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအဖွဲ့ ၂၆ ဖွဲ့ရှိရာကနေ ၂၀၁၃ ခုနှစ် ဩဂုတ် ၈ ရက်ကစပြီး မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ကို ဖွဲ့စည်းပြီး မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု ၅၀ အထိ တိုးချဲ့ဆောင်ရွက်ခဲ့ပါတယ်။

၂၀၁၆ ခုနှစ် သင်္ကြန်ကာလအတွင်းမှာ တစ်နိုင်ငံလုံးအနေနဲ့ မူးယစ်ဆေးဝါး ဖမ်းဆီးရမိမှုကတော့ အမှုပေါင်း ၉၄ မှု၊ တရားခံပေါင်း ၁၃၀ ကို ဖမ်းဆီးအရေးယူနိုင်ခဲ့ပြီး ဘိန်း ၂ ဒသမ ၁၈ ကီလို၊ ဘိန်းဖြူ ၀ ဒသမ ၁၂၇ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၃၃၁၀၀၊ အိုက်စ် ၃၁ ဒသမ ၁၆၄၉ ကီလိုနဲ့ အခြားမူးယစ်ဆေးဝါးတွေကိုလည်း ဖမ်းဆီးရမိခဲ့ပါတယ်။ မူးယစ်ဆေးဝါးအပြင် ကာမဆန္ဒနှိုးဆွစေတဲ့ ဆေးဝါးတွေရှိပါတယ်။ ဒီဆေးဝါးတွေဟာ အရည်၊ ဆေးပြား၊ ဆေးမှုန့် ပုံစံမျိုးစုံ၊ တံဆိပ်မျိုးစုံနဲ့ အိမ်နီးချင်းနိုင်ငံတွေက ဝင်ရောက်ပါတယ်။ တချို့ဆေးတွေက အနံ့၊ အရသာမရှိတဲ့ ဆေးတွေဖြစ်ပြီး မိန်းကလေးတွေရဲ့ အစားအသောက် (အအေး၊ ကော်ဖီ)ထဲမှာ အလစ်အငိုက် ရောနှောထည့်သွင်းကျွေးမွေးတဲ့အတွက် စားသုံးမိပြီး မိန်းကလေးတွေ ဘဝပျက်စီးသွားနိုင်ပါတယ်။ ဒါကို လူငယ်တွေရဲ့အုပ်ထိန်းသူ မိဘများကလည်း သတိထားပြီး အန္တရာယ်ကိုကာကွယ်ဖို့ လိုပါတယ်။

သင်္ကြန်ကာလအတွင်းမှာ မိန်းမပျိုတွေအနေနဲ့ သွားလာလည်ပတ်ရာမှာ အုပ်ထိန်းသူ ညီအစ်ကိုမောင်နှမတွေ ပါသင့်ပါတယ်။ လူငယ်တွေအနေနဲ့လည်း ရိုးရာသင်္ကြန်ကို အရိုးရှင်းဆုံးပုံစံနဲ့ ပျော်ရွှင်မှုကို ရယူစေချင်ပါတယ်။ အရက်ကစပြီး မူးယစ်ဆေးဝါးလမ်းကြောင်းအထိ ဆန်းဆန်းပြားပြား သုံးစွဲပျော်ပါးလာမယ်ဆိုရင်တော့ အပျော်နဲ့မကြုံဘဲ သောက၊ နောင်တများစွာနဲ့ ကြုံကြရမှာမို့ လူငယ်လူရွယ်တွေ သင်္ကြန်ကာလမှာ ဆန်းပြားတဲ့ ဆေးဝါးမျိုးစုံသုံးစွဲမှုကို ရှောင်ရှားပြီး ဘေးရန်ခပ်သိမ်းကင်းဝေးစွာနဲ့ လူသစ်၊ စိတ်သစ်နဲ့ နှစ်သစ်ကူးကို ပျော်ရွှင်စွာ ဆင်နွှဲဖို့လိုပါတယ်။

နိုင်ငံအတွင်း မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးလုပ်ငန်းတွေကို အမျိုးသားရေးတာဝန်တစ်ရပ်အနေနဲ့ တိုက်ဖျက်ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီလိုဆောင်ရွက်တဲ့နေရာမှာ သက်ဆိုင်ရာတပ်ဖွဲ့နဲ့ ဌာနတွေ၊ လူမှုရေးနဲ့ ဘာသာရေး အသင်းအဖွဲ့တွေ၊ ပြည်သူလူထုအားလုံး တာဝန်သိသိ ပူးပေါင်းဆောင်ရွက်မှသာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းတွေ ထိရောက်အောင်မြင်မှာဖြစ်တဲ့အတွက် မူးယစ်ဆေးဝါး ကင်းစင်တဲ့နိုင်ငံဖြစ်ဖို့ အားလုံးလက်တွဲညီညီ ပူးပေါင်းပါဝင်ကြပါလို့ တိုက်တွန်းပြောကြားလိုပါတယ်။



ရဲမှူးကြီး ရွှေညာမောင်



ရဲမှူးကြီး တင်ဝင်း



ရဲမှူး ဒေါ်ကေသီထွန်း

**ရဲမှူးကြီးတင်ဝင်း (မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ စီမံရေးဌာန ခေတ္တညွှန်ကြားရေးမှူး)**

မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ သင်္ကြန်အကြိုနေ့ကနေ နှစ်ဆန်း(၁)ရက်နေ့အထိ သင်္ကြန်ကာလလုံခြုံရေးနဲ့ ပတ်သက်ပြီး လုံခြုံရေးစီမံချက် ရေးဆွဲဆောင်ရွက်ထားရှိပါတယ်။ မဏ္ဍပ်တွေရဲ့လုံခြုံရေးအပြင် ဘုရား၊ စေတီ၊ သာသနိကအဆောက်အအုံ၊ အများပြည်သူအပန်းဖြေနိုင်တဲ့ ပန်းခြံနဲ့ ကစားကွင်းတွေ၊ လူစည်ကားရာနေရာတွေဖြစ်တဲ့ ဈေး၊ ကုန်တိုက်၊ Shopping Center တွေ၊ ရေဆိပ်၊ လေဆိပ်၊ ကားဂိတ်နဲ့ ဘူတာရုံများ လုံခြုံရေး၊ မော်တော်ယာဉ်တွေ သွားလာမယ့် လမ်းကြောင်း လုံခြုံရေးတွေကိုလည်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင် အင်အားတွေနဲ့ နေရာလုံခြုံရေး၊ လမ်းကြောင်းလုံခြုံရေး၊ လုံခြုံရေးအရန်အသင့်စုဖွဲ့မှုတွေ ဆောင်ရွက်ထားရှိပါတယ်၊ ရေကစားမဏ္ဍပ်တွေနဲ့ အရေးကြီးနေရာတွေမှာလည်း CCTV ကင်မရာတွေ တပ်ဆင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်၊ ဒါ့အပြင် အပြည်ပြည်ဆိုင်ရာ လေဆိပ်၊ ရေဆိပ်၊ ဝင်ထွက်ပေါက်တွေ၊ နယ်စပ်ဝင်/ထွက်ပေါက်တွေမှာ လုံခြုံရေးတိုးမြှင့်ဆောင်ရွက်နိုင်ဖို့ အိမ်နီးချင်းနိုင်ငံတွေနဲ့ပူးပေါင်းပြီး နှစ်နိုင်ငံ နယ်စပ်ဆက်ဆံရေးရုံးတွေကတစ်ဆင့် စောင့်ကြည့်စစ်ဆေးသတင်းဖလှယ်ခြင်းတွေ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

နေပြည်တော်အပါအဝင် တိုင်းဒေသကြီး/ပြည်နယ် ၁၅ ခုမှာ တရားဥပဒေစိုးမိုးရေးနဲ့ မှုခင်းလျော့နည်းကျဆင်းစေဖို့အတွက် ကြိုတင်ကာကွယ်မှုတွေ ဖမ်းဆီးအရေးယူခြင်း၊ မှုခင်းကျဆင်းရေးပညာပေးဟောပြောခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောခြင်းတွေဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါ့အပြင် တိုင်းဒေသကြီး/ ပြည်နယ်/ခရိုင်/ မြို့နယ်ရဲတပ်ဖွဲ့တွေမှာလည်း သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်/ခရိုင်/ မြို့နယ် မဟာသင်္ကြန်ပွဲတော်ကျင်းပရေးကော်မတီအဆင့်ဆင့်ကိုတင်ပြပြီး ပညာပေးဟောပြောမှုတွေ၊ ရေကစားမဏ္ဍပ်တွေမှာ သတိပြုလိုက်နာရမယ့်နှိုးဆော်ချက်တွေ၊ ထုတ်ပြန်ကြေညာချက်တွေထုတ်ပြန်ပြီး ပြည်သူလူထု ကျယ်ကျယ်ပြန့်ပြန့်သိရှိအောင် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ နောက်ပြီး မြန်မာ့ရိုးရာယဉ်ကျေးမှုနဲ့မလျော်ညီ အမြင်မတင့်တယ်တဲ့ ဝတ်စားဆင်ယင်မှုတွေ မပြုလုပ်ကြဖို့ လိုပါတယ်။ ဝတ်စားဆင်ယင်မှုနဲ့ပတ်သက်ပြီးတော့လည်း ပညာပေးဟောပြောမှုတွေဆောင်ရွက်လျက်ရှိပြီး အုပ်ထိန်းသူ မိဘဆွေမျိုးသားချင်းတွေကလည်း ယဉ်ကျေးမှုနဲ့မလျော်ညီတဲ့ ဝတ်စားဆင်ယင်မှုမျိုးမပြုလုပ်ဖို့ ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်ပေးဖို့ လိုအပ်ပါတယ်။

သင်္ကြန်ကာလမှာ မှုခင်းမဖြစ်ပွားစေဖို့နဲ့ လျော့ကျစေဖို့အတွက် နေပြည်တော်အပါအဝင် တိုင်းဒေသကြီး/ပြည်နယ်တွေမှာ ကြိုတင်ကာကွယ်မှုတွေ ဖမ်းဆီးအရေးယူခြင်း၊ ပညာပေးဟောပြောခြင်း၊ သတိပေးနှိုးဆော်ချက်၊ လက်ကမ်းစာစောင်တွေ ဖြန့်ဝေပေးသွားမယ့်အပြင် အများပြည်သူ သတိပြုရှောင်ကြဉ်ရမယ့်အချက်တွေကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ဖို့ မြန်မာ့အသံ၊ ရုပ်မြင်သံကြား၊ သတင်းစာ၊ ဂျာနယ်တွေမှာ ထုတ်ပြန်ကြေညာလျက်ရှိပါတယ်။

၂၀၁၆ ခုနှစ် သင်္ကြန်ကာလငါးရက်အတွင်းမှာ မှုခင်းပေါင်း ၉၆၇ မှု ဖြစ်ပွားခဲ့ပါတယ်။ ဒီမှုခင်းဖြစ်စဉ်မှာ သေဆုံးသူ ၂၇၂ ဦးရှိခဲ့ပြီး ဒဏ်ရာရသူ ၁၀၈၆ ဦး ရှိခဲ့ပါတယ်။ ဖြစ်ပွားခဲ့တဲ့ မှုခင်းတွေအနက် ယာဉ်တိုက်မှု ၃၅၉ မှုနဲ့ အများဆုံးဖြစ်ပွားခဲ့ပြီး နာကျင်မှု(ခိုက်ရန်ဖြစ်ပွားမှု) ၁၁၉ မှုနဲ့ ဒုတိယအများဆုံး ဖြစ်ပွားခဲ့တာကို စစ်ဆေးတွေ့ရှိရပါတယ်။ မှုခင်းဖြစ်ပွားရတဲ့အကြောင်းအရင်းတွေကို သုံးသပ်ရမယ်ဆိုရင် အရက်သေစာသောက်စား မူးယစ်ပြီး အပျော်လွန်ခြင်းကြောင့် အဓိကဖြစ်တယ်လို့ တွေ့ရှိရပါတယ်။

၂၀၁၇ ခုနှစ်မှာ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်များအတွင်း သင်္ကြန်ကာလ မှုခင်းလျော့နည်းစေဖို့အတွက် ကြိုတင်ကာကွယ်မှုတွေဆောင်ရွက်လျက်ရှိရာမှာ မတ် ၁၂ ရက်ကနေ ၂၈ ရက်အထိ ဖမ်းဆီးစစ်ဆေးချက်အရ ကာမစိတ်ကြွဆေး အရေးယူမှု တစ်မှု၊ မူးယစ်ဆေးဝါးမှု ၃၄ မှု၊ ယစ်မျိုးမှု ၃၆၆မှု၊ လက်နက်မှု ၁၇၀၊ ဆင်ဆာမဲ့ဗီဒီယိုဖမ်းဆီးအရေးယူမှု ၂၀ စုစုပေါင်း ၉၀၂ မှု အရေးယူထားပြီးဖြစ်သလို ဆက်လက်ပြီးလည်း အရေးယူဆောင်ရွက်လျက်ရှိပါတယ်။

**ရဲမှူး ဒေါ်ကေသီထွန်း (မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့)**

သင်္ကြန်ကာလဟာရေပက်ခံထွက်ကြ၊ အပျော်လွန်ကြတဲ့ ကာလတွေဖြစ်လို့ ယာဉ်မောင်းသူတွေအနေနဲ့ အထူးသတိပြုမောင်းနှင်ကြဖို့ လိုပါတယ်။ မိမိမောင်းနှင်တဲ့ ယာဉ်ပေါ်မှာ လိုက်ပါလာသူတွေ ဘေးအန္တရာယ်မဖြစ်စေဖို့၊ တာဝန်ယူမောင်းနှင်နေရတယ်လို့မှတ်ယူပြီး မိမိကိုယ်တိုင် အပျော်မလွန်ဖို့နဲ့ အရက်သောက်စား မောင်းနှင်ခြင်းတွေ မပြုလုပ်ဖို့လိုပါတယ်။ မိမိရဲ့ ပေါ့လျော့မှု၊ စည်းကမ်းမလိုက်နာမှုကြောင့် ယာဉ်ပေါ်မှာပါလာသူတွေ အန္တရာယ်ဖြစ်နိုင်တယ်ဆိုတာကို အမြဲသတိထားပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမောင်းနှင်ရမှာ ဖြစ်ပါတယ်။ မော်တော်ဆိုင်ကယ်မောင်းနှင်မှုနဲ့ပတ်သက်ပြီး ပြောကြားချင်တာကတော့ မော်တော်ဆိုင်ကယ်ဟာနှစ်ဘီးတပ်ယာဉ်၊ အကာအကွယ်မဲ့ယာဉ်ဖြစ်ပါတယ်။ သင်္ကြန်ကာလ လမ်းပေါ်မှာ ဖိတ်စဉ်ကျနေနိုင်တဲ့ စက်ဆီ၊ ရေများလည်း ရှိနေမှာဖြစ်လို့ အလွယ်တကူတိမ်းမှောက်နိုင်တဲ့အတွက် အထူးသတိပြုမောင်းနှင်ရမှာဖြစ်ပါတယ်။ အဓိကသတိပြုရမယ့်အချက်တွေကတော့ အရှိန်ပြင်းမောင်းနှင်ခြင်း၊ လူနှစ်ဦးထက်ပိုပြီး တင်ဆောင်မောင်းနှင်ခြင်း၊ ဆိုင်ကယ်စီးဦးထုပ်မဆောင်းဘဲ မောင်းနှင်ခြင်း၊ အရက်သောက်စားမောင်းနှင်ခြင်းနဲ့ ပတ်ဝန်းကျင် ဆူညံအနှောင့်အယှက်ဖြစ်အောင် အသံထိန်းအိတ်ဇောဖြုတ်မောင်းနှင်ခြင်းတွေကို ရှောင်ကြဉ်ရမှာဖြစ်ပါတယ်။ ဆိုင်ကယ်နဲ့ ရေပက်ခံထွက်တာ အန္တရာယ်များတဲ့အတွက် အထူးသတိပြုမောင်းနှင်သွားလာကြဖို့ သတိပေးပြောကြားလိုပါတယ်။

နောက်တစ်ချက်အနေနဲ့ လမ်းလျှောက်ပြီး ရေပက်ခံထွက်သူတွေ သင်္ကြန်မဏ္ဍပ် လိုက်ကြည့်သူတွေအနေနဲ့ မမျှော်လင့်ဘဲဖြစ်လာနိုင်တဲ့ ယာဉ်အန္တရာယ်ကို သတိပြုကြရပါမယ်။ စည်းကမ်းမဲ့မောင်းနှင်တဲ့ကား၊ ဆိုင်ကယ်တွေရှိတဲ့အတွက် လမ်းဘေးပလက်ဖောင်းပေါ်ကနေ သွားလာဖို့သတိပေးလိုပါတယ်။

ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ် သင်္ကြန်ကာလမှာ ယာဉ်မတော်တဆဖြစ်ပွားမှု ၃၅၉ မှု၊ ဒဏ်ရာရသူ ၈၃၈ ဦး၊ သေဆုံးသူ ၁၃၂ ဦး ရှိခဲ့ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနဲ့ မန္တလေးတိုင်းဒေသကြီးတို့မှာ အများဆုံးဖြစ်ပွားခဲ့ပါတယ်။ ယာဉ်မတော်တဆမှုအများဆုံးဖြစ်ပွားခဲ့တဲ့အကြောင်းကတော့ ယာဉ်ကို မထိန်းသိမ်းနိုင်လောက်အောင် အရှိန်နဲ့မောင်းနှင်မှု၊ အရက်သောက်စားမောင်းနှင်မှုတွေကြောင့်ပဲ ဖြစ်ပါတယ်။ အဓိကကတော့ အပျော်လွန်ကြူးပြီး ယာဉ်ကိုပေါ့လျော့စွာ မောင်းနှင်တဲ့အတွက်ကြောင့် ဖြစ်ပွားမှုတွေပဲ ဖြစ်ပါတယ်။

အခုလာမယ့် သင်္ကြန်ကာလအတွင်းမှာ ယာဉ်မတော်တဆမှုတွေမဖြစ်စေဖို့၊ ပြည်သူတွေ ယာဉ်အန္တရာယ်ကင်းရှင်းစေဖို့အတွက် နေပြည်တော်အပါအဝင် တိုင်းဒေသကြီး/ပြည်နယ် အသီးသီးမှာရှိကြတဲ့ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်တွေအနေနဲ့ ယာဉ်အန္တရာယ်ဖြစ်ပွားနိုင်တဲ့ လမ်းဆုံ၊ လမ်းခွ၊ မီးပွိုင့်၊ အဝိုင်းပတ် နေရာတွေမှာ တာဝန်ချထားပြီး ယာဉ်လမ်းရှင်းလင်းရေး ဆောင်ရွက်ပေးသွားမှာဖြစ်သလို လူစည်ကားတဲ့နေရာတွေဖြစ်တဲ့ ရေကစားမဏ္ဍပ်၊ ဖျော်ဖြေရေးမဏ္ဍပ်တွေမှာလည်း တာဝန်ချထားပြီး ယာဉ်အန္တရာယ်ကင်းရှင်းစေရေးဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ယာဉ်ကြောပိတ်ဆို့မှုမရှိစေရေးအတွက် ယာဉ်လမ်းရှင်းလင်းရေးကို သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းတွေ၊ နယ်မြေခံရဲတပ်ဖွဲ့ဝင်တွေ၊ (NGO) အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီး ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

သင်္ကြန်ပွဲတော်ကာလမတိုင်မီ နှစ်ပတ်ခန့်အလိုကစပြီး စည်းကမ်းဖောက်ဖျက်တဲ့ယာဉ်တွေကို စစ်ဆေးအရေးယူသွားမှာဖြစ်ပါတယ်။ အထူးသဖြင့် စည်းကမ်းဖောက်ဖျက်ပြီး အိတ်ဇောဖွင့်မောင်းနှင်ခြင်း၊ အရှိန်ပြင်းမောင်းနှင်ခြင်း၊ ဦးထုပ်မဆောင်းခြင်း၊ နှစ်ဦးထက်ပိုတင်ခြင်း၊ မီးနီဖြတ်မောင်းခြင်းစတဲ့ ယာဉ်များကို အရှိန်အဟုန်တိုးမြှင့် စစ်ဆေးအရေးယူသွားမှာ ဖြစ်ပါတယ်။ သတိပေးနှိုးဆော်တဲ့စာတွေကိုလည်း သတင်းစာတွေမှာ ထည့်သွင်းပြီး သတိပေးကြေညာသွားမှာ ဖြစ်ပါတယ်။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဆွေးနွေးမှု၊ ဟောပြောမှုတွေကိုလည်း သင်္ကြန်မတိုင်ခင် တစ်လခန့်အလိုကစပြီး ဆောင်ရွက်လျက်ရှိပါတယ်။

## ထူးခြားသည့် နေ့အပူချိန်များ

**နေပြည်တော် မေ ၅**

ထူးခြားသည့်နေ့အပူချိန်များမှာ ဘော်လခဲမြို့နှင့်သိမ်ဇရပ်မြို့တို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်စီနှင့်ဖောင်းတူမြို့၊ ရွှေကျင်မြို့၊ ညောင်လေးပင်မြို့၊ မြဝတီမြို့နှင့် မော်လမြိုင်မြို့တို့တွင် ၃၉ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ပလက်ဝမြို့တွင် ၁ ဒသမ ၁၄ လက်မ၊ တမူးမြို့တွင် ၀ ဒသမ ၇၉ လက်မ၊ မြိတ်မြို့တွင်၀ ဒသမ ၅၅လက်မ၊ တီးတိန်မြို့တွင် ၀ ဒသမ ၄၃လက်မ၊ မိုင်းဆက်မြို့နှင့်မော်လိုက်မြို့တို့တွင် ၀ ဒသမ ၃၉ လက်မစီ၊ ပူတာအိုမြို့နှင့် ကျောက်တော်မြို့တို့တွင် ၀ ဒသမ ၃၂ လက်မစီ၊ မချမ်းဘောမြို့နှင့် ကလေးမြို့တို့တွင် ၀ ဒသမ ၂၈ လက်မစီတို့ ဖြစ်ကြသည်။ (မိုး/၉လ)

❄ ကျောဖုံးမှ

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးသည် မဖြစ်မနေဆောင်ရွက်ရမည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ကြောင်း၊ ပုဂ္ဂလိက ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး မူဘောင်ဆိုရာတွင် ပုဂ္ဂလိကကဏ္ဍသည် အလွန်ကျယ်ပြန့်သည့်အတွက် လုပ်ငန်းနယ်ပယ်အားလုံးကို တစ်ပြိုင်တည်း ထည့်သွင်းရေးဆွဲဆောင်ရွက်ခြင်းမပြုနိုင်ဘဲ အများသဘောတူညီနိုင်ပြီးသည့် အရေးကြီးဆုံးမဏ္ဍိုင် (၅)ရပ်ကိုသာ မူဘောင်၏ ပထမအကြိမ် ငါးနှစ်စီမံကိန်းတွင် ထည့်သွင်းနိုင်ပါကြောင်း၊ အဆိုပါ မဏ္ဍိုင် (၅) ရပ်မှာ ဥပဒေနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာဝန်းကျင် တိုးတက်ကောင်းမွန်စေရေး မဏ္ဍိုင်၊ ငွေကြေးရရှိစေနိုင်မှုဆိုင်ရာများ ဆောင်ရွက်ရေးမဏ္ဍိုင်၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို အားပေးမြှင့်တင်ရေးမဏ္ဍိုင်၊ စီးပွားရေးနှင့် ဝန်ဆောင်မှုဆိုင်ရာလုပ်ငန်းများတွင် နိုင်ငံတော်၏ အခန်းကဏ္ဍအား ပြန်လည်ရေးဆွဲရေး မဏ္ဍိုင်နှင့် အခြေခံလူသားအရင်းအမြစ်တည်ဆောက်ရေးမဏ္ဍိုင်တို့ ဖြစ်ပါကြောင်း၊ ထပ်မံဖြည့်စွက်ထည့်သွင်းပေးရန် တောင်းဆိုတင်ပြကြသည်များကိုလည်း စဉ်းစားဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့အပြင် ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် လစဉ်ပုံမှန်တွေ့ဆုံပြီး ကဏ္ဍအလိုက်ရွေးချယ်စုစည်းထားသည့် လုပ်ငန်းရှင်များ၏ အခက်အခဲများကို ကြားနာဖြေရှင်းပေးလျက်ရှိပါကြောင်း၊ အစိုးရပိုင်းအနေဖြင့် ဆောင်ရွက်ပေးရမည့် အချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပြီး ကာလတို၊ ကာလရှည်ဆောင်ရွက်ရမည့် အချက်များကို သက်ဆိုင်ရာလုပ်ငန်းကော်မတီများက စနစ်တကျ မှတ်တမ်းတင်ပြီး တစိုက်မတ်မတ် လေ့လာညှိနှိုင်းဖြေရှင်းပေးသွားမည် ဖြစ်ကြောင်း၊ လုပ်ငန်းစီမံချက်တွင်ပါရှိသည့် ကာလတို၊ ကာလရှည် ဦးစားပေးလုပ်ငန်းများကို အချိန်ဇယားရေးဆွဲပြီး လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ စီမံချက်ကို အကောင်အထည်ဖော်မည့်ကာလသည် ငါးနှစ်တာ အချိန်ဇယား ရေးဆွဲပြုစုထားခြင်းဖြစ်သည့်အတွက် နှစ်အလိုက်ဆောင်ရွက်ရမည့် ဦးစားပေးလုပ်ငန်းများကို လျာထားဖော်ထုတ် ပေါင်းစပ်ညှိနှိုင်းမှုများ ဆောင်ရွက်သွားစေလိုပါကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲတွင် ဆွေးနွေးဖက်အလှူရှင်များကို ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက်များကို ရှင်းလင်းသွားမည်ဖြစ်သကဲ့သို့ ပုဂ္ဂလိကပိုင်းပါဝင်ရမည့် အခန်းကဏ္ဍနှင့် အလှူရှင်များ ပါဝင်ကူညီနိုင်မည့်နယ်ပယ်များကို ညှိနှိုင်းဖော်ထုတ်ကြရမည်ဖြစ်ပါကြောင်း ဒုတိယသမ္မတက ပြောကြားသည်။

ဆက်လက်၍ ဒုတိယပိုင်းအနေဖြင့် ကော်မတီဝင်များကို မူဘောင်နှင့် လုပ်ငန်းစီမံချက်များအကြောင်း ပိုမိုကျယ်ပြန့်စွာ နားလည်သဘောပေါက်ပြီး အကောင်အထည်ဖော်နိုင်ရေးအတွက် ရှင်းလင်းညှိနှိုင်းဆွေးနွေး၍ အမြင်ချင်းဖလှယ်ကြရမည်ဖြစ်သကဲ့သို့ ပိုမိုထိရောက်စွာ ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းစဉ်တစ်ရပ် ပေါ်ပေါက်ရေးနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ညှိနှိုင်းကြမည်ဖြစ်ပြီး အနာဂတ် လုပ်ငန်းစဉ်များအတွက် ကြီးမားစွာ အထောက်အကူပြုမည်ဟု ယုံကြည်ပါကြောင်း ၊ စနစ်တကျရေးဆွဲထားသည့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး မူဘောင်နှင့် လုပ်ငန်းစီမံချက်များကို ဖွဲ့စည်းထားသည့် လုပ်ငန်းကော်မတီများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များ၊ အထောက်အပံ့ပြုမည့် အဖွဲ့အစည်းများသည် တက်ညီလက်ညီ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ကြမည် ဆိုပါက တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အလွန်အရေးကြီးသည့် ခြေလှမ်းသစ်တစ်ရပ်ကို အောင်မြင်စွာ တက်လှမ်းနိုင်မည်ဖြစ်ပြီး ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ တိုင်းပြည်စီးပွားရေးပါ သိသာစွာ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု မိတ်ဖက်အဖွဲ့အစည်းဖြစ်သော Da Na Facility မှ အဖွဲ့ခေါင်းဆောင် Mr. Peter Brimble က ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး မူဘောင်နှင့် လုပ်ငန်းစီမံချက်ဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီ တွဲဖက်အတွင်းရေးမှူး မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးက ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး မူဘောင်နှင့် လုပ်ငန်းစီမံချက်ဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာ့စီးပွားရေးဖိုရမ်နှင့် စွန့်ဦးတီထွင် လူငယ်လုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် အသီးသီး ရှင်းလင်းဆွေးနွေးကြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး မူဘောင်နှင့် လုပ်ငန်းစီမံချက်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲအပေါ် အကူအညီထောက်ပံ့ပေးမှုနှင့် ပတ်သက်သည့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ၏ အခန်းကဏ္ဍ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ ဝန်းကျင် တိုးတက်ကောင်းမွန်စေရေးကဏ္ဍ၊ ငွေကြေးရရှိစေနိုင်မှုဆိုင်ရာများ ဆောင်ရွက်ရေးကဏ္ဍ၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို အားပေးမြှင့်တင်ရေးကဏ္ဍ၊ စီးပွားရေးနှင့် ဝန်ဆောင်မှုဆိုင်ရာလုပ်ငန်းများတွင် နိုင်ငံတော်၏ အခန်းကဏ္ဍအား ပြန်လည်ရေးဆွဲရေးကဏ္ဍနှင့် အခြေခံလူသားအရင်းအမြစ် တည်ဆောက်ရေးကဏ္ဍများကို ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ ကော်မတီဝင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ဦးသိန်းဆွေ၊ ဦးခင်မောင်ချို၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးနှင့် ဒုတိယဝန်ကြီးများဖြစ်သော ဒေါက်တာထွန်းနိုင်၊ ဦးဝင်းမော်ထွန်း၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဝင်များ၊ စွန့်ဦးတီထွင်လုပ်ငန်းရှင်များ အသင်းဝင်များ၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ကူညီထောက်ပံ့ပေးလျက်ရှိသည့် နိုင်ငံတကာအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# လာမည့်မေလအတွင်း မောင်တောမြို့ပေါ်၌ အင်တာနက်လိုင်းများ ကောင်းမွန်စွာအသုံးပြုနိုင်တော့မည်



**မောင်တော ဧပြီ ၅**

မိုဘိုင်းဖုန်းသုံးစွဲသူများ တစ်စထက်တစ်စ များပြားလာမှုကြောင့် မောင်တောမြို့ပေါ်၌ လက်ရှိကာလတွင် အင်တာနက်သုံးစွဲမှု အဆင်မပြေဖြစ်နေရပြီး လာမည့်မေလအတွင်း ယင်းပြဿနာကို ဖြေရှင်းပေးနိုင်တော့မည်ဖြစ်ကြောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(မောင်တော)မှ သိရသည်။

"မောင်တောမြို့ပေါ်မှာက GSM တာဝါတိုင်တစ်ခုပဲ ရှိပါတယ်။ သုံးစွဲသူအရေအတွက်က များလာတော့ အင်တာနက်လိုင်းက သုံးရတာအဆင်မပြေဘူး ဖြစ်လာတယ်။ အခုနှစ် ဖေဖော်ဝါရီ ဒုတိယပတ်ကစပြီး မောင်နီကျေးရွာ၊ ရွှေစားကျေးရွာနဲ့ မြို့မအရှေ့ရပ်ကွက်တွေမှာ GSM တာဝါတိုင်တစ်ခုစီ တည်ဆောက်နေပါတယ်။ လုပ်ငန်းတွေ အပြီးသတ်ပြီးရင်တော့ လာမယ့်မေလအတွင်း အင်တာနက်ကို လိုင်းကောင်းကောင်းနဲ့ ၂၄ နာရီ အသုံးပြုနိုင်တော့မှာပါ"ဟု မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (မောင်တော)မှ တာဝန်ခံ ဦးအောင်ဇော်က ပြောသည်။

မောင်နီရွာနှင့် ရွှေစားရွာတို့တွင် တာဝါတိုင်များ တည်ဆောက်ပြီးစီးနေပြီဖြစ်ပြီး စက်တပ်ဆင်ရန်သာ ကျန်ရှိတော့ကြောင်း၊ မြို့မအရှေ့ရပ်ကွက်ရှိ တာဝါတိုင်ကိုလည်း သတ်မှတ်ကာလအတွင်း ပြီးစီးရန် ကြိုးပမ်းဆောင်ရွက်လျက် ရှိကြောင်း၊ အဆိုပါ တာဝါတိုင်သုံးခုကို မေလအတွင်း စတင်အသုံးပြုနိုင်ရန် ရည်ရွယ်ထားကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

"အရင်ကတော့ အင်တာနက်လိုင်း သုံးရတာ အဆင်ပြေပါတယ်။ ဒီလောက်တော့ မဆိုးပါဘူး။ အခုနောက်ပိုင်းကျတော့ လိုင်းသုံးချင်ရင် မနက် ၃ နာရီ၊ ၄ နာရီလောက်စောစောထသုံးမှ အဆင်ပြေတာ။ အဲဒီအချိန်က သုံးတဲ့သူနည်းတော့ လိုင်းမကျပ်ဘူး။ နေ့လယ်ပိုင်းမှာက သုံးရတာ အဆင်ပြေမှုမရှိပါဘူး။ မိလိုက် မမိလိုက် ဖြစ်နေတယ်။ တာဝါတိုင်တွေ တိုးချဲ့ တည်ဆောက်မယ်ဆိုရင်တော့ အဆင်ပြေသွားမယ်လို့ ထင်ပါတယ်"ဟု မောင်တောဒေသခံ ကိုလှမြင့်က ပြောသည်။

လက်ရှိ အသုံးပြုနေသည့် မောင်တောမြို့ပေါ်မှတာဝါတိုင်ကို ၂၀၁၁ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၂ ခုနှစ်တွင် စတင်အသုံးပြုခဲ့သည်ဟု သိရသည်။

စစ်တွေမြို့ပြီးလျှင် ဘူးသီးတောင်နှင့် မောင်တောမြို့တို့မှာ အင်တာနက်အသုံးပြုမှု အများဆုံးဖြစ်ကြောင်း စစ်တွေမြို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ခံတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

**သတင်းနှင့် ဓာတ်ပုံ - ရာမည၊ တင်စိုး**

# သင်္ကြန်အကြို ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေး

**သထုံ ဧပြီ ၅**

မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဘိုဘိုဦး၏ လမ်းညွှန်ချက်၊ သထုံခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး နန္ဒဝင်း၏ အကောင်အထည်မှုဖြင့် သင်္ကြန်အကြိုကာလ၌ ယာဉ်အန္တရာယ်ကင်းရှင်းစေရန်နှင့် ယာဉ်တိုက်မှုလျော့နည်းကျဆင်းရေးအတွက် သထုံမြို့နယ်ရဲတပ်ဖွဲ့ မှူး ရဲမှူး ကျော်မင်း ဦးဆောင်ပြီး အမှတ်(၇၈) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူးရုံးမှ တပ်ဖွဲ့ဝင်များ၊ သိမ်ဆိပ်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအဖွဲ့ဝင်များသည် ယနေ့နံနက် ၉ နာရီခွဲမှစတင်ပြီး သုဝဏ္ဏဝတီမြို့ သိမ်ဆိပ်ရပ်ကွက် ဘီအိုစီလမ်းဆုံ၌ မော်တော်ယာဉ် ၁၈၇ စီးအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ မောင်းနှင်ဆောင်ရွက်ရန်နှင့် "ဆိုင်ကယ်စီးလျှင် ဦးထုပ်ဆောင်းပါ" စတေကာများကပ်ပေး၍ ပညာပေးဆောင်ရွက်ခဲ့သည်။

အဆိုပါအဖွဲ့သည် အသိပညာပေးခြင်းအပြင် ပြည်ထောင်စုလမ်းမပေါ်ရှိ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာမှုမရှိသော ဘေးတွဲဆိုင်ကယ် ၁၃ စီး၊ ဆိုင်ကယ်အိတ်ဇောဖြုတ် လေးစီး၊ ဆိုင်ကယ်ဦးထုပ်မဆောင်းသည့် ဆိုင်ကယ် ၁၄ စီးတို့ကို ဖမ်းဆီးအရေးယူဆောင်ရွက်ခဲ့ပြီး ပညာပေးမှုနှင့် အရေးယူမှုများကို တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**နန္ဒကျော်စွာ**



● ကျောဖုံးမှ

လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး တင်အောင်ထွန်းက ပြောကြားသည်။

ယနေ့ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့တွင် ကိုကိုးကျွန်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝင်း၏ တိုင်းဒေသကြီးအတွင်းရှိ ကျူးကျော်များအား မည်သည့်အချိန်ကာလတွင် နေရာချထားပေးမည်ကို သိလိုပါကြောင်း၊ နေရာချထားပေးမည်ဆိုပါက အငှားစနစ်(သို့မဟုတ်) အရစ်ကျငွေချေစနစ် မည့်သည့်စနစ်ဖြင့် ဆောင်ရွက်ပေးမည်ဆိုသည်ကို သိလိုပါကြောင်း မေးမြန်းမှုနှင့် ပတ်သက်၍ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက အထက်ပါအတိုင်း ပြန်လည်ဖြေကြားခဲ့ခြင်း ဖြစ်သည်။

"အရင် အစိုးရလက်ထက်ကလည်း ကျူးကျော်တွေနဲ့ ပတ်သက်ပြီး အကောင်အထည်ဖော်ခဲ့တာတွေရှိသလို လက်ရှိအစိုးရသစ် လက်ထက်မှာလည်း ဒီကျူးကျော်တွေကို ရှင်းလင်းဖို့ စီမံဆောင်ရွက်လျက်ရှိပါတယ်။ ဘယ်လိုစီမံဆောင်ရွက်မယ်ဆိုတာလည်း မေလမှာ သတင်းစာရှင်းလင်းပွဲလုပ်ပြီး ပြည်သူတွေကို အသိပေးကြေညာသွားမှာပါ။ စာရင်းစတင်ကောက်ယူတဲ့ အချိန်မှာတော့ ခုနက လွှတ်တော်ကိုယ်စားလှယ်ပြောသလိုပဲ တစ်သိန်းကျော် ရှိပါတယ်။ ဒါက ငယ်စာရင်းပါ။ အစိုးရသစ်လက်ထက် ၂၀၁၆ ခုနှစ် မေလမှာ ကျူးကျော်တွေကို စာရင်းကောက်ဖို့ အဖွဲ့တွေ ဖွဲ့ခဲ့ပါတယ်။ ကျွမ်းကျင်ပညာရှင်တွေနဲ့ ဘက်ပေါင်းစုံက အဖွဲ့တွေဖွဲ့ပြီးတော့မှ ၂၀၁၆ ခုနှစ် စက်တင်ဘာလဆန်းပိုင်းမှာ ကျူးကျော်စာရင်း စတင်ကောက်ခံခဲ့ပါတယ်။ တစ်မြို့နယ်ပြီး တစ်မြို့နယ် စဉ်ဆက်မပြတ် ကောက်သွားမှာ ဖြစ်ပါတယ်။ အမှန်တကယ်ကျူးကျော်မဟုတ်ရင် ဥပဒေအတိုင်း အရေးယူသွားမှာဖြစ်ပြီး အမှန်တကယ်မြေယာမရှိတဲ့ ကျူးကျော်တွေကိုတော့ ရသင့်ရထိုက်တဲ့ အခွင့်အရေးကို ရရှိအောင် စီမံဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး တင်အောင်ထွန်းက ပြောသည်။

တိုင်းဒေသကြီး အစိုးရသည် တိုင်းဒေသကြီးအတွင်း ကျူးကျော်စာရင်းများကောက်ယူရန်အတွက် ပြီးခဲ့သည့် ၂၀၁၆ ခုနှစ် မေလတွင် ကျွမ်းကျင်ပညာရှင်များ၊ ဝန်ထမ်းများ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ တာဝန်ရှိသူများ စသည်ဖြင့် ဘက်ပေါင်းစုံမှ ပါဝင်သော ကျူးကျော်စာရင်း ကောက်ယူစိစစ်ရေးအဖွဲ့ကို ဖွဲ့စည်းခဲ့ပြီး နိုဝင်ဘာလတွင် စာရင်းကောက်ယူမှု လုပ်ငန်းစဉ်များကို စတင်ဆောင်ရွက်ခဲ့သည်။ ယခုအခါ တောင်ဒဂုံ၊ မြောက်ဒဂုံ၊ ဒဂုံဆိပ်ကမ်း၊ မြောက်ဥက္ကလာ၊ သာကေတ၊ သန်လျင်၊ ကျောက်တန်း စသည်ဖြင့် မြို့နယ် ၁၃ မြို့နယ်တွင် အိမ်ထောင်စုစာရင်း ၇၉၂၄၆ ဦးကို ကောက်ယူနိုင်ခဲ့ပြီး လတ်တလောတွင်လည်း ဒလ၊ မရမ်းကုန်းမြို့နယ်တွင်းရှိ ကျူးကျော်များကို ဆက်လက်ကောက်ခံလျက်ရှိသည်။

လှိုင်သာယာ၊ ရွှေပြည်သာ၊ အလုံနှင့် ကျန်မြို့နယ်များအတွင်းရှိ ကျူးကျော်များကို ဆက်လက်ကောက်ခံသွားမည်ဖြစ်ပြီး ယခုအခါ စာရင်းကောက်ယူမှု အနေဖြင့် ကနဦးစာရင်းနှင့် နှိုင်းယှဉ်လျှင် ၇၀ ဒသမ ၅၄ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်သည်။ ကျူးကျော်စာရင်းများ အားလုံး ကောက်ယူပြီးစီးပါက စိစစ်ရေးအဖွဲ့အနေဖြင့် မှန်ကန်မှု ရှိ/ မရှိ ကွဲပြားအောင် လုပ်ဆောင်ပေးသွားမည်ဖြစ်၍ အမှန်တကယ် ကျူးကျော်မဟုတ်ခဲ့လျှင် ဥပဒေအတိုင်း ထိရောက်စွာအရေးယူသွားမည်ဖြစ်ပြီး အမှန်တကယ်မြေယာမရှိသည့် ကျူးကျော်များကို ရသင့်ရထိုက်သည့် အခွင့်အရေးများ ရရှိအောင် စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုအခါ တိုင်းဒေသကြီး အစိုးရအနေဖြင့် အမှန်တကယ် မြေယာမရှိ ကျူးကျော်များ အဆင့်တစ်ခုအနေဖြင့် ရပ်တည်နိုင်ရန် နေရာထိုင်ခင်းအတွက် သင့်တင့်လျောက်ပတ်သော အခန်းများကို တည်ဆောက်အကောင်အထည်ဖော်လျက်ရှိပြီး ကျူးကျော်စာရင်း ထွက်ပေါ်လာပါက အခန်းအရေအတွက်အပေါ် မူတည်ပြီး တန်ဖိုး၊ လက်ရှိပေးသွင်းနိုင်မှု အခြေအနေ စသည့်အချက်များအပေါ် မူတည်ကာ ပြန်လည်စိစစ်ပြီး လုပ်ဆောင်ရာတွင်လည်း ပြည်သူကို အသိပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယနေ့ကျင်းပသော တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးတွင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ပြန်လည်ဖြေကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

# လေဘေးသင့်ပြည်သူများအား ထောက်ပံ့ရေးပစ္စည်းများပေးအပ်

**ကောလင်း ဧပြီ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ မတ် ၂၅ ရက် ညနေ ၆နာရီခွဲတွင် လေပြင်းတိုက်ခတ်ခဲ့၍ ပျက်စီးသွားသော ကျေးရွာအုပ်စု ရှစ်အုပ်စုမှ အိမ်ထောင်စု ၁၉ စုအား ထောက်ပံ့ရေးပစ္စည်းနှင့် ထောက်ပံ့ငွေကျပ်သုံးသိန်း နှစ်သောင်း ပေးအပ်ပွဲကို ဧပြီ ၅ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဇာတိမာန်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းက အမှာစကားပြောကြားကာ သက်ဆိုင်ရာတာဝန်ရှိသူများက လေဘေးသင့်ပြည်သူများအား ထောက်ပံ့ရေးပစ္စည်းများနှင့် ထောက်ပံ့ငွေများပေးအပ်ပြီး လူမှုရေးဝန်ကြီးက လေဘေးသင့်ပြည်သူများအား တွေ့ဆုံ၍ အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ကုန်စည်များ လွယ်ကူလျင်မြန်ချောမွေ့စွာ စီးဆင်းနိုင်ရေး ဖွင့်လှစ်ပြီးခဲ့သည့် အိန္ဒြ-ဇာသပြင်လမ်း

**ဘားအံ မေ ၅**

ကရင်ပြည်နယ်အတွင်း ငြိမ်းချမ်းရေးဖြစ်တည်တိုးတက်လာသည်နှင့်အမျှ နိုင်ငံတော်မှ လမ်းတံတားအခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်စဉ် ရန်ပုံငွေများခွင့်ပြုချမှတ်ပေးပြီး အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိရာ ပြည်နယ်အစိုးရအဖွဲ့၏ တစ်နှစ်ပြည့်အထိမ်းအမှတ်အနေဖြင့် ဘားအံ-ကော့ကရိတ်-မြဝတီအာရှလမ်း၊ ဇာသပြင်-ကျုံဖဲ-ကျားကလေးလမ်းတို့နှင့် ချိတ်ဆက်သွားလာနိုင်သော နိုင်ငံတကာဆက်သွယ်ရေးလမ်းဖြစ်သည့် အိန္ဒြ-ဇာသပြင်လမ်းကို ကတ္တရာကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်၍ မတ် ၃၀ ရက်က ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်သည်။

အိန္ဒြ-ဇာသပြင်လမ်းကို လမ်းဦးစီးဌာန၊ ကရင်ပြည်နယ်၊ ဘားအံခရိုင်မှ တာဝန်ယူတည်ဆောက်၍ ၂၄ ဒသမ ၁၄ ကီလိုမီတာရှိပြီး နိုင်ငံတကာဆက်သွယ်ရေးလမ်းမကြီးဖြစ်သည်နှင့်အညီ ယခင် ၁၂ ပေ အကျယ်ရိုးရိုးကတ္တရာလမ်းမှ လမ်းပျက်စီးမှုများဖြစ်ပေါ်ခဲ့ရာ ယာဉ်ကြီးယာဉ်ငယ်များ အချိန်တိုအတွင်း အန္တရာယ်ကင်းစွာ သွားလာနိုင်ရေးအတွက် ယခုအစိုးရသစ်၏ ပထမတစ်နှစ်တာကာလ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၂၄ ပေ အကျယ်ထုနှစ်လက်မရှိ ကတ္တရာကွန်ကရစ်လမ်းအဖြစ်သို့ အဆင့်မြှင့်တင်ဆောင်ရွက် ခဲ့ခြင်းဖြစ်ကာ ဘားအံခရိုင် လမ်းဦးစီးဌာနမှ လမ်းအရှည် ၁၁ ဒသမ ၆ ကီလိုမီတာ အား ပြည်ထောင်စု/ပြည်နယ် ရန်ပုံငွေကျပ် ၃၀၈၉ ဒသမ ၈၆ သန်းဖြင့်လည်းကောင်း၊ ကျန်လမ်းအရှည် ၉ ဒသမ ၆ ကီလိုမီတာအား ချစ်လင်းမြိုင်ကုမ္ပဏီမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် လျာထားရန်ပုံငွေကျပ် ၅၁၅၂ သန်းအား ကြိုတင်စိုက်ထုတ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဘားအံ-ကော့ကရိတ်-မြဝတီ ကုန်သွယ်ရေးလမ်းကြောင်းတစ်လျှောက် စီးဆင်းလာသောကုန်စည်များသည် အိန္ဒြ-ဇာသပြင်လမ်းမှတစ်ဆင့် မော်လမြိုင်-မုတ္တမ-သထုံ-ရန်ကုန် အစရှိသည့် အာရှလမ်းမကြီးတစ်လျှောက် စီးဆင်းသွားလာနိုင်မည်ဖြစ်သည်။

အဆိုပါ လမ်းဖွင့်ပွဲသို့ ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်တို့ တက်ရောက်အမှာစကားပြောကြားခဲ့ကာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ကတ္တရာကွန်ကရစ်လမ်းပေါ်မှ ဖြတ်သန်းကြည့်ရှုခဲ့ကြောင်း သိရသည်။



အိန္ဒြ-ဇာသပြင်လမ်းသည် နေ့စဉ်ပျမ်းမျှ မော်တော်ယာဉ်အစီးရေ ၅၀၀ ခန့် ဖြတ်သန်းသွားလာလျက်ရှိပြီး (ယာဉ်+ကုန်အလေးချိန်) ကုန်ကားကြီးများ၏ စံဝင်ရိုးအလေးချိန်ကို ၁၀ တန် သတ်မှတ်ပေးထားကြောင်းယခင်က ထိုလမ်းပေါ်တွင် ကုန်တင်ကားများသည် သတ်မှတ်ကုန်တန်ချိန်ထက် အဆမတန် ပိုမိုတင်ဆောင်မောင်းနှင်ကြသည့်အတွက် လမ်းပျက်စီးခြင်းများဖြစ်ပေါ်ရကြောင်း၊ ထို့ကြောင့် အိန္ဒြ-ဇာသပြင် ကတ္တရာကွန်ကရစ်လမ်း ရေရှည်အသုံးပြုနိုင်စေရန်နှင့် တန်ပိုယာဉ်များကို ထိန်းသိမ်းနိုင်ရန် Check Point များထားရှိ၍ လမ်းဦးစီးဌာန၊ ပြည်နယ်အနေဖြင့် သက်ဆိုင်ရာအဖွဲ့အစည်း၊ ဒေသခံရပ်မိရပ်ဖများနှင့်ပူးပေါင်းကာ တန်ပိုယာဉ်ထိန်းသိမ်းတားဆီးရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဒေသခံတိုင်းရင်းသားပြည်သူများကလည်း မိမိပိုင်လမ်းကဲ့သို့ သဘောထား၍ ဝိုင်းဝန်းကူညီ ထိန်းသိမ်းပေးရန် လိုအပ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ပြည်တွင်းပြည်ပဥပဒေပညာရှင်များ အတွေ့အကြုံဖလှယ်ခြင်းနှင့် အသိပညာဖြန့်ဝေခြင်းဆွေးနွေး




**နေပြည်တော် မေ ၅**

ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ဆွစ်ဇာလန်နိုင်ငံ သံရုံးတို့ကြား ပူးပေါင်းကျင်းပသည့် ဥပဒေအတွေ့အကြုံဖလှယ်ခြင်းနှင့် ဥပဒေအသိပညာဖြန့်ဝေခြင်း ဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ဟိုတယ်ဇုန်ရှိ Horizon Lake View Resort အင်ကြင်းခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်သံအမတ်ကြီး H.E. Mr.Paul Seger က မြန်မာနိုင်ငံ၏ ဒီမိုကရေစီနိုင်ငံတော်အဖြစ် ပြုပြင်ပြောင်းလဲရာတွင် အဟန့်အတားဖြစ်စေသော အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် အနာဂတ်တွင် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေသောတရားမဝင်နည်းလမ်းဖြင့်ရရှိသည့် ငွေကြေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများနှင့် ချမ်းသာကြွယ်ဝလာမှုကို ကာကွယ်တားဆီးတိုက်ဖျက်ရန်အတွက် ပြုလုပ်ပေးရခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုရှေ့နေချုပ်ရုံး ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီတာဦးက အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် တရားမဝင်သောနည်းလမ်းဖြင့် ရရှိသောငွေရေးကြေးရေးနှင့် ပစ္စည်းများကို ပြန်လည်ရယူခြင်းနှင့် တားဆီးခြင်းဆိုင်ရာ အပြည်ပြည်ဆိုင်ရာဥပဒေပြဋ္ဌာန်းချက်များ အတွေ့အကြုံများရယူ၍ နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာမှုနှင့် တရားမဝင် ငွေကြေးစီးဆင်းမှုတို့ကို ဥပဒေနှင့်အညီ တားဆီးကာကွယ်တိုက်ဖျက်နိုင်မည်ဖြစ်ပါကြောင်း၊ အဆိုပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ ယခုဆွေးနွေးပွဲမှ အတွေ့အကြုံများဖြင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့်အတူ လက်တွဲဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း ပြောကြားသည်။ **(ဝဲပုံ)**

အစီအစဉ်အတိုင်း ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များက မြန်မာနိုင်ငံ၏ လက်ရှိတည်ဆဲဥပဒေပြဋ္ဌာန်းချက်များ လက်တွေ့ကျင့်သုံးဆောင်ရွက်နေမှုများ၊ လိုအပ်ချက်များ စိန်ခေါ်မှုအား ဆွေးနွေးပြောကြားပြီးနောက် World Bank၊ UNODC အဖွဲ့အစည်းများမှ ဥပဒေပညာရှင်များနှင့် ဆွစ်ဇာလန်သံအမတ်ကြီး Mr.Paul တို့က ဥပဒေအတွေ့အကြုံများကို ရှင်းလင်းဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရန်ကုန်လေဆိပ်သို့ ၂၂ ခု မြောက် နိုင်ငံတကာလေကြောင်းလိုင်းပြေးဆွဲ

**ရန်ကုန် မေ ၅**

မလေးရှားနိုင်ငံ အခြေစိုက်လေကြောင်းလိုင်းတစ်ခုဖြစ်သည့် Malindo Air လေကြောင်းလိုင်းသည် ရန်ကုန်-ကွာလာလမ်ပူခရီးစဉ်သစ်ကို မေ ၃ ရက်က စတင်ပျံသန်းခဲ့ရာ အပြည်ပြည်ဆိုင်ရာရန်ကုန်လေဆိပ်သို့ ၂၂ ခုမြောက် ပျံသန်းပြေးဆွဲသော နိုင်ငံတကာလေကြောင်းလိုင်းဖြစ်လာကြောင်း သိရသည်။ "ကျွန်တော်တို့ ဒီလေကြောင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ နောက်ဆုံးပြေးဆွဲတဲ့ နိုင်ငံတကာလေကြောင်းလိုင်း ဖြစ်ပါတယ်။ မကြာမီ ဒီလေကြောင်းလိုင်းက မန္တလေးနဲ့ နေပြည်တော်လေဆိပ်တွေကို တိုးချဲ့ပြေးဆွဲပေးနိုင်ဖို့ မျှော်လင့်ပါတယ်။ အာဆီယံလေကြောင်းသဘောတူညီချက်အရ ဒီလေကြောင်းလိုင်းက အာဆီယံမြို့ကြီးတွေနဲ့ ပိုမိုချိတ်ဆက်ပေးနိုင်ပါလိမ့်မယ်။ မြန်မာနိုင်ငံရဲ့ခရီးသွားလာရေးကိုလည်း အထောက်အကူပြုလာနိုင်မှာ ဖြစ်ပါတယ်" ဟု လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်ထွန်းက မေ ၃ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ပြုလုပ်သော အဆိုပါလေကြောင်းလိုင်းသစ် ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည်။

အဆိုပါလေကြောင်းလိုင်းသည် ရန်ကုန်မြို့နှင့် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့အကြား သီတင်းတစ်ပတ်လျှင် လေးကြိမ် တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာနှင့် တနင်္ဂနွေနေ့များတွင် ပျံသန်းပြေးဆွဲသွားမည်ဖြစ်ကြောင်း၊ ယင်းလေကြောင်းလိုင်းသည် ရန်ကုန်လေဆိပ်သို့ ၁၅ နိုင်ငံမြောက် နိုင်ငံတကာလေကြောင်းလိုင်းအဖြစ် ပြေးဆွဲပျံသန်းခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံနှင့် မလေးရှားနိုင်ငံတို့အကြား ခရီးသွားလာမှုတိုးပွားလာရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

**မြင့်မောင်စိုး**

# ဆေးရည်စိမ်ခြင်ထောင် အခမဲ့ဖြန့်ဝေ

**နေပြည်တော် မေ ၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဇေယျာသီရိမြို့နယ်ပြည်စံအောင်ကျေးလက်ကျန်းမာရေးဌာနမှ ကျန်းမာရေးမှူး ဦးကျော်မင်း ဦးဆောင်၍ ခြင်ကြောင့်ဖြစ်သော ကူးစက်ရောဂါများအား ကာကွယ်ရေးအတွက် တာရှည်ခံဆေးရည်စိမ်ခြင်ထောင်အလုံး ၇၀၀ ကို မေ ၅ ရက်က ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း (နေပြည်တော်)ရှိ မြန်မာ့အလင်း၊ ကြေးမုံသတင်းစာတိုက်နှင့် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန(နေပြည်တော်)တို့မှ ဝန်ထမ်းများအား အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ဟိန်းထက်ဇော်(မြန်မာ့အလင်း)**

**ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့**

# နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည်များ သန်လျင်မြို့တွင်းသို့ ဝင်ရောက်လေ့လာမှု များပြားလာ



**ရန်ကုန် မေ ၅**

မြန်မာနိုင်ငံအတွင်းသို့ နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည်များ ဝင်ရောက်လေ့လာလျက်ရှိရာ သန်လျင်မြို့ မြို့မတောင်ရပ်ကွက် သတိပဋ္ဌာန်လမ်းမတွင် မေ ၅ ရက် နံနက် ၉ နာရီက နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည်များ အနေးယာဉ်ဆိုက်ကားများစီးကာ လေ့လာနေကြသည်ကို တွေ့မြင်ရသည်။

ရာဇဝင်မြို့လေးဟု တင်စားခေါ်ရသော အနိမ့်အမြင့်လမ်းလေးများဖြင့် အေးချမ်းလှသည့် သန်လျင်မြို့သည် ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ လမ်းများတိုးချဲ့ကောင်းမွန်လာသဖြင့် ဒေသတွင်းခရီးသွားများနှင့် နိုင်ငံခြားသားခရီးသွားများ ပိုမိုဝင်ရောက်လေ့လာမှုများပြားလာသည်ကို တွေ့မြင်ရသည်။

ယခုကဲ့သို့ သန်လျင်မြို့တွင်းသို့ ပြည်တွင်းပြည်ပ နိုင်ငံခြားသားခရီးသွားများ လာရောက်လေ့လာမှုကြောင့် ဒေသခံဈေးသည်များ၊ အနေးယာဉ်ဆိုက်ကားလုပ်သားကြီးများ၊ မြင်းလှည်းမောင်းလုပ်သားကြီးများ ဝင်ငွေများရရှိကြကြောင်း သိရသည်။

**သက်ခိုင် (သန်လျင်)**

# သီတဂူမြင့်မိုရ်စံ စက္ခုဒါနဆေးရုံတော်ကြီးဖွင့်ပွဲကျင်းပ

**မကွေး မေ ၅**

မကွေးတိုင်းဒေသကြီး မကွေးမြို့ ဈေးလယ်စိုးရပ်ကွက် မဟာဝိသုတာရာမတိုက်သစ် လေးထပ်ကျောင်းတိုက်အတွင်း တည်ဆောက်ပြီးစီးခဲ့သော ခုတင် ၁၀၀ ဆံ့ သီတဂူမြင့်မိုရ်စံစက္ခုဒါနဆေးရုံတော်ကြီးဖွင့်ပွဲကို မေ ၅ ရက် ရက် နံနက် ၇ နာရီခွဲက ဖွင့်လှစ်ခဲ့သည်။

အခမ်းအနားတွင် နိုင်ငံတော်သြဝါဒါစရိယဆရာတော်၊ မကွေးမြို့ ၊ရာဇမုနိကျောင်းတိုက် ၊ပဓာနနာယက မဟာသဒ္ဓမ္မဇောတိကဓဇ ၊ဘဒ္ဒန္တကေလာသမထေရ်မြတ်ကြီးထံမှ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြကာ ပရိတ်တရားတော်များနာယူပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုနှင့်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဆေးရုံအလှူရှင်မိသားစုဖြစ်သော ဦးကျော်သက်ဦး - ဒေါ်သန်းသန်းစောတို့က လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ဆက်လက်၍ သီတဂူ ဗုဒ္ဓတက္ကသိုလ်ကြီးများ၏ အဓိပတိ၊ ရွှေကျင်နိကာယဥပဥက္ကဋ္ဌ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ၊ မဟာဓမ္မကထိက ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ၊ သီတဂူဆရာတော်ကြီးထံမှ အနုမောဒနာတရားနာကြား၍ ရေစက်သွန်းလောင်းအမျှပေးဝေခဲ့ကြောင်း သိရသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ၊ ဆေးရုံအလှူရှင်တို့က မင်္ဂလာဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကာ သီတဂူဆရာတော်ကြီးက သီတဂူမြင့်မိုရ်စံ စက္ခုဒါနဆေးရုံတော် နဖူးစည်းစာတန်း ကမ္ပည်းမော်ကွန်းကို ဖန်လုံးစက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးခဲ့သည်။**(ယာပုံ)**

သီတဂူမြင့်မိုရ်စံစက္ခုဒါန ခုတင် ၁၀၀ ဆံ့ ဆေးရုံတော်ကြီးကို ငွေကျပ်သိန်းပေါင်း ၆၅၀၀ အကုန်အကျခံကာ ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်ပြီး ဆေးရုံအတွင်းလိုအပ်သော စက်ပစ္စည်းကိရိယာများနှင့် လူနာခုတင်များအတွက် ငွေကျပ် သိန်းပေါင်း ၁၇၀၀ ကျော်ကို သီတဂူဆရာတော်ကြီး ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရက အကုန်အကျခံကာ လှူဒါန်းခဲ့ခြင်းဖြစ်သည်။ မျက်စိဝေဒနာရှင်များအား မေ ၃ ရက်မှစတင်၍ မျက်စိဆရာဝန်ကြီးများက အခမဲ့ကုသပေးလျက်ရှိရာ ယနေ့အထိ မျက်စိခွဲသည့် လူနာပေါင်း ၁၀၀ ကျော်နှင့် မျက်စိရောဂါဝေဒနာရှင်ပေါင်း ၁၄၀၀ ခန့်အား ကုသပေးလျက်ရှိကြောင်း၊ မျက်စိဝေဒနာရှင်များအတွက် မျက်မှန်နှင့်ဆေးဝါး များကို အခမဲ့တာဝန်ယူကုသပေးလျက်ရှိကြောင်း သိရသည်။

**မေသူလွင် (မကွေးကိုယ်ပွား)**



# အလင်းရောင် ပရဟိတမင်္ဂလာအလှူကျင်းပ



**တပ်ကုန်း မေ ၅**

အလင်းရောင် ပရဟိတအဖွဲ့၏ (၃၁) ကြိမ်မြောက် လစဉ်အလှူနှင့် ဒုတိယအကြိမ်မြောက် ရှင်အပါး ၁၀၈ ပါး၊ ရဟန်းကိုးပါး၊ သီလရှင် ၅၄ ပါး အပါအဝင် အလှူတော်မင်္ဂလာပွဲကို နေပြည်တော် တပ်ကုန်းမြို့နယ် အနော်ရထာရပ်ကွက် အောင်သီတာ ပျိုးဥယျာဉ်ကျောင်းတိုက်တွင် မေ ၅ ရက်က ကျင်းပသည်။

အလှူတော်မင်္ဂလာအခမ်းအနားကို အလင်းရောင်ပရဟိတအဖွဲ့က ကမကထပြုလုပ်၍ လှူဒါန်းခြင်းဖြစ်သည်။ အလင်းရောင်ပရဟိတအဖွဲ့ကို ၂၀၁၄ ခုနှစ်မှစ၍ လူမှုရေး၊ ဘာသာရေး အကျိုးဆောင်မှု လုပ်ငန်းများကို စတင်အခြေပြု ကာ ဆန္ဒတူညီသည့် အလှူရှင်များ ပေါင်းစုဖွဲ့စည်းခဲ့ရာ ယခုလက်ရှိတွင် အဖွဲ့ဝင်အင်အား ၁၀၀ ခန့်ရှိလာပြီဖြစ် သည်။

အဆိုပါ ပရဟိတအဖွဲ့က နိုင်ငံတစ်ဝန်းရှိ မိဘမဲ့ကျောင်းများ၊ ဘိုးဘွားရိပ်သာများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများနှင့် သဘာဝဘေးအန္တရာယ်ဖြစ်ပွားသည့် ဒေသများသို့ လှူဒါန်းနိုင်ရန်ရည်ရွယ်၍ အနယ်နယ်အရပ်ရပ်ရှိ အသင်းဝင်များထံမှ လစဉ်စုဆောင်းရရှိသည့် အလှူငွေကျပ် ရှစ်သိန်းမှ ၁၀ သိန်းခန့်ကို ဒေသအခြေအနေပေါ်မူတည်၍ လှူဒါန်းမှုများပြုလျက်ရှိသည်။ ကောက်ခံရရှိသည့် အလှူငွေများကိုလည်း လက်ကျန်ငွေမထားရှိဘဲ အလှူပြုလုပ်ရာတွင် စာရင်းဇယားအတိအကျဖြင့် အကုန်အစင် လှူဒါန်းမှုပြုကြောင်း သိရသည်။

ကျောင်းဖွင့် ရာသီတွင်လည်း ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံ၊ စာအုပ်စာရေးကိရိယာစသည်ဖြင့် နိုင်ငံတစ်ဝန်း ပရဟိတကျောင်းများရှိ လူငယ်လူရွယ်များထံ လှူဒါန်းလျက်ရှိကြောင်း၊ ဆောင်းရာသီတွင်သီလရှင်များနှင့် သာမဏေများအတွက် အအေးဒဏ်ခံနိုင်စေရန် အနွေးထည်များ လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# စစ်တောင်းမြစ်ရေတိုက်စားခံနေရသော ကျွန်းတောကျေးရွာ ရေကာတန်းများ ဒေသခံများဆောင်ရွက်နေကြရ

**တောင်ငူ မေ ၅**

မြန်မာနိုင်ငံတွင် မြောက်မှတောင်သို့ ရှည်လျားစွာ စီးဆင်းလျက်ရှိသည့် စစ်တောင်းမြစ်သည် မြစ်ချိုးမြစ်ကွေ့များပြားခြင်းအပြင် နုန်းပို့ချမှုမြင့်မားကာ မြစ်ကြမ်းပြင်မြင့်တက်လျက်ရှိသည့်အတွက် နှစ်စဉ်လိုလို မြစ်ရေတိုက်စားမှုများကြောင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ကျွန်းတောကျေးရွာမှ ယခုနွေကာလ၌ပင် မြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးများပြိုကျလျက်ရှိသဖြင့် ကျေးရွာဒေသခံများက ကိုယ့်အားကိုယ်ကိုး ရေကာတန်းများ ဆောင်ရွက်နေကြသည်ကို မေ ၅ ရက် နံနက်ပိုင်းက မြင်တွေ့ခဲ့ရသည်။

"အခုရက်ပိုင်း ကမ်းပါးပဲ့တာ အတော်ကြမ်းလာ၊ လူနေအိမ်တွေနဲ့လည်း နီးလာလို့ ရွာသားတွေစုပြီး ဝါးတွေသွားခုတ်၊ မြစ်ထဲဆင်း ရေကာတန်းတွေရိုက်နေရတာ နှစ်ရက်ရှိသွားပြီ"ဟု ကျွန်း တောကျေးရွာ ဒေသခံတစ်ဦးက ပြောသည်။

ယင်းကျေးရွာ အထက်ပိုင်းဒေသများတွင် မြစ်တွင်းသောင်ထွန်းမှု ပမာဏများပြားလျက်ရှိပြီး ဇီးဖြူပင်ကျေးရွာအနီး၌ မြစ်ရေတိုက်စားသည့်နေရာများအား မြစ်ကြောင်းထိန်းသိမ်းရေးဦးစီးဌာနက ရေကာတန်းများ ဆောင်ရွက်ထား၍သာ သက်သာခဲ့ရခြင်းဖြစ်ကြောင်း ၎င်းကပင် ဆက်လက်ပြောပြသည်။

**ကိုလွင်(ဆွာ)**



# ဝိုင်းမော်မြို့နယ်အတွင်း ဘိန်းခင်း ၄၂ ဒသမ ၇ ဧကဖျက်ဆီး



**ဘိန်းခင်းများအား နယ်မြေခံတပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ စုပေါင်းဖျက်ဆီးနေကြစဉ်**

**ဝိုင်းမော် မေ ၅**

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် ဆဒုံးမြို့ပတ်ဝန်းကျင် ကျေးရွာများတွင် မတ် ၂၁ ရက်မှစပြီး ဘိန်းခင်းများ သွားရောက်ဖျက်ဆီးရာ မေ ၄ ရက်အထိ ဘိန်းခင်း ၄၂ ဒသမ ၇ ဧကအား ဖျက်ဆီးနိုင်ခဲ့ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

ဘိန်းခင်းများ သွားရောက်ဖျက်ဆီးရာတွင် နယ်မြေခံတပ်မှ ဒုတိယဗိုလ်မှူးကြီးမျိုးမင်းနိုင် ဦးစီးအရာရှိစစ်သည်များ၊ ဝိုင်းမော်မြို့မရဲစခန်းမှ ရဲမှူးလှသိန်းနှင့် တပ်ဖွဲ့ဝင်များ၊ နယ်ခြားစောင့်တပ်မှ တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများလိုက်ပါပြီး ဘိန်းခင်းများ လိုက်လံဖျက်ဆီးလျက်ရှိကြောင်း သိရသည်။

မော်စီတုန်းကျေးရွာနှင့် ငါးမိုင်ခန့်အကွာတွင် မေ ၄ ရက် နံနက် ၉ နာရီခန့်က ဘိန်းပင်အမြင့် သုံးပေသီးပွင့် ခြစ်လျက်ရှိသော ဘိန်းခင်းနှစ်နေရာ စုစုပေါင်း နှစ်ဧကအား သွားရောက်ဖျက်ဆီးခဲ့ကြပြီး အဆိုပါဘိန်းခင်းဖျက်အဖွဲ့သည် ဘိန်းခင်းများကိုလိုက်လံ၍ ဖျက်ဆီးမှုများပြုလုပ်သွားမည်ဖြစ်ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**

**ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ဗညားဒလလမ်း အထက (၁) ကျောင်းအနီးတွင် မေ ၅ ရက်က မြန်မာနိုင်ငံ ယာဉ်လမ်းအန္တရာယ်ကင်းရှင်းရေးအဖွဲ့ (MORS) နှင့်အတူ မြို့နယ်ယာဉ်ထိန်းရဲတပ်ဖွဲ့ အထက (၁) မင်္ဂလာတောင်ညွန့်မှ ဆရာမနှင့် ကျောင်းသားများ ပူးပေါင်း၍ ပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် အသိပညာပေးလက်ကမ်းစာစောင်နှင့် သောက်ရေဘူးများ ဝေငှပေးစဉ်**

ကျော်စိုးမိုး






# အီရတ်နိုင်ငံ တီကရစ်မြို့တွင် အကြမ်းဖက်သမားများ၏တိုက်ခိုက်မှုကြောင့် သေဆုံးသူ ၃၂ ဦးထိရှိလာ

**ဘဂ္ဂဒက် မေ ၅**

အီရတ်နိုင်ငံမြောက်ပိုင်း တီကရစ်မြို့တွင် ယမန်နေ့က လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့၏ တိုက်ခိုက်မှုကြောင့် ယခုချိန်အထိ ၃၂ ဦး သေဆုံးခဲ့ပြီး ၂၈ ဦး ဒဏ်ရာရရှိနေကြောင်း အီရတ် ရဲတပ်ဖွဲ့က ယနေ့တွင် ပြောကြားခဲ့သည်။

အစိုးရတပ်ဖွဲ့ဝတ်စုံ ဝတ်ဆင်ထားသည့် အိုင်အက်စ်အကြမ်းဖက်သမား ခုနစ်ဦးသည် တီကရစ်တောင်ပိုင်းဒေသကို စတင်ဝင်ရောက်တိုက်ခိုက်ခဲ့ကြောင်း၊ ထို့နောက် အရပ်သားများကို ဦးတည်ကာ အဆက်မပြတ် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း၊ သေဆုံးသူအများစုမှာ ပြည်သူများဖြစ်ကြောင်း၊ သေဆုံးသူအရေအတွက် ဆက်လက်မြင့်တက်လာနိုင်ကြောင်း တီကရစ်မြို့ ရဲဘက်ဆိုင်ရာ သတင်းရင်းမြစ်အရ သိရသည်။

အီရတ်တပ်ဖွဲ့ဝင်များသည် အကြမ်းဖက်သမားနှစ်ဦးအား ရှင်းလင်းနိုင်ခဲ့ကြောင်း၊ အကြမ်းဖက်သမားတစ်ဦးမှာ ဗုံးများကို အသေခံဖောက်ခွဲခဲ့ကြောင်း၊ လတ်တလောတွင် မြို့တွင်းရှိလမ်းများကို ပိတ်ဆို့ထားပြီး ရှာဖွေမှုများ ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း ယင်းသတင်းရင်းမြစ်တွင် ဆက်လက်ဖော်ပြထားသည်။ တီကရစ်မြို့သည် ဘဂ္ဂဒက်မြောက်ပိုင်း ကီလိုမီတာ ၁၇၀ တွင်ရှိပြီး အိုင်အက်စ်အကြမ်းဖက်တပ်ဖွဲ့တိုက်ခိုက်သိမ်းပိုက်ခြင်းကို ၂၀၁၄ ခုနှစ် ဇွန်လတွင် ခံခဲ့ရသည်။

အီရတ်အစိုးရတပ်ဖွဲ့က တီကရစ်မြို့ကို ၂၀၁၅ ခုနှစ် မတ်လတွင် သိမ်းပိုက်နိုင်သော်လည်း အိုင်အက်စ်အကြမ်းဖက်တပ်ဖွဲ့ဝင်အချို့မှာ ယင်းဒေသတွင် ဆက်လက်လှုပ်ရှားနေခဲ့သည်။

လက်ရှိတွင် အဆိုပါဒေသများ၏ အခြေအနေမှာ စိုးရိမ်ဖွယ်ရာဖြစ်ကြောင်း သိရသည်။ (ဆင်ဟွာ)

# မတ်လအတွင်း အမေရိကန်ပြည်ထောင်စု ပုဂ္ဂလိကလုပ်ငန်းပိုင်းတွင် အလုပ်အကိုင် ၂၆၃၀၀၀ ဖန်တီးပေးနိုင်ခဲ့

**ဝါရှင်တန် မေ ၅**

အမေရိကန်ပြည်ထောင်စုတွင် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များသည် ပြီးခဲ့သည့် မတ်လအတွင်း အလုပ်အကိုင်ပေါင်း ၂၆၃၀၀၀ ကို ဖန်တီးပေးနိုင်ခဲ့ပြီး ယင်းအလုပ်အကိုင်ခန့်ထားမှုအရေအတွက်သည် ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်းက အလုပ်သမားငှားရမ်းခဲ့သည့် အရေအတွက်ပမာဏထက်ပင် ကျော်လွန်နေခဲ့ကာ စီးပွားရေးဆိုင်ရာ မျှော်မှန်းချက်စံနှုန်းထက်ကျော်လွန်ခဲ့ကြောင်း ဗုဒ္ဓဟူးနေ့တွင် ဖော်ပြခဲ့သည့် လစာပေးချေမှုဆိုင်ရာ တွက်ချက်ဖော်ပြမှုစာရင်းအင်းများအရ သိရသည်။




ရိုက်တာသတင်းဌာနမှ စီးပွားရေးပါရဂူများ၏စစ်တမ်းကောက်ယူဖော်ပြမှုအရ အမျိုးသားအလုပ်အကိုင်ခန့်ထားမှုအစီရင်ခံစာတွင် အလုပ်အကိုင်ခန့်ထားနိုင်မှုပမာဏ ၁၈၇၀၀၀ ထပ်မံဖော်ပြလိမ့်မည်ဖြစ်ပြီး မူလက ခန့်မှန်းထားခဲ့သည့် ပမာဏမှာ ၁၁၀၀၀၀မှ ၂၂၅၀၀၀ အထိဖြစ်သည်ဟု ဆိုသည်။

လွန်ခဲ့သောတစ်လအစောပိုင်းက ပုဂ္ဂလိကစီးပွားရေးကဏ္ဍများတွင် အလုပ်အကိုင်ဖန်တီးနိုင်မှုသည် မူလကအစီရင်ခံဖော်ပြခဲ့သည့်ပမာဏဖြစ်သည့် ၂၉၈၀၀၀ မှ ၂၄၅၀၀၀ သို့ စိစစ်တည်းဖြတ်ခံခဲ့ရသည်။

အစောပိုင်းက မှတ်တမ်းတင်ခဲ့မှုအရ အလုပ်လက်မဲ့ပမာဏသည် ၄ ဒသမ ၇ ရာခိုင်နှုန်းအားဖြင့် တည်ငြိမ်နေမည်ဟုခန့်မှန်းထားကြောင်း သိရသည်။
(ရိုက်တာ)

# စိန့်ပီတာစဘတ် မြေအောက်ရထားလမ်းဖောက်ခွဲသူမှာ ကာဂျစ္စတန်ဇာတိဖွား ဒီဇာလီလော့ဆိုသူဖြစ်

**မော်စကို မေ ၅**

စိန့်ပီတာစဘတ် မြေအောက်ရထားလမ်းတွင် ဧပြီ ၃ ရက်က ဖြစ်ပွားခဲ့သော ဗုံးဖောက်ခွဲမှုကို အသက် ၂၂အရွယ် အက်ဘာဇုံ ဒီဇာလီလော့က လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း ရုရှားစုံစမ်းရေးကော်မတီ အာအိုင်စီက ယမန်နေ့က ပြောကြားခဲ့သည်။

အဆိုပါပေါက်ကွဲမှုတွင် လူ ၁၄ ဦးထက်မနည်းသေဆုံးပြီး အများအပြား ဒဏ်ရာရရှိခဲ့သည်။

သဲလွန်စများနှင့် ကင်မရာမှတ်တမ်းများကို စစ်ဆေးပြီးနောက် ရထားတွင်း ဗုံးဖောက်ခွဲမှု ကျူးလွန်ခဲ့သူမှာ ဒီဇာလီလော့ဖြစ်သည်ဟု စုံစမ်းစစ်ဆေးသူများက မှတ်ချက်ပေးခဲ့ကြောင်း အာအိုင်စီက သတင်းထုတ်ပြန်ခဲ့သည်။

ဒီဇာလီလော့သည် ဗုံးပေါက်ကွဲမှုကြောင့်သေဆုံးသွားကြောင်း အာအိုင်စီ ပြောရေးဆိုခွင့်ရှိသူ စဗက်လာနာပီထရွမ်ကိုက ပြောကြားခဲ့သည်။

ဒီဇာလီလော့သည် ကာဂျစ္စတန်တွင် မွေးဖွားခဲ့ပြီး ရုရှားနိုင်ငံသားခံယူထားသူဖြစ်ကြောင်း သိရသည်။
(ဆင်ဟွာ)

# တရုတ်-အမေရိကန် ထိပ်သီးအစည်းအဝေးမတိုင်မီ မြောက်ကိုရီးယား တိုက်ချင်းပစ်ဒုံးကျည်စမ်းသပ်

**ပြုံယမ်း မေ ၅**

မြောက်ကိုရီးယားသည် ဗုဒ္ဓဟူးနေ့တွင် တိုက်ချင်းပစ်ဒုံးကျည်တစ်စင်းကို မြောက်ကိုရီးယားအရှေ့ဘက်ကမ်းခြေသို့ စမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း တောင်ကိုရီးယားတပ်မတော်က ပြောကြားခဲ့သည်။ ယင်းစမ်းသပ်ပစ်ခတ်မှုသည် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် တရုတ်သမ္မတရှီကျင့်ဖျင်တို့က မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားလက်နက်များ တိုးတက်စမ်းသပ်လာမှု ပြဿနာကို ဆွေးနွေးမည့် ထိပ်သီးဆွေးနွေးပွဲမတိုင်မီ ထွက်ပေါ်လာခဲ့ခြင်း ဖြစ်သည်။

မြောက်ကိုရီးယားက စမ်းသပ်ပစ်လွှတ်လိုက်သည့်ဒုံးကျည်သည် စမ်းသပ်ပစ်လွှတ်လိုက်သည့်နေရာဖြစ်သည့် မြောက်ကိုရီးယားအရှေ့ဘက်ကမ်းခြေပေါ်ရှိ ဆိပ်ကမ်းမြို့တော်ဖြစ်သည့် ဆင်ပိုမှ ၆၀ ကီလိုမီတာ(မိုင်၄၀)အကွာအဝေးသို့ ပျံသန်းရောက်ရှိခဲ့ကြောင်း တောင်ကိုရီးယားစစ်ဘက်ဆိုင်ရာ သတင်းရင်းမြစ်များက ဖော်ပြခဲ့သည်။ ဆင်ပိုဆိပ်ကမ်းမြို့သည် မြောက်ကိုရီးယားရေငုပ်သင်္ဘောအခြေစိုက်စခန်းများစုဝေးရာဖြစ်သည်။

ဒေါ်နယ်ထရန့်နှင့် ရှီကျင့်ဖျင်တို့သည် နျူကလီးယားလက်နက်ထုတ်လုပ်မှု လျှော့ချရန် မြောက်ကိုရီးယားအား ဖိအားပေးမည့် ဆွေးနွေးပွဲတစ်ရပ်မစတင်မီ တစ်ရက်အလိုတွင် မြောက်ကို ရီးယား၏ ယင်းဒုံးကျည်စမ်းသပ်ပစ်လွှတ်မှု ပေါ်ထွက်လာခဲ့ခြင်းဖြစ်သည်။

ဒုံးကျည်စမ်းသပ်ပစ်လွှတ်မှုသည် အမေရိကန်နှင့်တရုတ် နှစ်နိုင်ငံထိပ်သီး အစည်းအဝေးပွဲကို သတိထားစောင့်ကြည့်နေကြောင်း ဖော်ပြလိုက်ခြင်းဖြစ်နိုင်ပြီး တစ်ချိန်တည်းတွင် မြောက်ကိုရီးယားသည် ၎င်း၏ဒုံးလက်နက်၏ အစွမ်းထက်မှုကို စစ်ဆေးလိုက်ခြင်းလည်းဖြစ်သည်ဟု တောင်ကိုရီးယားအာဏာပိုင်တစ်ဦးက ရိုက်တာသတင်းဌာနသို့ ပြောကြားခဲ့သည်။

ဒုံးကျည်သည် ပင်လယ်ရေမျက်နှာပြင်အထက် အမြင့် ၁၈၉ ကီလိုမီတာ (၁၁၇မိုင်) အထိရောက်အောင် ပျံသန်းရောက်ရှိခဲ့ကြောင်း ၎င်းကပြောကြားခဲ့သည်။ ဒုံးကျည်ပစ်လွှတ်မှုကို ဂျပန်က ချက်ချင်းဆိုသလို ဝေဖန်ရှုတ်ချခဲ့ပြီး ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက နောက်ထပ်အရေးယူဆောင်ရွက်မှုများ ထပ်မံပြုလုပ်သွားနိုင်ဖွယ်ရှိကြောင်း ပြောကြားခဲ့သည်။
(ရိုက်တာ)

# ပါကစ္စတန်တွင် အသေခံကားဗုံးခွဲတိုက်ခိုက် လူခြောက်ဦးထက်မနည်းသေဆုံး

**အစ္စလမ္မာဘတ် မေ ၅**

ပါကစ္စတန်နိုင်ငံ လာဟိုးမြို့တွင် မေ ၅ ရက်က အသေခံဗုံးခွဲသမားများက သန်းခေါင်စာရင်းကောက်ယူရေးအဖွဲ့ဝင်များ စီးနင်းလိုက်ပါသော ဗင်ကားတစ်စီးကို အသေခံဗုံးခွဲတိုက်ခိုက်ခဲ့ရာ လူခြောက်ဦးထက်မနည်းသေဆုံးခဲ့ပြီး ၁၅ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဒေသတွင်းမီဒီယာတစ်ခုတွင် ဖော်ပြခဲ့သည်။

ဗုံးပေါက်ကွဲမှုကြောင့် သေဆုံးသူများတွင် စစ်သားသုံးဦး၊ လေတပ်အရာရှိတစ်ဦးနှင့် အစိုးရအမှုထမ်းနှစ်ဦးတို့ ပါဝင်ခဲ့ကြောင်း သိရသည်။ အစိုးရအမှုထမ်းများသည် သန်းခေါင်စာရင်းကောက်ယူရန် လုပ်ဆောင်နေစဉ် ထိုသို့ ဗုံးခွဲတိုက်ခိုက်ခံရခြင်းဖြစ်ကြောင်း သိရသည်။

အစောပိုင်းသတင်းများအရ အသေခံဗုံးခွဲသူမှာ အသက် ၁၈ နှစ်မှ ၂၅ နှစ်ရှိ လူတစ်ဦးဖြစ်ကြောင်း သိရသည်။ ၎င်းသည် သန်းခေါင်စာရင်းကောက်ခံရေးအဖွဲ့များ တင်ဆောင်လာသော ဗင်ကားအနီးသို့ဝင်ရောက်ကာ အသေခံဗုံးခွဲတိုက်ခိုက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ဗုံးခွဲတိုက်ခိုက်မှုကြောင့် ထိခိုက်ဒဏ်ရာရသူများကို နီးစပ်ရာ ဆေးရုံသို့ပို့ဆောင်ခဲ့ကြောင်း သိရသည်။
(ဆင်ဟွာ)



# ရန်ကုန်တိုင်းဒေသကြီးအတွင်း သင်္ကြန်မဏ္ဍပ်များ တည်ဆောက်ကြပြီ

**ရန်ကုန် ဧပြီ ၅**
ဧပြီ ၃ရက်က ပြုလုပ်သည့် သင်္ကြန်မဏ္ဍပ်များ တည်ဆောက်ခွင့်နှင့် ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အစည်းအဝေးမှ ယခုနှစ်သင်္ကြန်တွင် မဏ္ဍပ်အကြီး၊ အလတ်၊ အသေး ၈၀ ကို တည်ဆောက်ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း သိရသည်။

မြို့တော်စည်ပင် သာယာရေး ကော်မတီ အင်ဂျင်နီယာဌာန (လမ်း၊ တံတား) မှ တာဝန်ရှိသူတစ်ဦးက "မဏ္ဍပ်တည်ဆောက်ခွင့်ကို မတ် ၂၅ရက်အထိ နောက်ဆုံးထား လျှောက်ထားစေခဲ့ပါတယ်။ စည်းမျဉ်းစည်းကမ်းနဲ့ ညီတဲ့ မဏ္ဍပ်လျှောက်ထားသူ အားလုံးနီးပါးပါပဲ မဏ္ဍပ်ဆောက်ခွင့်တွေ ရသွားကြပါတယ်" ဟု ပြောသည်။

ယခုနှစ်တွင် မဏ္ဍပ်အသေး ၅၁ ခု၊ မဏ္ဍပ်အလတ် ၁၃ခုနှင့် မဏ္ဍပ်အကြီး ၁၆ခုရရှိကြပြီး ထိုမဏ္ဍပ်များလျှောက်ထားရာတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တစ်ဆင့် လျှောက်ထားမှုများလည်း ရှိသည်ဟု သိရသည်။



မဏ္ဍပ်များ တည်ဆောက်ခွင့်ကို ကြိုတင်လျှောက်ထားမှုများ ရှိသော်လည်း သက်ဆိုင်ရာအဖွဲ့အစည်းများက စိစစ်ဆဲဖြစ်ကြပြီး ဧပြီ ၄ ရက်မှသာလျှင် တည်ဆောက်ခွင့်များကို တရားဝင် ထုတ်ပေးသည့်အတွက် သင်္ကြန်မတိုင်မီ ရက်သတ္တပတ်အတွင်း အလျင်အမြန် တည်ဆောက်ကြမည်ဟု မဏ္ဍပ်ဆောက်ခွင့်ရသူတစ်ဦးက ပြောသည်။

ယခုနှစ်တွင် မဏ္ဍပ် ၈၀ သာ တည်ဆောက်ကြမည့်အတွက် ယခင်နှစ်ကထက် အရေအတွက် ထက်ဝက်ကျော် နည်းသွားသည်ဟု ပြောသည်။ ပြီးခဲ့သည့်နှစ်က သင်္ကြန်မဏ္ဍပ်အကြီး ၁၉ ခု၊ အလတ်နှစ်ခုနှင့် မဏ္ဍပ်အသေး ၂၀၀ နီးပါးရှိခဲ့သည်ဟု သိရသည်။

ရန်ကုန်တိုင်းဒေသကြီး၏ အဓိက မဏ္ဍပ်ကြီးဖြစ်သည့် မြို့တော်ခန်းမအရှေ့မှ ဗဟိုမဏ္ဍပ်ကြီးကို မတ်လအလယ်မှ စတင်တည်ဆောက်နေပြီး ဖြစ်ရာ ယခုအခါ ၅၀ ရာခိုင်နှုန်းကျော်ပြီးစီးနေသည်ကို တွေ့ရသည်။ ထို့အပြင်ရန်ကုန် ခရိုင်လေးခရိုင် မဏ္ဍပ်လေးခုအပြင် ဌာနဆိုင်ရာနှင့် မြို့နယ်မဏ္ဍပ်များ ပါရှိမည်ဖြစ်ကြောင်း သိရသည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

# ၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ အဖြေလွှာများ စစ်ဆေးနေမှု ဆွေးနွေး

**ရန်ကုန် ဧပြီ ၅**
ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းသည် ဧပြီ ၄ ရက်က အဆင့်မြင့်ပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သိန်းဝင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ နေဝင်းဦး၊ ရန်ကုန် တက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာ အောင်ကျော်၊ စာစစ်မှူးချုပ်များ၊ လက်ထောက် စာစစ်မှူးချုပ်များ၊ တာဝန်ရှိသူများနှင့် ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ကောင်စီခန်းမ၌ တွေ့ဆုံ ဆွေးနွေးသည်။

ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက အမှာစကားပြောကြားပြီး ဆွေးနွေးပွဲသို့ တက်ရောက်လာကြသော စာစစ်မှူးချုပ်များနှင့် လက်ထောက်စာစစ်မှူးချုပ်များက ရန်ကုန်တိုင်းဒေသကြီး ၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ အဖြေလွှာများ စစ်ဆေးနေမှုများကို ဆွေးနွေးတင်ပြကြသည်။ ထိုဆွေးနွေးတင်ပြချက်များအပေါ် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ပြန်လည်ညှိနှိုင်း ဆွေးနွေးခဲ့သည်။

ရန်ကုန်တက္ကသိုလ်၊ ရန်ကုန်စီးပွားရေး တက္ကသိုလ်တို့မှ တက္ကသိုလ်ဆရာ ဆရာမ စုစုပေါင်း ၉၈၅ ဦးနှင့်အတူ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အထက်တန်းပြ ဆရာ ဆရာမ စုစုပေါင်း ၂၂၂၂ဦးတို့၏ စာစစ်လုပ်ငန်း အခြေအနေများကို တွေ့ဆုံဆွေးနွေးခဲ့ကြောင်းသိရသည်။

**(မြန်မာ့အလင်း)**

# မြန်မာ့ရိုးရာ ကြိုးဆွဲရုပ်သေးရုပ် အကြမ်းထည်ဈေးကွက်တွင် ရုပ်သေးရုပ်အမျိုးအစား သုံးမျိုးခန့်သာ ပြုလုပ်နေရ

**မန္တလေး ဧပြီ ၅**
မြန်မာ့ရိုးရာ ကြိုးဆွဲရုပ်သေးရုပ် အကြမ်းထည်ဈေးကွက်တွင် ရုပ်သေးရုပ် အမျိုးအစားများအနက် လက်ရှိတွင် အမျိုးအစား သုံးမျိုးကိုသာ ပြုလုပ်၍ အကြမ်းထည်ဈေးကွက်သို့ ရောင်းချနေရကြောင်း စစ်ကိုင်းမြို့ အာလောင်ရွာမှ နှစ်ပေါင်းသုံးဆယ်ကျော်ကြာ ရုပ်သေးရုပ် အကြမ်းထည် ပြုလုပ်ရောင်းချသူ ဦးမောင်ဝင်းက ပြောသည်။

ယခင်က ဈေးကွက်တွင် ရုပ်သေးရုပ် အမျိုးအစား ၁၅ မျိုးခန့် ပြုလုပ်ရောင်းချခဲ့သော်လည်း ယခုအချိန်တွင် ထိုက်သင့်သည့် ဈေးနှုန်းမရရှိခြင်း၊ ကုန်ကြမ်း သစ်သားလိုသလောက် မရရှိခြင်းနှင့် ကုန်ကြမ်းဈေးနှုန်း မြင့်မားလာခြင်းကြောင့် လူရုပ်၊ မြင်းရုပ်နှင့် ဆင်ရုပ်တို့ကိုသာ အများဆုံး ပြုလုပ်ရောင်းချနေရခြင်းဖြစ်ကြောင်း သိရသည်။

ရုပ်သေးရုပ်များသည် ပရိဘောဂဆိုင်များမှ သစ်သားအတိုအစများဖြင့် ဖန်တီးထားသော အနုပညာတစ်ခုဖြစ်ပြီး လိုအပ်သည့်အစိတ်အပိုင်းများကို ထုဆစ်ပုံဖော်အကြမ်းထည်ပြုလုပ်ခြင်းဖြစ်ကာ ပုံကြမ်းထွက်လာပါက ကြိုးတွဲရန် အရုပ်တွင် အပေါက်ငယ်ကလေးများ ဖောက်၍ ရရှိသော ကြိုးဖြင့် သီထားသည့် အကြမ်းရုပ်များကို ဈေးကွက်သို့ တင်ပို့ခြင်းဖြစ်ကြောင်း သိရသည်။

"အကြမ်းထည် ပြုလုပ်တယ်ဆိုပေမယ့် မြင်ရသူအတွက်ကတော့ အချောထည်အတိုင်းပါပဲ။ လုပ်ရတာ လက်ဝင်လုပါတယ်။ ရုပ်လုံးပေါ်အောင် ပြုလုပ်ပေးပြီး အချောထည်ပြုလုပ်တဲ့ နေရာကို ပို့ရတယ်။ လိုအပ်တဲ့ တန်ဆာပလာတွေ တပ်ဆင်ပြီးမှ ဈေးကွက်ကို ပို့တာဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။

ကြိုးဆွဲရုပ်သေးရုပ် အသေးအကြီး မျိုးစုံ၊ ဆင်၊ မြင်း၊ ကြက်တူရွေး၊ ကျား၊ မိကျောင်း၊ ဇီးကွက်စသည့် အရုပ်များ ပြုလုပ်ခြင်းလုပ်ငန်းသည် အနုပညာမြောက်သည့် ပညာရပ်တစ်ခုဖြစ်သော်လည်း မျိုးဆက်သစ်လူငယ်များ စိတ်ပါဝင်စားမှု နည်းပါးကြောင်း၊ လိုအပ်သည့် ဈေးကွက်နှင့် အခက်အခဲများကို ဖြေရှင်းပေးနိုင်မည့် ကူညီမှုတို့ကို မျှော်လင့်နေကြောင်း၊ အလုပ်သမားရှားပါးမှုပြဿနာများလည်း ကြုံတွေ့နေရကြောင်း သိရသည်။



**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆုရစာအုပ် ဖြန့်ချိရောင်းချ

**နေပြည်တော် ဧပြီ ၅**
ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ၂၀၁၄ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆု ကဗျာပေါင်းချုပ် တတိယဆုရရှိသည့် ကျော်စိုး(မြင်းမူ)၏ "ဣန္ဒြေချစ်သူကဗျာများ" စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။




ယင်းစာအုပ်သည် ဗုဒ္ဓဟောကြားမြတ်တရားဆိုင်ရာ၊ ရာသီဥတု တောတောင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာနှင့် မြန်မာ့ရိုးရာပွဲတော်ဆိုင်ရာ အဖွဲ့များ၊ မိဘမေတ္တာ၊ လူတို့၏ သဘောမနော၊ အညာကျေးလက်၏ ရပ်ဝေလေ့ရွာဝေလေ့နှင့် မြန်မာစာပေစသော အဖွဲ့များကို မြန်မာ့ရိုးရာကဗျာ စပ်ထုံးစပ်နည်းများနှင့် ညီညွတ်ပြီး ဖွဲ့နည်းစုံလင်စွာဖြင့် ရေးဖွဲ့ထားသော ကဗျာများဖြစ်သည်။ ကဗျာပုဒ်ရေ ၆၈ ပုဒ် ပါဝင်၍ ဆင်ခြင်သုံးသပ်စရာများကိုလည်း စပ်ဆိုထားသည်ကို တွေ့ရသည်။ ဥပမာ "အမြစ်မရှိလျှင် အပင်မဖြစ်၊ အပင်မဖြစ်က အမြစ်မရှင်၊ ပြည်သူနှင့် အစိုးရ၊ အစိုးရနှင့် ပြည်သူ၊ ဤနည်းတူ နည်းယူမှတ် သုံးသပ်ဆင်ခြင် " ဟူသော "အမြစ်နှင့်အပင်" ခေါင်းစဉ်ရှိ ကဗျာမျိုးသည် မြန်မာခေတ်ပြိုင်လောကကို ထင်ဟပ်စေသော အကြောင်းအရာမျိုးအဖြစ် လေးချိုးပုံစံနှင့် ရေးဖွဲ့ထားသည်ကို တွေ့ရပါသည်။ မြန်မာကဗျာ နှစ်သက်ကြသည့် ကဗျာချစ်သူများ နှစ်သက်မက်မောစေမည့် ကဗျာများ ဖြစ်ပါသည်။

ရောင်းဈေး ငွေကျပ် ၁၂၀၀ ဖြင့် အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန် စာအုပ်ဆိုင် ဖုန်း-၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈၊ အမှတ်(တ-၅၅)၊ သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း-၀၆၇-၄၁၄၆၈၀၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း-၀၂-၃၀၁၈၆ နှင့် အမြို့မြို့ရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန်အရောင်းဌာန ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## လေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်

**ဝန်းသို ဧပြီ ၅**
စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ်အတွင်းမှ လေဘေးသင့်ပြည်သူများထံသို့ ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားကို ဧပြီ ၅ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခေါင်းမြူးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာ ဇော်ဝင်းက လေဘေးသင့်ပြည်သူများအား အားပေးစကားပြောကြားပြီး လေဘေးသင့်အိမ်ထောင်စု ၇၆ စုအတွက် သွပ်ချပ် ၄၅၀၊ ပစ္စည်း ငါးမျိုးပါ ကယ်ဆယ်ရေးအိတ် ၇၆ အိတ်နှင့် ငွေကျပ်တစ်သိန်းခွဲကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ဝန်းသိုမြို့နယ်တွင် ဧပြီ ၂ ရက် နှင့် ၃ ရက်တို့၌ လေပြင်းများတိုက်ခတ်မှုကြောင့် မြို့ပေါ်ရပ်ကွက် လေးရပ်ကွက်နှင့် ကျေးရွာအုပ်စု ၁၃ အုပ်စုမှ အိမ်ထောင်စု ၇၆စုတို့၏ နေအိမ်အမိုးများ ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

**လှိုင်မျိုးထွန်း(ဝန်းသို)**

## ကျောင်းကျန်းမာရေးလုပ်ငန်း အရှိန်အဟုန်မြှင့်တင်ရေးလုပ်ငန်းညှိနှိုင်းဆွေးနွေး

**ဟားခါး ဧပြီ ၅**
ကျောင်းဖွင့်ရာသီ၌ ကျောင်းသားကျောင်းသူများ ရောဂါဘယကင်းဝေးပြီး ကျန်းမာပျော်ရွှင်စွာ ပညာသင်ကြားနိုင်ရေးတို့ကို ရည်ရွယ်လျက် ချင်းပြည်နယ် ကျောင်းကျန်းမာရေး အရှိန်အဟုန်မြှင့်တင်ရေးလုပ်ငန်း ညှိနှိုင်းဆွေးနွေးပွဲကို ဧပြီ ၄ ရက်က ဟားခါးမြို့ ပြည်နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။

လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲတွင် ပြည်နယ်လူမှုရေး ဝန်ကြီး ဦးပေါင်းလွန်မင်ထန်က အမှာစကားပြောကြားပြီး ကျောင်းကျန်းမာရေးဌာနခွဲ နေပြည်တော်မှ ညွှန်ကြားရေးမှူး ဒေါက်တာ ဒေါ်စန္ဒာက ကျောင်းကျန်းမာရေး လုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးပြီး တက်ရောက်လာကြသူများက မိမိတို့သိရှိလို သည်များကို မေးမြန်းကြရာ ညွှန်ကြားရေးမှူးဒေါက်တာဒေါ်စန္ဒာ၊ ပြည်နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ ကြည်လွင်နှင့် တာဝန်ရှိသူများက ပြန်လည် ရှင်းလင်းဖြေ ကြားခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## မိုးသည်းထန်စွာ ရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်များ အမိုးလန် ပျက်စီး

**အင်္ဂပူ ဧပြီ ၅**
အင်္ဂပူမြို့နယ် ပိန္နဲကွင်းကျေးရွာအုပ်စု တောင်ဇင်းကျေးရွာနှင့် ဂွက်ကြီးကျေးရွာတို့တွင် ဧပြီ ၄ ရက် ညနေက မိုးသည်းထန်စွာ ရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် တောင်ဇင်းကျေးရွာတွင် လူနေအိမ် သုံးလုံးနှင့် ဂွက်ကြီးကျေးရွာတွင် လူနေအိမ် (ခနိမိုး၊ ထရံကာ၊ ပျဉ်ခင်း) တစ်လုံးတို့ အမိုးလန်ပြိုကျ ပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်စုစုပေါင်း လေးလုံး၊ အိမ်ထောင်စုလေးစုတို့ လေဘေးသင့်ခဲ့ပြီး ၎င်းတို့ကို နီးစပ်ရာ ဆွေမျိုးသားချင်း နေအိမ်များ၌ နေရာချထားပေးခဲ့ကြောင်း၊ လူနှင့်တိရစ္ဆာန်များ ထိခိုက်ဆုံးရှုံးမှုမရှိကြောင်း သိရသည်။

**မန်းကျော်(ပြန်/ဆက်)**

# ရခိုင်ပြည်နယ် မောင်တောဒေသအတွင်း လူသားချင်းစာနာထောက်ထားမှုအကူအညီများပေးအပ်

**နေပြည်တော် မေ ၅**

ရခိုင်ပြည်နယ် မောင်တောဒေသအတွင်း အကြမ်းဖက်တိုက်ခိုက်ခံရမှု ကြုံတွေ့ပြီးနောက်ပိုင်း ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်မှ မေ ၅ ရက်အထိ ကာလတို ထောက်ပံ့ကူညီမှုအဖြစ် နယ်စပ်ရေးရာဝန်ကြီးဌာန၊ WFP အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့မှ ငွေကျပ် ၄၃၉ ဒသမ ၁၅ သန်း၊ ဆန် ၁၈၃၁ ဒသမ ၈၁ အိတ်၊ ဆီ ၁၄၉၆ ဒသမ ၂၅ ပိဿာ၊ ဆား ၃၁၁၇ ဒသမ ၉၇ ပိဿာ၊ ပဲ ၃၇၃၄ ဒသမ ၆၀ ပိဿာကို ထောက်ပံ့ပေးအပ်ခဲ့သည်။

သို့ဖြစ်၍ ၂၀၁၆ ခုနှစ် အောက်တိုဘာ ၄ ရက်မှ ၂၀၁၇ ခုနှစ် မေ ၅ ရက်အထိ စုစုပေါင်းကူညီထောက်ပံ့မှုများမှာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နိုင်ငံတကာအဖွဲ့အစည်းများ (WFP အပါအဝင်)၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်တွင်းအလှူရှင်များက ငွေကျပ် ၇၃၆ ဒသမ ၆၂၄ သန်း၊ ဆန် ၂၉၃၈၀ ဒသမ ၃၁ အိတ်၊ ငါးခြောက် ၇၆၆၉ ပိဿာ၊ စက်သုံးဆီ ၁၄၇၅၇ ဂါလန်၊ စားဆီ ၂၂၈၂၆ ဒသမ ၅၉၅ ပိဿာ၊ ဆား ၁၆၈၆၁ ဒသမ ၃၄၂ ပိဿာ၊ ပဲ ၄၅၁၉၁ ဒသမ ၇၀၂ ပိဿာ၊ ငါးသေတ္တာ ဘူး ၃၄၈၀၀၊ သီးစုံ ၄၁၁ ထုပ်၊ ဘီစကစ် ၁၀၄၈ ဖာ၊ ကြက်သွန် ၉၆၈ ပိဿာ၊ ခေါက်ဆွဲခြောက် ၅၆၅၉ ဖာ၊ အဝတ်အထည် ၇၇ ထုပ်၊ ဇရုတ်သီးမှုန့် ၃၂၂ ထုပ်၊ ဟင်းချိုမှုန့် ၁၄၂ ထုပ်၊ အာလူး ၅၆ အိတ်၊ ဂေါ်ဖီခြောက် သုံးအိတ်၊ ငါးပိ ၁၂ အိတ်၊ ဇရုတ်သီးခြောက် ၁၆၅ ပိဿာ၊ ကြက်ဥအလုံး ၅၀၀၊ ခြင်ထောင် ၈၀၊ စပါးရိတ်သိမ်းခြွေလှေ့စက် ၃၀၊ မီးစက် ငါးလုံး၊ အာဟာရမှုန့် ၅၇ ဒသမ ၇၁၃ တန်၊ ဂျုံ ၂၂၂၂ အိတ်၊ ရွက်ဖျင်တဲ ၁၂ ခု၊ ရေဒီယိုအလုံး ၃၀၀၀၊ ဆိုလာမီး ၄၆၅ စုံနှင့် မော်တော်ယာဉ်တစ်စီးဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

ရခိုင်ပြည်နယ်၊ မောင်တောဒေသအတွင်းအကြမ်းဖက်တိုက်ခိုက်ခံရမှု ကြုံတွေ့ပြီးနောက်ပိုင်း
လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးအပ်မှုအခြေအနေ
(၄-၁၀-၂၀၁၆ မှ ၅-၄-၂၀၁၇ ထိ)

ရက်စွဲ၊ ၅-၄-၂၀၁၇

| စဉ် | စားသောက်ကုန် ပစ္စည်းများ အိမ်သုံးနှင့် လုပ်ငန်းသုံးပစ္စည်းများ ထောက်ပံ့မှု အခြေအနေ | ဌာန/ အဖွဲ့အစည်း | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|
| | | လူမှုဝန်ထမ်း ကယ်ဆယ်ရေး နှင့် ပြန်လည် နေရာချထားရေး ဝန်ကြီးဌာန | နယ်စပ်ရေးရာ ဝန်ကြီးဌာန | နိုင်ငံတကာအဖွဲ့ အစည်းများ(WFP အပါအဝင်) | ရခိုင်ပြည်နယ် အစိုးရအဖွဲ့ | ပြည်တွင်း အလှူရှင်များ | |
| ၁ | ငွေသား(ကျပ် သန်း) | ၁၄၀.၂၂ | - | ၁၇၉.၆၀၅ | ၂၇၃.၈၉ | ၁၄၂.၉၀၉ | ၇၃၆.၆၂၄ |
| ၂ | ဆန် (အိတ်) | ၃၃၅၁ | ၆၀၀၀ | ၁၂၉၀၁.၈၁ | ၄၃၀၀ | ၂၈၂၇.၅၀ | ၂၉၃၈၀.၃၁ |
| ၃ | ငါးခြောက် (ပိဿာ) | ၄၃၄၄ | ၄၀၀ | ၆၅၀ | ၁၀၀၀ | ၁၂၇၅ | ၇၆၆၉ |
| ၄ | စက်သုံးဆီ (ဂါလံ) | ၆၂၆၉ | - | - | ၈၄၈၈ | - | ၁၄၇၅၇ |
| ၅ | စားဆီ (ပိဿာ) | ၂၉၆၈ | ၉၂၁၂ | ၉၁၀၂.၅၉၅ | ၅၀ | ၁၄၉၄ | ၂၂၈၂၆.၅၉၅ |
| ၆ | ဆား (ပိဿာ) | ၃၂၁၃ | ၁၁၂၁၂ | ၁၆၃၈.၃၄၂ | - | ၇၉၈ | ၁၆၈၆၁.၃၄၂ |
| ၇ | ပဲ (ပိဿာ) | ၆၄၇၀ | ၁၁၂၁၂ | ၁၄၀၅၀.၇၀၂ | ၁၃၅၀ | ၁၂၁၀၉ | ၄၅၁၉၁.၇၀၂ |
| ၈ | ငါးသေတ္တာ (ဗူး) | ၃၄၈၀၀ | - | - | - | - | ၃၄၈၀၀ |
| ၉ | သီးစုံ (ထုပ်) | - | - | ၄၁၁ | - | - | ၄၁၁ |
| ၁၀ | ဘီစကစ် (ဖာ) | - | - | ၁၀၄၈ | - | - | ၁၀၄၈ |
| | ဘီစကစ် (တန်) | | - | ၁၆.၁၃၇ | | | ၁၆.၁၃၇ |
| ၁၁ | ကြက်သွန် (ပိဿာ) | - | - | - | - | ၉၆၈ | ၉၆၈ |
| ၁၂ | ခေါက်ဆွဲခြောက်(ဖာ) | - | - | ၅၅၇၉ | - | ၈၀ | ၅၆၅၉ |
| ၁၃ | အဝတ်အထည်(ထုပ်) | - | - | ၇၁ | - | ၆ | ၇၇ |
| ၁၄ | ငရုတ်သီးမှုန့်(ထုပ်) | - | - | - | - | ၃၂၂ | ၃၂၂ |
| ၁၅ | ဟင်းချိုမှုန့် (ထုပ်) | - | - | - | - | ၁၄၂ | ၁၄၂ |
| ၁၆ | အာလူး (အိတ်) | - | - | - | - | ၅၆ | ၅၆ |
| ၁၇ | ဂေါ်ဖီခြောက်(အိတ်) | - | - | - | - | ၃ | ၃ |
| ၁၈ | ငါးပိ (အိတ်) | - | - | - | - | ၁၂ | ၁၂ |
| ၁၉ | ငရုတ်သီးခြောက် (ပိဿာ) | - | - | - | - | ၁၆၅ | ၁၆၅ |
| ၂၀ | ကြက်ဥ (လုံး) | - | - | - | - | ၅၀၀ | ၅၀၀ |
| ၂၁ | ခြင်ထောင် (လုံး) | - | - | - | - | ၈၀ | ၈၀ |
| ၂၂ | စပါးရိတ်သိမ်းခြွေလှေ့စက် (လုံး) | - | - | - | ၃၀ | - | ၃၀ |
| ၂၃ | မီးစက် (လုံး) | - | - | - | ၅ | - | ၅ |
| ၂၄ | အာဟာရမှုန့် (တန်) | - | - | ၅၇.၇၁၃ | - | - | ၅၇.၇၁၃ |
| ၂၅ | ဂျုံ (အိတ်) | - | - | ၂၂၂၂ | - | - | ၂၂၂၂ |
| ၂၆ | ရွက်ဖျင်တဲ (ခု) | - | - | ၁၂ | - | - | ၁၂ |
| ၂၇ | ရေဒီယို (လုံး) | - | ၃၀၀၀ | - | | - | ၃၀၀၀ |
| ၂၈ | ဆိုလာမီး (စုံ) | - | ၄၆၅ | - | - | - | ၄၆၅ |
| ၂၉ | မော်တော်ယာဉ် (စီး) | - | ၁ | - | - | - | ၁ |

ရခိုင်ပြည်နယ်၊ မောင်တောဒေသအတွင်းအကြမ်းဖက်တိုက်ခိုက်ခံရမှု ကြုံတွေ့ပြီးနောက်ပိုင်း
လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးအပ်မှုအခြေအနေ
(၁၈-၂-၂၀၁၇ မှ ၅-၄-၂၀၁၇ ထိ)

ရက်စွဲ၊ ၅-၄-၂၀၁၇

| စဉ် | စားသောက်ကုန် ပစ္စည်းများ အိမ်သုံး နှင့် လုပ်ငန်းသုံးပစ္စည်းများထောက်ပံ့မှု အခြေအနေ | ဌာန/ အဖွဲ့အစည်း | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|
| | | လူမှုဝန်ထမ်း ကယ်ဆယ်ရေး နှင့် ပြန်လည် နေရာချထားရေး ဝန်ကြီးဌာန | နယ်စပ်ရေးရာ ဝန်ကြီးဌာန | နိုင်ငံတကာအဖွဲ့ အစည်းများ (WFP အပါအဝင်) | ရခိုင်ပြည်နယ် အစိုးရအဖွဲ့ | ပြည်တွင်းအလှူရှင်များ | |
| ၁ | ငွေသား(ကျပ် သန်း) | - | | ၁၇၀.၂၀ | ၂၆၈.၉၄ | - | ၄၃၉.၁၅ |
| ၂ | ဆန် (အိတ်) | - | ၁၅၀၀ | ၃၃၁.၈၁ | - | - | ၁၈၃၁.၈၁ |
| ၃ | စားဆီ (ပိဿာ) | - | ၁၀၀၀ | ၄၉၆.၂၅ | - | - | ၁၄၉၆.၂၅ |
| ၄ | ဆား (ပိဿာ) | - | ၃၀၀၀ | ၁၁၇.၉၇ | - | - | ၃၁၁၇.၉၇ |
| ၅ | ပဲ (ပိဿာ) | - | ၃၀၀၀ | ၇၃၄.၆ | - | - | ၃၇၃၄.၆၀ |

## မောင်တောခရိုင်အတွင်းရှိ ကျေးရွာများသို့ ကွင်းဆင်း၍ ကျန်းမာရေးစောင့်ရှောက်မှုပေး

မောင်တော မေ ၅

**ရခိုင်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသောင်းလှိုင်နှင့် မောင်တောကျန်းမာရေးဦးစီးဌာနမှူး၊ ဘူးသီးတောင်မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး၊ ခရိုင်/မြို့နယ် ကျန်းမာရေးအဖွဲ့တို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၄ ရက်နှင့် ၅ ရက်တို့တွင် မောင်တောခရိုင်အတွင်းရှိ ကျေးရွာများသို့ ကွင်းဆင်း၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဖြစ်သည့် တိုးချဲ့ကာကွယ်ဆေးထိုးခြင်းလုပ်ငန်း၊ ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုလုပ်ငန်း၊ ကျန်းမာရေးပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။**

ထိုသို့လုပ်ဆောင်ရာတွင် မေ ၄ ရက်က မောင်တောခရိုင် တောင်ပြို မြို့နယ်အပိုင် သဘော်လုကျေးရွာရှိ အမျိုးသား၊ အမျိုးသမီး ၁၂၁ ဦး၊ ငါးနှစ်အောက်ကလေး ၂၅ ဦးနှင့် ကိုယ်ဝန်ဆောင်မိခင် ခြောက်ဦးတို့အား ကျန်းမာရေး စောင့်ရှောက်မှုပေးခဲ့ကြောင်း၊ မေ ၅ ရက်တွင် မောင်တောခရိုင် အလယ်သံကျော်တိုက်နယ်အပိုင် ကံပူးကျေးရွာရှိ အမျိုးသား၊ အမျိုးသမီး ၂၈၇ ဦး၊ ငါးနှစ်အောက်ကလေး ၃၅ ဦးနှင့် ကိုယ်ဝန်ဆောင်မိခင် ၄၇ ဦးတို့အား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။



အဆိုပါအဖွဲ့အနေဖြင့် ၂၀၁၆ ခုနှစ် အောက်တိုဘာ အကြမ်းဖက်စီးနင်း တိုက်ခိုက်မှုဖြစ်စဉ် ဖြစ်ပွားပြီးချိန်မှစ၍ မောင်တောခရိုင်အတွင်းရှိ ကျေးရွာများသို့ သွားရောက်၍ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ လုပ်ဆောင်ပေးခဲ့ပြီး အခြားသောကျေးရွာအုပ်စုများသို့လည်း ဆက်လက်ကွင်းဆင်း၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ- ရာမည၊ တင်စိုး**

## အောင်သာယာကျေးရွာ၌ နေအိမ်တစ်လုံး မီးလောင်

**နေပြည်တော် မေ ၅**

မောင်တောမြို့နယ် အောင်သာယာ(နတလ)ကျေးရွာမှ နေအိမ်တစ်လုံး ယမန်နေ့ညက မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အောင်သာယာ (နတလ)ကျေးရွာနေ ဒေါ်စောသိန်းရင်၏ နေအိမ်၌ ယမန်နေ့ ည ၉ နာရီခန့် က မီးလောင်မှုဖြစ်ပွားခဲ့သဖြင့် ငွေကျပ် ၅၀၀၀၀ ခန့်တန်ဖိုးရှိ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်းနေအိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

## ပြင်ဆင် ဖတ်ရှုပါရန်

မေ ၄ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၅ တွင် ဖော်ပြခဲ့သော" **ပြည်သူတွေရဲ့စိတ်ဝင်စားမှုက ကြားဖြတ်ရွေးကောက်ပွဲပေါ်မှာ အားနည်းတဲ့သဘာဝရှိပါတယ်**" သတင်း၏ လေးကော်လံမြောက် ဒုတိယစာကြောင်း၌ "စောင့်ကြည့်လေ့လာရေးအဖွဲ့" **အစား** "နည်းပညာပိုင်းဆိုင်ရာ အကူအညီပေးသည့်အဖွဲ့" ဟု ပြင်ဆင်ဖတ်ရှုပါရန်

စာတည်း(သတင်းစဉ်)

## ကျားခေါင်းတောင်ကျေးရွာနေ အမျိုးသမီးသုံးဦး အဓမ္မပြုကျင့်ခံရသည်ဟုဆိုကာ အမှုဖွင့်တိုင်ကြား

**နေပြည်တော် မေ ၅**

မောင်တောမြို့နယ် ကျားခေါင်းတောင်ကျေးရွာမှ အမျိုးသမီးသုံးဦးသည် လွန်ခဲ့သည့် သုံးလခန့်က အဓမ္မပြုကျင့်ခံရသည်ဟုဆိုကာ ငါးခူရရဲစခန်းသို့ လာရောက်တိုင်တန်းခဲ့သဖြင့် စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

ကျားခေါင်းတောင်ကျေးရွာနေ မဖာတေမာခါတူနှင့် မဇော်မီလာခါတူတို့သည် မတ် ၃၀ရက် ညနေပိုင်းတွင်လည်းကောင်း၊ မမော်ရီယာခါတူသည် မတ် ၃၁ ရက် နံနက်ပိုင်းတွင်လည်းကောင်း ငါးခူရနယ်မြေရဲစခန်းတွင် လာရောက်တိုင်ကြားခဲ့ကြခြင်းဖြစ်သည်။

၎င်းတို့၏ တိုင်ကြားချက်အရ ငါးခူရရဲစခန်းမှ ရာဇသတ်ကြီးပုဒ်မ ၃၇၆ ဖြင့် အမှုဖွင့်လှစ်ပြီး အမှုမှ တရားလိုနှင့် သက်သေများအား စစ်ဆေးခြင်း၊ ပြစ်မှုကျူးလွန်ခံရသူများအား မှုခင်းဆေးစာဖြင့် ဆေးစစ်ချက်ခံယူနိုင်ရေး အခင်းဖြစ်ရပ် စစ်ဆေးနိုင်ရေးနှင့် တရားခံစုံစမ်းဖော်ထုတ်နိုင်ရေးတို့ စီမံဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

## မောင်တောမြို့နယ်၌ လူသတ်တရားခံတစ်ဦး ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် မေ ၅**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်း နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များ ယမန်နေ့က လှည့်ကင်းဆောင်ရွက်စဉ် မသင်္ကာသူ သုံးဦးအား ခေါ်ယူစစ်ဆေးမေးမြန်းရာမှ ဘူးသီးတောင်မြို့နယ် မောင်ကြီးတောင်ကျေးရွာ လှေဆိပ် လူသတ်မှုဖြစ်စဉ်တွင် ပါဝင်ခဲ့သူတစ်ဦးအား ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးဆောင်ရွက်ရန်နှင့် ထွက်ပြေးလွတ်မြောက်သွားသူများအား ဖမ်းဆီးနိုင်ရေးအတွက် မောင်ကြီးတောင်ကျေးရွာအတွင်း ယမန်နေ့ နံနက်ပိုင်းက ကင်းလှည့်စဉ် မောင်ကြီးတောင်အလယ်ရွာနေ ဘောဒီယာ (၂၀) နှစ် အပါအဝင် သုံးဦးအား မသင်္ကာသဖြင့် ခေါ်ယူစစ်ဆေးမေးမြန်းရာမှ ဘောဒီယာသည် မောင်ကြီးတောင်ကျေးရွာနေ ဇာမာဟူဆိန်အား မတ် ၅ ရက်က သတ်ဖြတ်မှုတွင် ကိုယ်တိုင်ပါဝင်ခဲ့ကြောင်း သိရပြီး ၎င်းနှင့်အတူ ခေါ်ယူစစ်ဆေးမေးမြန်းခဲ့သည့် မောင်ကြီးတောင်အလယ်ရွာနေ မာမတ်အာမိန် (၂၅)နှစ်နှင့် ကော်လီမူလ္လာ (၂၂)နှစ်တို့ နှစ်ဦးအား ပုဒ်မ ၁၄၄ ဖောက်ဖျက်သဖြင့် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ

**ဥပဒေ၏ပူးတွဲပါဇယားများ**

(ယမန်နေ့မှအဆက်)

နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ဇယား(၁၆)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ - သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ - ထုတ်ချေးငွေ | ကြွေးမြီ - ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | နေပြည်တော်စည်ပင်သာယာရေးကော်မတီ | နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌကတာဝန်ပေးသူ | ၂၅,၈၅၇.ဝ၆၅ | | ၁၁,ဝ၁၄.၉၃၅ | ၂,၈ဝ၃.၄၇၇ | | | | | ၃၉,၆၇၅.၄၇၇ |
| | ပေါင်း | | ၂၅,၈၅၇.ဝ၆၅ | | ၁၁,ဝ၁၄.၉၃၅ | ၂,၈ဝ၃.၄၇၇ | | | | | ၃၉,၆၇၅.၄၇၇ |

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ဇယား(၁၇)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ - အခွန်အကောက် | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ထောက်ပံ့ငွေရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ကြွေးမြီ - ထုတ်ချေးငွေအတွက်ပြန်ရငွေ | ကြွေးမြီ - ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ | စုဆောင်းငွေမှ ရငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၁ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | | | ၄၉၂,၁၃၉.ဝ၈၅ | | | | | | ၃,၉၅၇.၉ဝဝ | | | ၄၉၆,ဝ၉၆.၉၈၅ |
| | ပေါင်း | | | | ၄၉၂,၁၃၉.ဝ၈၅ | | | | | | ၃,၉၅၇.၉ဝဝ | | | ၄၉၆,ဝ၉၆.၉၈၅ |

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ဇယား(၁၈)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ - သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ - ထုတ်ချေးငွေ | ကြွေးမြီ - ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | ၃၄၃,၂၂၂.၅၇၉ | | | ၂,၆၇ဝ.၂၄၆ | | | | | ၃၄၅,၈၉၂.၈၂၅ |
| | ပေါင်း | | ၃၄၃,၂၂၂.၅၇၉ | | | ၂,၆၇ဝ.၂၄၆ | | | | | ၃၄၅,၈၉၂.၈၂၅ |

# ရန်ကုန်တိုင်းဒေသကြီးကမ်းပြိုကာကွယ်ရေး အချိန်မီပြီးစီးရေးဆောင်ရွက်

**ရန်ကုန် ဧပြီ ၅**

ရန်ကုန်တိုင်းဒေသကြီး ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အနက် ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ် ငါးမာန်အောင် ဘုရားလမ်း (၃၃) ရပ်ကွက်ရှိ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းနှင့် လှည်းကူးမြို့နယ် ကျွဲလူးဆိပ်ကျေးရွာ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ မိုးမကျမီ စီမံကိန်းလုပ်ငန်းများ အချိန်မီပြီးစီးရေး တွန်းအားပေး ဆောင်ရွက်လျက်ရှိကြောင်း တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

“ကျွန်တော်တို့ဒီစီမံကိန်းတွေ အရည်အသွေးမီ အချိန်နဲ့တစ်ပြေးညီ ပြီးစီးဖို့အတွက် ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ရေအရင်းအမြစ်နဲ့ မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နဲ့ တာဝန်ရှိသူတွေဟာ တည်ဆောက်ရေးလုပ်ငန်းခွင်ကို မတ်လကုန်ပိုင်းက လာရောက်ကြည့်ရှုစစ်ဆေးမှုတွေ ပြုလုပ်ခဲ့ပါတယ်။ ဒီလိုကမ်းပြိုကာကွယ်ရေးလုပ်ငန်းတွေကို အချိန်မီပြီးစီးအောင် ဆောင်ရွက်နိုင်ခြင်းဖြင့် ဒေသမှာရှိတဲ့ ကျေးရွာနေအိမ်တွေ ပြောင်းရွှေ့စရာမလိုဘဲ လုံခြုံစိတ်ချစွာ နေထိုင်နိုင်ကြမှာဖြစ်ပါတယ်။ ဒါ့အပြင် ပဲခူးမြစ်ကမ်းဘေးမှာရှိတဲ့ လယ်ယာမြေများ ပျောက်ဆုံးမှုမှ ကာကွယ်ပေးနိုင်မှာ ဖြစ်ပါတယ်”ဟု ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးမှူး ဦးအောင်ကျော်မှူးက ပြောသည်။

ဒဂုံမြို့သစ် မြောက်ပိုင်းမြို့နယ် ငါးမာန်အောင်ဘုရားလမ်း (၃၃) ရပ်ကွက်ရှိ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ် မူလခွင့်ပြုရန်ပုံငွေကျပ် ၄၅၄ သန်းဖြင့် ဆောင်ရွက်ခဲ့ကာ ဘိုးပိုင်အခြေပြု ကျောက်စီမြေထိန်းနံရံ အလျားပေ ၆၉၀ ရှိကြောင်း၊ လှည်းကူးမြို့နယ် ကျွဲလူးဆိပ်ကျေးရွာရှိ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းမှာ တိုင်းဒေသကြီးအစိုးရအဖွဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၅၂၇ သန်းဖြင့် ဆောင်ရွက်ပြီး ဘိုးပိုင်ထိန်းသံခြင်း အခြေပြု ကျောက်စီမြေထိန်းတမံ အမျိုးအစားဖြစ်ကာ အလျားပေ ၁၄၈၀ ရှိကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး၊ဓာတ်ပုံ-သက္က**



# ဘေးကင်းစိတ်ချရသည့် စားသုံးသီးနှံများ ထုတ်လုပ်နိုင်ရန် ဆောင်ရွက်



**စစ်ကိုင်း ဧပြီ ၅**

၂၀၁၆-၂၀၁၇ ခုနှစ် ဘဏ္ဍာရေးနှစ် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းရန်ပုံငွေ အထောက်အပံ့ဖြင့် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (Good Agricultural Practices) နည်းပညာပေး သင်တန်းကို မုံရွာမြို့ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ဧပြီ ၄ ရက်နှင့် ၅ ရက်က ပြုလုပ်ခဲ့သည်။

သင်တန်းဖွင့်ပွဲကို ဧပြီ ၄ ရက်က ပြုလုပ်ရာ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးကမ်ဇာမုံနှင့်တိုင်းဒေသကြီးစိုက်ပျိုးရေးဒုတိယဦးစီးမှူး (၂) ဦးထွန်းရှိန်က အမှာစကားပြောကြားသည်။

"အရင်ကာလတွေက စိုက်ပျိုးရေး လုပ်ငန်းတွေဟာ စားနပ်ရိက္ခာဖူလုံရေး ဦးတည်ချက်ကို ဦးစားပေးဆောင်ရွက်ခဲ့ပေမယ့် ယခုအခါ ဘေးကင်းလုံခြုံစိတ်ချရတဲ့ စားသုံးသီးနှံတွေ ထုတ်လုပ်နိုင်ဖို့ ဦးတည်ချက်ကို အလေးထားလုပ်ဆောင်နေပါတယ်။ သီးနှံအရည်အသွေး မြင့်မားဖို့အချက်တွေ အများကြီးရှိတဲ့ အထဲက ဈေးကွက်အကြိုက် သီးနှံမျိုး ဖြစ်ရမှာဖြစ်သလို ဓာတုဆေးဝါး ဓာတ်ကြွင်းတွေလည်း ကင်းစင်ရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် သီးနှံရိတ်သိမ်းလွန် အဆင့်မှာ စနစ်တကျဆောင်ရွက်ဖို့လိုပြီး စိုက်ပျိုးထုတ်လုပ်မှုအဆင့်ဆင့်မှာ ဂေဟစနစ်ကို မထိခိုက်စေတဲ့ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းတွေနဲ့ ထုတ်လုပ်စိုက်ပျိုးတာတွေ ပါဝင်ပြီး ဒီအဆင့်သုံးဆင့်ကို စနစ်တကျဆောင်ရွက်မှသာ ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းရှိတဲ့ အရည်အသွေးကောင်း သီးနှံတွေ တိုးမြှင့်ထုတ်လုပ်နိုင်မှာ ဖြစ်ပါတယ်" ဟု ဝန်ကြီး ဦးကမ်ဇာမုံက ပြောကြားသည်။

ကမ္ဘာပေါ်တွင် သီးနှံစိုက်ပျိုးရေး လုပ်ငန်းများအတွက် ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာအပါအဝင် အခြားဓာတုပစ္စည်းများကို သုံးစွဲနေကြရင်း ဓာတုပစ္စည်းများ၏ ဓာတ်ကြွင်းအာနိသင် အကျိုးဆက်ကြောင့် လူနှင့်တိရစ္ဆာန်တို့၏ အသက်အန္တရာယ်ကို ထိခိုက်သေဆုံးလာသည်အထိ ကြုံတွေ့လာကြရသည်ကို တွေ့ရကြောင်း ဝန်ကြီးက သုံးသပ်ပြောကြားသည်။

ထိုသို့သေဆုံးရခြင်းကို စိစစ်ပါက ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ၊ အစားအသောက်များတွင် ကပ်ပါလာသော ဓာတုဆေးဓာတ်ကြွင်း အာနိသင်များကြောင့်ဖြစ်ရသည်မှာရာခိုင်နှုန်း အများဆုံးဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

# မန္တလေးမြို့၌ သင်္ကြန်အကြိုထစ်ချုန်းမိုးရွာ၍ အရွယ်ကြီးသော မိုးသီးများကျဆင်းနိုင်

**မန္တလေး ဧပြီ ၅**

မန္တလေးမြို့တွင် ဧပြီလဆန်းမှစ၍ အပူချိန်မြင့်တက်လာမှုနှင့်အတူ သင်္ကြန်အကြိုကာလ၌ ထစ်ချုန်းမိုးများရွာသွန်းနိုင်ပြီး အရွယ်အစားကြီးမားသော မိုးသီးများလည်း ကျဆင်းလာနိုင်ကြောင်း အထက်မြန်မာပြည်မိုးလေဝသနှင့် ဇလဗေဒဌာနခွဲ ညွှန်ကြားရေးမှူး ဦးကျော်လွင်ဦးက ပြောသည်။

"မိုးဇလဌာနမှတ်တမ်းများအရ ပြောရမယ်ဆိုရင် နှစ်စဉ် ဒီလိုဧပြီလတိုင်းမှာ သင်္ကြန်အကြို ထစ်ချုန်းမိုးတွေရွာလေ့ရှိတယ်။ ရွာတဲ့အခါမှာလည်း လေပြင်းတွေ တိုက်ပြီး အရွယ်အစားကြီးမားတဲ့ မိုးသီးတွေကြွေကျနိုင်ပါတယ်"ဟု ၎င်းက ပြောသည်။

မိုးလေဝသနှင့် ဇလဗေဒမှတ်တမ်းများအရ ၂၀၀၁ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ ၁၅ နှစ်တာကာလအတွင်း ဧပြီလတိုင်းတွင် မိုးရေချိန် ၁ လက်မမှ ၁ လက်မခွဲအထိ သင်္ကြန်အကြိုမိုးများ ရွာသွန်းမှုဖြစ်ပေါ်ခဲ့ပြီ အားကောင်းသော မိုးတိမ်တောင်များကြောင့် ထစ်ချုန်းမိုးများရွာသွန်းကာ အရွယ်အစားကြီးမားသော မိုးသီးများကြွေကျခဲ့ကြောင်း ယင်းဌာန၏မှတ်တမ်းများအရ သိရသည်။

"မိုးတိမ်တောင်တွေ မှတ်တမ်းက ၁ နာရီ ၂ နာရီလောက်အထိ ကြာတတ်တယ်။ လေဆင်နှာမောင်း တိုက်ခတ်တာမျိုးတောင် ရှိတတ်တယ်။ အရွယ်အစားကြီးမားတဲ့ မိုးတိမ်တောင်တွေ ရွေ့လျားတယ်ဆိုရင် လေတိုက်နှုန်းပြင်းထန်တယ်။ အလွယ်ဆုံးပြည်သူကို အသိပေးချင်တာကတော့ ကိုယ့်ဒေသမှာ မိုးခြိမ်းသံကြားတယ်ဆိုရင် အပူအားကောင်းတဲ့ မိုးတိမ်တောင်ကြီးတစ်ခုရှိနေတယ်ဆိုတာ သတိပြုဖို့သင့်ပါတယ်။ ဒါမှသာ ဆိုးရွားတဲ့ရာသီဥတုဖြစ်စဉ်တွေကို ရှောင်ရှားနိုင်မှာပါ" ဟု ၎င်းက ဆက်လက်ပြောသည်။

မန္တလေးမြို့၌ နှစ်စဉ် ဧပြီလတိုင်းတွင် မိုးရွာသွန်းမှုအနေဖြင့် ၁၉၆၄ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ်အထိ မိုးရေချိန်လက်မ ၃လက်မမှ ၅ လက်မအတွင်း ရွာသွန်းခဲ့ပြီး ၂၀၀၁ ခုနှစ်မှ ၂၀၁၆ ခုနှစ်အတွင်း ရွာသွန်းမှု မိုးရေချိန်လျော့နည်းသွားသော်လည်း မိုးတိမ်တောင်ဖြစ်စဉ်များကြောင့် ဆိုးရွားသော ရာသီဥတုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ရမည်းသင်းမြို့တွင် ခံစပ်ကုန်းကန် ပြန်လည်ပြုပြင်



**ရမည်းသင်း ဧပြီ ၅**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့တွင် မြို့သုံးရေအတွက် အဓိကအားထားရသော ခံစပ်ကုန်းကန် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိရုံး ရမည်းသင်းမြို့မှ ဆောင်ရွက်လျက်ရှိရာ ၆၀ ရာခိုင်နှုန်းကျော် ပြီးစီးပြီဟု သိရသည်။

အဆိုပါ ခံစပ်ကုန်းကန်သည် ရှေးယခင်ကတည်းက တည်ဆောက်ထားသော ကန်တစ်ကန်ဖြစ်ပြီး မြို့အနောက်ဘက် အောင်မင်္ဂလာရပ်ကွက်အတွင်းတွင် တည်ရှိသည်။ ယင်းကန်အတွင်းသို့ သစ်ဆုံဆည်မှတစ်ဆင့် ကတင်ကန်၊ ကတင်ကန်မှတစ်ဆင့် ကတင်ကျီးနီကန်ကို ဆက်သွယ်သောမြောင်းအတိုင်း ရေထည့်သွင်းရပြီး မြို့ပေါ်ရပ်ကွက် အသီးသီးရှိ ကန်များ၊ ရေစုယူနိုင်သောနေရာများသို့ ရေပေးဝေလျက်ရှိသည့် ကန်တစ်ကန်ဖြစ်သည်။

လွန်ခဲ့သောနှစ်က ရမည်းသင်းမြို့တွင် စံချိန်တင် မိုးရေထက် ကျော်လွန်ကာ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကန်ပေါင်များ ကျိုးပေါက်ပျက်စီးမှုရှိခဲ့ပြီး ယာယီသာ ရေသိုလှောင်နိုင်ကြောင်း သိရသည်။ ထို့ကြောင့် ခံစပ်ကုန်းကန် ယာယီရေသိုလှောင်နိုင်ခြင်းမှ ကန်ပေါင်ခိုင်မာတောင့်တင်းပြီး ရေပိုမိုသိုလှောင်နိုင်ရန်အတွက် ကန်အတွင်း သဲနုန်းတူးဖော်ခြင်းလုပ်ငန်း၊ ကန်ပေါင်အားဖြည့်လုပ်ငန်း၊ ရေထုတ်အဆောက်အအုံ တည်ဆောက်ခြင်းလုပ်ငန်း၊ အခြားဆက်စပ်လုပ်ငန်းများ ဆောင်ရွက်သွားမည်ဟု သိရသည်။

အဆိုပါ ခံစပ်ကုန်းကန် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ပြီးစီးပါက မြို့ပေါ်ရပ်ကွက်အသီးသီးရှိ ရေကန်များတွင် ရေကို ယခင်ကထက် အဆင်ပြေစွာ ရရှိမည်ဖြစ်၍ မြို့သုံးရေ အတွက်များစွာ အကျိုးပြုမည်ဖြစ်သည်။

**အတ်ကလေး (ရမည်းသင်း)**

# အမျိုးသား သတင်းဆုပေးပွဲကျင်းပမည်

**ရန်ကုန် ဧပြီ ၅**

မြန်မာနိုင်ငံသတင်းစာဆရာအသင်း အမျိုးသားသတင်းဆုရွေးချယ်ရေး ကော်မတီက ကြီးမှူး၍ ပဉ္စမအကြိမ် အမျိုးသားသတင်းဆုပေးပွဲကို ကမ္ဘာ့သတင်းလွတ်လပ်ခွင့်နေ့ဖြစ်သည့် မေ ၃ ရက်တွင် ကျင်းပမည်ဖြစ်သည်။

အမျိုးသားသတင်းဆုချီးမြှင့်ရာတွင် သတင်းသူရဲကောင်းဆု (The Hero of Journalist)၊ အကောင်းဆုံးသတင်းဆု (The Best News Story Award)၊ အကောင်းဆုံးသတင်းဆောင်းပါးဆု(The Best Feature Award)၊ အကောင်းဆုံးသတင်းဓာတ်ပုံဆု (The Best News Photo Award)၊ အကောင်းဆုံးသတင်းကာတွန်းဆု (The Best Newspaper Cartoon Award)၊ အကောင်းဆုံးရုပ်/သံ သတင်းဆု (The Best TV News Story Award) တို့ကိုပေးအပ်မည်ဖြစ်သည်။

အမျိုးသားသတင်းဆု ရွေးချယ်ရေးကော်မတီသို့ သတင်းသမားကိုယ်တိုင်မှ မိမိရေးသားသည့်သတင်း၊ မိမိကိုယ်တိုင်ရိုက်ကူးသည့်ဓာတ်ပုံ၊ ကာတွန်းကို ပေးပို့နိုင်သည်။ ထို့အပြင် အခြားသူတစ်ဦးက သူကြိုက်နှစ်သက်သည့် သတင်း၊ ဓာတ်ပုံ၊ ကာတွန်းကို ကိုယ်စားပေးပို့နိုင်သည်။

သတင်းဌာနများမှ မိမိတို့ထုတ်ဝေ၊ ထုတ်လွှင့်သည့် မြန်မာနိုင်ငံနှင့် သက်ဆိုင်သည့် မည်သည့်သတင်းသုံးပုဒ်ကိုမဆို ပေးပို့နိုင်သည်။ ထိုသို့ Nomination ပုံစံဖြင့် ပေးပို့သည့် သတင်း၊ ဆောင်းပါး၊ ကာတွန်းနှင့် သတင်းဓာတ်ပုံများသည် ၂၀၁၆ခုနှစ် ဧပြီ ၁ ရက်မှ ၂၀၁၇ခုနှစ် မတ် ၃၁ ရက်အတွင်း ပုံနှိပ်မီဒီယာများတွင် ပုံနှိပ်ဖော်ပြထားသည့် သတင်းများဖြစ်ရမည်။ ပုံနှိပ်ထားရှိမှုကို မိတ္တူတင်ပြနိုင်ရမည်ဖြစ်ပြီး ရုပ်သံမီဒီယာများအနေဖြင့် မိမိတို့ဖော်ပြသည့် အွန်လိုင်းဝက်ဘ်ဆိုက် Link များကို ဖော်ပြပြီး ဧပြီ ၇ ရက်နောက်ဆုံးထားပေးပို့ ရမည်ဖြစ်သည်။ ဧပြီလကုန်တွင် သတင်းဆုများအား အပြီးသတ်ရွေးချယ်မည်ဖြစ်သည်။

သတင်းဆုအတွက် မိမိတို့၏ Nominations များကို info@mjournalistsa.org သို့လည်းကောင်း၊ မြန်မာနိုင်ငံသတင်းစာဆရာ အသင်း (MJA)အမှတ် ၁၇၃/၁၇၅ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့သို့ လူကိုယ်တိုင်သော်လည်းကောင်းပေးပို့နိုင်သည်။

**အောင်သူရ**

# အမြင့်တင်မီးသတ်စက်များ လွှဲပြောင်းပေးအပ်

**ရန်ကုန် ဧပြီ ၅**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အထပ်မြင့်အဆောက်အအုံများ မီးငြိမ်းသတ်ရေးလုပ်ငန်းများအတွက် အမြင့်တင်မီးသတ်စက် (High Pressure Pump)တစ်လုံးလျှင် ငွေကျပ်သိန်း ၂၃၅၀ တန်ဖိုးရှိ စုစုပေါင်း ၁၀ လုံး ကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ဝယ်ယူဖြည့်တင်းပေးခဲ့သည်။

ယင်းအမြင့်တင် မီးသတ်စက် ၁၀ လုံးကို ဧပြီ ၃ ရက်က ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် မီးသတ်ဦးစီးဌာန၌ မြို့နယ် ၁၀ မြို့နယ်သို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

ယင်းအခမ်းအနားသို့ တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးကြည်ဝင်း၊ The Relianee ကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဦးယဉ်ထွေးသက်နှင့် ဖိတ်ကြားထားသော မြို့နယ်မီးသတ်ဦးစီးမှူးများ တက်ရောက်ကြပြီး အမြင့်တင်မီးသတ်စက်ဖြင့် ရေတင်ခြင်းသရုပ်ပြသခဲ့ကြောင်း သိရသည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**



## မီးဖိုမီးအသုံးပြုလျှင်

၁။ လူစောင့်ထားပါ။
၂။ လောင်စာမီးအားကို လိုအပ်သည်ထက်ပိုမသုံးပါနှင့်။
၃။ မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပါ။
၄။ မီးဖိုနှင့်အမိုး၊ နံရံအကြားအပူခံအကာအရံများ ထားပါ။
၅။ ဆီအိုးတည်ပြီးမမေ့ပါနှင့်။

# ကုလသမဂ္ဂပင်လယ်ဥပဒေကွန်ဗင်းရှင်း ( UNCLOS)နှင့် မြန်မာ့ပိုင်နက်ပင်လယ်နှင့်ပင်လယ်ဇုန်များဥပဒေ

**လှမျိုးနွယ်**

*ဧပြီ ၄ ရက်နေ့မှ အဆက်*

**ပင်လယ်ဥပဒေ၏ အခြေခံအရင်းအမြစ် (Source of the Law of the Sea)**

ကမ္ဘာလုံးဆိုင်ရာ အာဏာသက်ဝင်မှုကို ဖြစ်ပေါ်စေခဲ့သော ကုလသမဂ္ဂပင်လယ်ဥပဒေကွန်ဗင်းရှင်း၏ အခြေခံအရင်းအမြစ် အချို့ကို ထုတ်နုတ်ရေးသားရလျှင် လစ်ဗျားနှင့်မော်လ်တာ နိုင်ငံတို့အကြား ကမ်းလွန်ရေတိမ်ပိုင်းနယ်နိမိတ်သတ်မှတ်ခြင်း ( Delimitation) နှင့်စပ်လျဉ်း၍ ဖြစ်ပွားသည့်အမှုတွင် ကုလသမဂ္ဂပင်လယ်ဥပဒေကွန်ဗင်းရှင်းသည် ဓလေ့ထုံးတမ်းဆိုင်ရာဥပဒေ၏ အာဏာသက်ရောက်မှုကို ထိရောက်စွာသက်သေပြသခြင်းဖြစ်ကြောင်း နိုင်ငံတကာတရားရုံး (ICJ) နှင့်တကွ အငြင်းပွားနှစ်နိုင်ငံစလုံးက သဘောတူခဲ့ကြပါသည်။ ထို့အတူ ကမ်းလွန်ရေတိမ်ပိုင်းနယ်နိမိတ်သတ်မှတ်ခြင်းနှင့် စပ်လျဉ်း၍ တူရကီနှင့်လစ်ဗျားနိုင်ငံများအကြား ဖြစ်ပွားသော အမှုတွင်လည်း သီးသန့်စီးပွားရေးဇုန်သတ်မှတ်ချက်အား နိုင်ငံတကာ ဓလေ့ထုံးတမ်းဥပဒေက အသိအမှတ်ပြုကြောင်း ICJ တရားရုံးက လက်ခံခဲ့ပါသည်။

ICJ ကဆုံးဖြတ်ခဲ့သော အမှုများတွင် ကျွန်းများ၏ ဥပဒေရေးရာအဆင့် (Status of Island) အပါအဝင် ပင်လယ်ဥပဒေကွန်ဗင်းရှင်း၏ ပြဋ္ဌာန်းချက်များသည် နိုင်ငံအများက လိုက်နာကြရသည့် နိုင်ငံတကာဆိုင်ရာ ဓလေ့ထုံးတမ်းဥပဒေက ပေါက်ဖွားလာခြင်းဖြစ်ကြောင်း လက်ခံလာသည်ကို လေ့လာတွေ့ရှိရပါသည်။

နိုင်ငံတကာတရားရုံး၊ နိုင်ငံတကာခုံသမာဓိရုံးများ၏ ဆုံးဖြတ်ချက်အရဆိုလျှင် နိုင်ငံတကာဓလေ့ထုံးတမ်းဆိုင်ရာဥပဒေ( Customary Law) ၏စည်းမျဉ်းများသည် စာချုပ်စာတမ်းများက ပေါ်ပေါက်လာသည့် ဥပဒေတာဝန်ရှိမှုများနှင့်တန်းတူအရေးပါကြောင်းနှင့် ၁၉၈၂ ခုနှစ်၊ ကုလသမဂ္ဂပင်လယ်ဥပဒေကွန်ဗင်းရှင်းသည် ကွန်ဗင်းရှင်းဝင်မဟုတ်သော နိုင်ငံများအတွက်ပင်လျှင် အလွန်အရေးကြီးကြောင်း အတည်ပြုပေးခဲ့ပါသည်။

**ပိုင်နက်ပင်လယ်**

နိုင်ငံတစ်နိုင်ငံ၏ ပိုင်နက်ပင်လယ်သည် အခြေခံမျဉ်းများမှ ပင်လယ်ဘက်သို့ ရေမိုင် ၁၂ မိုင်အထိ ကျယ်ဝန်းပြီး ယင်းပိုင်နက်ပင်လယ်အပေါ်ရှိ လေထုနှင့်ပိုင်နက်ပင်လယ်အောက်ရှိ ပင်လယ်ကြမ်းပြင်၊ အောက်ခံမြေထုအထိ သက်ဆိုင်ရာနိုင်ငံက အချုပ်အခြာ အာဏာကို အပြည့်အဝကျင့်သုံးနိုင်ပါသည်။ ၁၂ မိုင် သတ်မှတ်ချက်သည် နိုင်ငံများ၏လုပ်ငန်း (Functions) လုပ်ဆောင်နိုင်ရန် အကျယ်အဝန်းသတ်မှတ်ချက်သက်သက်မဟုတ်ဘဲ နိုင်ငံ၏အချုပ်အခြာအာဏာအခွင့်အရေး ကျင့်သုံးပိုင်ခွင့်နှင့် ဆောင်ရွက်ပိုင်ခွင့်ကိုပါ ခွင့်ပြုခြင်းဖြစ်ပါသည်။ ICJ က ဆုံးဖြတ်ခဲ့သည့် အမှုတစ်ခုတွင် တရားသူကြီး Mc Nair က ပိုင်နက်ပင်လယ်အပေါ် အချုပ်အခြာအာဏာသက်ရောက်မှု အယူအဆသည် နိုင်ငံဖြစ်တည်လာသည်နှင့်ယင်း၏ မွေးရာပါ မူလရပိုင်ခွင့် (Inherent) ဖြစ်ကြောင်း၊ ကမ်းရိုးတန်းနိုင်ငံက တောင်းဆိုရန် မလိုကြောင်း ရှင်းလင်းပြောကြားခဲ့သည်ကို ဖတ်ရှုခဲ့ဖူးပါသည်။

ပိုင်နက်ပင်လယ်၏ ပြင်ပအနားစွန်း(Outer Edge of the Territorial Sea )ကို သတ်မှတ်ရာတွင် ကမ်းရိုးတန်း၏ အထွေထွေလားရာပုံသဏ္ဌာန်(General Shape of the Coast) အတိုင်း သတ်မှတ်ရမည်ဖြစ်သည်။ ပင်လယ်နယ်ပယ်ဧရိယာများ (Maritime Areas) ကို သတ်မှတ်ရာတွင် အခြေခံအမှတ်များဖြင့်ရေးဆွဲထားသည့် ပုံမှန်အခြေခံမျဉ်း (Normal Baseline) ကစတင်ရမည်ဖြစ်သည်။ ပုံမှန်အခြေခံမျဉ်းမှာ ရေစစ်မျဉ်း( Low Water Line ) ဖြစ်ပါသည်။ သို့သော် ပုံမှန်အခြေခံမျဉ်း နည်းလမ်းဖြင့်သတ်မှတ်ရာတွင် ဥပမာ-တနင်္သာရီကမ်းရိုးတန်းကဲ့သို့အတွင်းဘက်အား နက်ရှိုင်းစွာချိုင့်ဝင်နေသောကမ်းရိုးတန်း (Deeply Indented Coast Line) ဖြစ်လျှင် အထွေထွေလားရာ ပုံသဏ္ဌာန်အတိုင်းသတ်မှတ်ပါက လက်တွေ့တွင် ရေဧရိယာ အမြောက်အမြား ဆုံးရှုံးမှုဖြစ်နိုင်ကြောင်း တွေ့ရှိလာကြပါသည်။ Scandinavia နှင့် Scotland ကဲ့သို့ ကျိုးပြတ်နေသော ကမ်းရိုးတန်း (Broken Coast Lines ) များကိုလည်း သာဓကအဖြစ်တွေ့ရှိနိုင်ပါသည်။ ဤသို့ ထူးခြားသော အနေအထားဖြစ်နေသည့် ကမ်းရိုးတန်းများနှင့်စပ်လျဉ်း၍ အခြေခံမျဉ်းအား မျဉ်းဖြောင့် ( Straight Baseline ) စနစ်အရ ရေးဆွဲသတ်မှတ်ခြင်းကို ခြွင်းချက်အဖြစ် စဉ်းစားလာကြပါသည်။ ပိုမိုရှင်းလင်းစွာရေးသားရပါလျှင် ကမ်းရိုးတန်းပေါ်တွင် ပုံသေ အမှတ် ( Fixed Point) များသတ်မှတ်ပြီး ယင်းအမှတ်များကိုဆက်၍ မျဉ်းဖြောင့်ရေးဆွဲခြင်းနည်းလမ်းပင်ဖြစ်ပါသည်။

**သက်ရှိသက်မဲ့၊ သယံဇာတပစ္စည်းများကို စူးစမ်းရှာဖွေရေး၊ ဖမ်းယူရေး၊ တူးဖော်ထုတ်လုပ်ရေးအတွက်ဖြစ်စေ၊ ရေယာဉ်များ လွယ်ကူစွာသွားလာနိုင်ရေးအတွက်ဖြစ်စေ၊ အခြားကိစ္စရပ်အတွက်ဖြစ်စေ၊ လူသားတို့ ဖန်တီးသော ကျွန်းများ၊ကမ်းလွန်စခန်းများ၊ အဆောက်အအုံများနှင့် အခြားပစ္စည်းကိရိယာများကို တည်ဆောက်ရေး၊ ထိန်းသိမ်းရေးနှင့် အသုံးပြုရေးတို့အတွက် သီးသန့်လုပ်ပိုင်ခွင့်နှင့် သီးသန့်အခွင့်အာဏာများလည်းရှိ**

**အခြေခံမျဉ်းဖြောင့်စနစ်**

လက်တွေ့အားဖြင့်အခြေခံမျဉ်းဖြောင့်ကို ရေးဆွဲခြင်းသည် နိုင်ငံ၏အတွင်းပိုင်းရေပြင်သို့ကျရောက်လာမည့် ကမ်းရိုးတန်းရေပြင်များကို ပိုမိုကျယ်ဝန်းစေသည့်သဘောဖြစ်ပါသည်။အစပိုင်းတွင်အခြေခံမျဉ်းဖြောင့်စနစ်ကျင့်သုံးခြင်းနှင့်ပတ်သက်၍ အပြည်ပြည်ဆိုင်ရာဥပဒေနှင့်ဆန့်ကျင်ကြောင်း စိန်ခေါ်မှုများ ကျယ်ကျယ်ပြန့်ပြန့်ရှိခဲ့ပြီး အမှုများလည်း ဖြစ်ပွားခဲ့ပါသည်။ သို့သော် နောက်ပိုင်းတွင် နိုင်ငံတကာတရားရုံးက အခြေခံမျဉ်းဖြောင့်စနစ်သည် သင့်လျော်သော အခြေအနေများတွင် အပြည်ပြည်ဆိုင်ရာ ဥပဒေအရတရားဝင်ဖြစ်ကြောင်း ဆုံးဖြတ်ခဲ့ဖူးသည်ကို စာရေးသူမှတ်သားမိပါသည်။

ကမ်းရိုးတန်းသည် ပထဝီအနေအထားအရ အတွင်းပိုင်းသို့ နက်ရှိုင်းစွာချိုင့်ဝင် သို့မဟုတ် ခွက်ဝင်နေလျှင် အခြေခံမျဉ်းဖြောင့်ရေးဆွဲရန် ခွင့်ပြုနိုင်ကြောင်း၊သို့သော်လည်း ရေးဆွဲရာတွင်ကမ်းရိုးတန်း၏ ယေဘုယျလားရာလမ်းကြောင်း (Direction) မှသိသာထင်ရှားစွာသွေဖည်ခြင်းမဖြစ်စေရန်သာ လိုကြောင်းဖွင့်ဆိုလာကြပါသည်။ ထို့အပြင် အခြားစဉ်းစားသည့်အချက်အဖြစ် အခြေခံမျဉ်း၏ ကုန်းတွင်းပိုင်းသို့ ကျရောက်သောရေထုသည် နိုင်ငံတစ်နိုင်ငံ၏ အတွင်းပိုင်းရေပြင်အဖြစ်သတ်မှတ်ထားသည့် ကုန်းမြေနှင့်နီးကပ်စွာ ဆက်စပ်တည်ရှိနေလျှင် အခြေခံမျဉ်းဖြောင့်စနစ်ကို အသုံးပြုခွင့်ရသည့်သဘောဖြစ်ပါသည်။

ဤနေရာတွင် အလျဉ်းသင့်၍ အိမ်နီးချင်း သို့မဟုတ် ဘေးချင်းကပ် သို့မဟုတ် မျက်နှာချင်းဆိုင် ကမ်းရိုးတန်း တည်ရှိနေသော နိုင်ငံများ၏ ပိုင်နက်ပင်လယ်နယ်နိမိတ်သတ်မှတ်မှုကို အကြမ်းဖျင်းဖော်ပြရပါလျှင် အထွေထွေစည်းမျဉ်းအရ သက်ဆိုင်ရာကမ်းရိုးတန်းနိုင်ငံ၏အခြေခံမျဉ်း(Baseline) ရှိအနီးစပ်ဆုံးအမှတ်များမှနေ၍ တူညီသောအကွာအဝေးဖြင့် ဆက်၍ရေးဆွဲထားသော အလယ်မျဉ်း (Median Line) ထက် ကျော်လွန်သတ်မှတ်ခွင့်မရှိပါ။ သို့သော် နိုင်ငံများအကြား သဘောတူညီချက်ရှိလျှင် သို့မဟုတ် သမိုင်းကြောင်းအစဉ်အလာအရ ပိုင်ဆိုင်ကြောင်း တောင်းဆိုခွင့်( Historic Title)ရှိလျှင် သို့မဟုတ် အခြားထူးခြားသည့်အကြောင်းချင်းရာများ (Special Circurmstances) ရှိလျှင်မှ အထွေထွေစည်းမျဉ်းမှ လျှော့ပေါ့မှုအဖြစ် စဉ်းစားနိုင်မည်ဖြစ်ပါသည်။

**အပြည့်အဝကျင့်သုံးခွင့်**

ပိုင်နက်ပင်လယ်၌ နိုင်ငံတစ်နိုင်ငံက အချုပ်အခြာအာဏာကျင့်သုံးခွင့်ရှိသည်ဆိုသည့် အဓိပ္ပာယ်မှာ ကုန်းပိုင်နက် ( Land Territory) တွင် ဥပဒေပြဋ္ဌာန်းခြင်းဆိုင်ရာ စီရင်ပိုင်ခွင့်အာဏာကို အပြည့်အဝကျင့်သုံးခွင့် ( Full Legislative Jurisdiction ) ရှိသကဲ့သို့ အလားတူကျင့်သုံးပိုင်ခွင့်ကိုဆိုလိုပါသည်။ သို့သော် ပိုင်နက်ပင်လယ်အား အခြားနိုင်ငံများကလည်း အသုံးပြုခွင့်ရှိသောကြောင့် အခြားနိုင်ငံ၏သင်္ဘောများကို ပိုင်နက်ပင်လယ်တွင် အပြစ်ကင်းသောဖြတ်သန်းခွင့် (Right of Innocent Passage) ကို ခွင့်ပြုထားပါသည်။ ဖြတ်သန်းရာတွင် ရပ်နားခြင်း၊ ကျောက်ချခြင်းမပြုလုပ်ဘဲ အတိုဆုံးလမ်းကြောင်းက ဖြတ်သန်းရမည်ဖြစ်သည်။ ကမ်းရိုးတန်းနိုင်ငံ၏လုံခြုံရေး အကျိုးစီးပွားအတွက် အကာအကွယ်ပေးရန်၊ ဟန့်တားရန် လိုအပ်လျှင်မှ အပြစ်ကင်းသော ဖြတ်သန်းသွားလာခွင့်ကို ကြိုတင်ကြေညာခြင်းဖြင့် ယာယီရပ်ဆိုင်းနိုင်ပါသည်။

သို့သော် နိုင်ငံတကာရေကြောင်းသွားလာရေးအတွက် အသုံးပြုနေသည့် ရေလက်ကြား (Straits) ဖြစ်လျှင်မူ ဤသို့ ရပ်ဆိုင်းနိုင်ခွင့်မရှိပါ။ ကမ်းရိုးတန်းနိုင်ငံအား ထိခိုက်စွာဆိုးကျိုးဖြစ်ပေါ်စေမည့် ကိစ္စရပ်အချို့ကလွဲ၍ ပိုင်နက်ပင်လယ်တွင်း ဖြတ်သန်းသွားသော သင်္ဘောများအပေါ်ပြစ်မှုဆိုင်ရာစီရင်ပိုင်ခွင့် ကျင့်သုံးခြင်းမပြုရန် ကန့်သတ်ချက်များထားရှိပါသည်။ ထို့အပြင် တရားမဆိုင်ရာစီရင်ပိုင်ခွင့် (Civil Jurisdiction) ကျင့်သုံးရန် ကိစ္စအလို့ငှာ နိုင်ငံခြားသင်္ဘောအား ရပ်တန့်စေခြင်း မပြုရန်လည်းဟန့်တားထားပါသည်။

မြန်မာနိုင်ငံ၏ ပိုင်နက်ပင်လယ်နှင့်ပင်လယ်ဇုန်များဥပဒေကို ၁၉၇၇ ခုနှစ်ကတည်းကပင် ပြဋ္ဌာန်းခဲ့ပြီးနိုင်ငံတော်၏ အချုပ်အခြာအာဏာသည် ပိုင်နက်ပင်လယ်၊ ယင်းအောက်ရှိ ပင်လယ်ကြမ်းပြင်၊ အောက်ခံမြေထုနှင့် ယင်းအထက်ရှိ လေထုအထိသက်ရောက်ပါသည်။ ပိုင်နက်ပင်လယ်သည် အခြေခံမျဉ်းများမှပင်လယ်ဘက်သို့ ရေမိုင် ၁၂ မိုင် အထိ ကျယ်ဝန်းကြောင်း၊ စစ်ရေယာဉ်များမှအပ နိုင်ငံအားလုံး၏ ရေယာဉ်များသည် ပိုင်နက်ပင်လယ်အတွင်း အပြစ်ကင်းမဲ့သောဖြတ်သန်းမှုဖြင့် ဖြတ်သန်းခွင့်ရှိကြောင်းပြဋ္ဌာန်းထားပါသည်။ ဖြတ်သန်းမှုသည် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး၊ ငြိမ်ဝပ်ပိပြားရေး သို့မဟုတ် လုံခြုံရေးကိုထိပါးခြင်းမပြုသမျှ အပြစ်ကင်းမဲ့သော ဖြတ်သန်းမှုဖြစ်သည်ဟု မှတ်ယူရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းချက်ကိုတွေ့ရှိနိုင်ပါသည်။

ပိုင်နက်ပင်လယ်အတွင်းဖြတ်သန်းနေစဉ် မည်သည့် နိုင်ငံခြား ရေယာဉ်မဆို နိုင်ငံတော်၏တည်ဆဲဥပဒေများနှင့် နည်းဥပဒေများကိုလိုက်နာရမည်ဖြစ်ပြီး နိုင်ငံခြားငါးဖမ်းရေယာဉ်သည် ငါးဖမ်းပစ္စည်းကိရိယာများကို ပင်လယ်ခရီးထွက်သည့်အခါ သိမ်းဆည်းထားရှိနေကျအတိုင်း စနစ်တကျထားရှိရန် ဖြစ်ပါသည်။ သဘာဝဘေးအန္တရာယ် သို့မဟုတ် တားဆီးရှောင်လွှဲခြင်းမပြုနိုင်သည့် အကြောင်းကြောင့်မှတစ်ပါး ပိုင်နက်ပင်လယ်အတွင်းရပ်နားခြင်း၊ ကျောက်ချခြင်းမပြုဘဲ အတိုဆုံးလမ်းကြောင်းမှ ဖြတ်သန်းရန်သတ်မှတ်ထားပါသည်။ နိုင်ငံခြားသုတေသနရေယာဉ်သည် သုတေသနလုပ်ငန်းကို ဆောင်ရွက်လိုပါက ဝန်ကြီးအဖွဲ့၏ အတိအလင်းခွင့်ပြုချက်ကို ကြိုတင်ရယူရန်လိုပါသည်။

နိုင်ငံတော်၏အခွင့်အာဏာရှိသူများက တောင်းဆိုလျှင်အပြစ်ကင်းသောဖြတ်သန်းခွင့်အရ ပိုင်နက်ပင်လယ်အတွင်းဖြတ်သန်းသည့် နိုင်ငံခြားရေယာဉ်က ခိုင်လုံသော စာရွက်စာတမ်း၊အထောက်အထားကိုပြသရန်တာဝန်ရှိပါသည်။ ဝန်ကြီးအဖွဲ့သည် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး၊ ငြိမ်ဝပ်ပိပြားရေး သို့မဟုတ် လုံခြုံရေးအတွက်လိုအပ်လျှင် ပိုင်နက်ပင်လယ်အတွင်း သတ်မှတ်သည့်ဒေသများတွင် နိုင်ငံခြားရေယာဉ်များ၏ အပြစ်ကင်းသော ဖြတ်သန်းမှုကို ခေတ္တရပ်ဆိုင်းထားနိုင်ပါသည်။ ဝန်ကြီးအဖွဲ့၏ အတိအလင်းခွင့်ပြုချက်ကို ကြိုတင်မရရှိပဲ ပိုင်နက်ပင်လယ်အတွင်းသို့ နိုင်ငံခြားစစ်ရေယာဉ်ဝင်ရောက်လာပါက ယင်းရေယာဉ်အား ရောက်ရှိသည့်နေရာမှ ချက်ချင်းထွက်ခွာသွားစေရန်ဆောင်ရွက်ခွင့်ရှိပါသည်။ ပိုင်နက်ပင်လယ်အတွင်းဖြတ်သန်းစဉ် နိုင်ငံခြားရေငုပ်ရေယာဉ်နှင့်အခြားရေအောက်ယာဉ်များသည် ပင်လယ်ရေမျက်နှာပြင်ပေါ်တွင် ခုတ်မောင်းရမည့်အပြင် သက်ဆိုင်ရာအလံကို လွှင့်ထူထားရမည်ဖြစ်ကြောင်း တိကျရှင်းလင်းသည့်တားမြစ်ချက်ကိုပါ တွေ့ရှိနိုင်ပါသည်။

**ဆက်စပ်ဇုန်**

မြန်မာနိုင်ငံ၏ ဆက်စပ်ဇုန်သည် ပိုင်နက်ပင်လယ်၏ ပြင်ပတွင်တည်ရှိပြီး ယင်းပိုင်နက်ပင်လယ်နှင့်တစ်ဆက်တည်းဖြစ်ကာ အခြေခံမျဉ်းများမှ ပင်လယ်ဘက်သို့ရေမိုင် ၂၄ မိုင်အထိ ကျယ်ဝန်းကြောင်း ဥပဒေဖြင့်ကြေညာထားပါသည်။ ဆက်စပ်ဇုန်တွင် နိုင်ငံတော်၏ လုံခြုံရေးကို ထိန်းသိမ်းကာကွယ်ရန် အကောက်ခွန်၊ ငွေကြေး၊ လူဝင်မှုကြီးကြပ်ရေး သို့မဟုတ် ကျန်းမာသန့်ရှင်းရေးဆိုင်ရာ ပြဋ္ဌာန်းချက်များကို ချိုးဖောက်ခြင်းမပြုရန် ကြိုတင်တားဆီးကာကွယ်ခွင့်ရှိသကဲ့သို့ ချိုးဖောက်သူတို့အား ဥပဒေနှင့်အညီအရေးယူအပြစ်ပေးခွင့်ရှိပါသည်။

ကမ်းရိုးတန်းနိုင်ငံအနေဖြင့် ဆက်စပ်ဇုန်တွင် သီးခြားလုပ်ပိုင်ခွင့် အခွင့်အာဏာကိုသာ ထိန်းချုပ်နိုင်သော်လည်း ရေမိုင် ၁၂ မိုင်အထိ သတ်မှတ်ထားသော ပိုင်နက်ပင်လယ်နှင့် တစ်ဆက်တည်း ရေထုဖြစ်ခြင်း၊ ယင်းမှ တစ်ဆက်တည်းရေမိုင် ၂၀၀ အထိ ကျယ်ဝန်းသည့်သီးသန့်စီးပွားရေးဇုန်တွင် ကမ်းရိုးတန်းနိုင်ငံက စီရင်ပိုင်ခွင့် ( Coastal Jurisdiction) ရှိခြင်းတို့ကြောင့် ပိုင်နက်ပင်လယ်နှင့်တစ်ဆက်တည်းဖြစ်သည့် ဆက်စပ်ဇုန်သည်လည်း လက်တွေ့အားဖြင့် အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံအတွက် ပိုင်နက်ပင်လယ်ကဲ့သို့ ထပ်တူအရေးကြီးသည့် ပင်လယ်ဇုန်ဖြစ်လာပါသည်။

**ကမ်းလွန်ရေတိမ်ပိုင်း**

မြန်မာနိုင်ငံ၏ ကမ်းလွန်ရေတိမ်ပိုင်းသည် ပိုင်နက်ပင်လယ်၏ ပြင်ပတွင်တည်ရှိပြီး ကုန်းပိုင်နက်နှင့်သဘာဝအလျောက် တစ်ဆက်တည်းဖြစ်သည့် ကမ်းလွန်မြေဆက်၏ ပြင်ပအနားမျဉ်းအထိတည်ရှိသော ပင်လယ်ကြမ်းပြင်နှင့် အောက်ခံမြေထုတို့ပါဝင်သည်။ သို့ရာတွင် ကမ်းလွန်မြေဆက်၏ ပြင်ပအနားမျဉ်းအထိ အကျယ်အဝန်းသည် ရေမိုင် ၂၀၀ အောက် လျော့နည်းပါက အခြေခံမျဉ်းများမှ ပင်လယ်ဘက်သို့ ရေမိုင် ၂၀၀ အထိ အကျယ်အဝန်းသည် နိုင်ငံတော်၏ ကမ်းလွန်ရေတိမ်ပိုင်းဖြစ်ပြီး ကမ်းလွန်ရေတိမ်ပိုင်းတွင် သီးသန့်အချုပ်အခြာလုပ်ပိုင်ခွင့်များကိုကျင့်သုံးနိုင်ပါသည်။

ကမ်းလွန်ရေတိမ်ပိုင်းတွင် မြန်မာနိုင်ငံ၏ လုပ်ပိုင်ခွင့်နှင့် အခွင့်အာဏာများကိုလေ့လာလျှင် သက်ရှိသက်မဲ့ သယံဇာတပစ္စည်းများကို စူးစမ်းရှာဖွေရေး၊ ဖမ်းယူရေး၊ တူးဖော်ထုတ်လုပ်ရေး၊ မွေးမြူရေး၊ ထိန်းသိမ်းရေးနှင့်စီမံခန့်ခွဲရေးတို့အတွက် အချုပ်အခြာလုပ်ပိုင်ခွင့်များရှိပါသည်။ သက်ရှိသက်မဲ့၊ သယံဇာတပစ္စည်းများကို စူးစမ်းရှာဖွေရေး၊ ဖမ်းယူရေး၊ တူးဖော်ထုတ်လုပ်ရေးအတွက်ဖြစ်စေ၊ ရေယာဉ်များ လွယ်ကူစွာသွားလာနိုင်ရေးအတွက်ဖြစ်စေ၊ အခြားကိစ္စရပ်အတွက်ဖြစ်စေ၊ လူသားတို့ဖန်တီးသော ကျွန်းများ၊ကမ်းလွန်စခန်းများ၊ အဆောက်အအုံများနှင့် အခြားပစ္စည်းကိရိယာများကို တည်ဆောက်ရေး၊ ထိန်းသိမ်းရေးနှင့်အသုံးပြုရေးတို့အတွက် သီးသန့်လုပ်ပိုင်ခွင့်နှင့် သီးသန့်အခွင့်အာဏာများလည်းရှိပါသည်။

ထို့အတူ သိပ္ပံဆိုင်ရာသုတေသနလုပ်ငန်းများကို လုပ်ပိုင်ခွင့်ပေးရေး၊ ကြီးကြပ်ကွပ်ကဲရေးနှင့် ထိန်းချုပ်ရေးတို့အတွက်လည်း သက်ဆိုင်ရာနိုင်ငံကို သီးသန့်အခွင့်အာဏာပေးထားပါသည်။ အဏ္ဏဝါပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးနှင့်အဏ္ဏဝါညစ်ညမ်းမှုကို တားဆီးရေး၊ ထိန်းချုပ်ရေးတို့အတွက် နိုင်ငံတော်တွင် အခွင့်အာဏာရှိသကဲ့သို့ အပြည်ပြည်ဆိုင်ရာဥပဒေက အခါအားလျော်စွာ အသိအမှတ်ပြုထားသော အခြားလုပ်ပိုင်ခွင့်များကိုပါ ကျင့်သုံးခွင့်ရှိမည်ဖြစ်ပါသည်။

ကမ်းလွန်ရေတိမ်ပိုင်းတွင် စူးစမ်းရှာဖွေခြင်း၊ သက်ရှိ၊ သက်မဲ့ သယံဇာတပစ္စည်းများကိုဖမ်းယူခြင်း၊ တူးဖော်ထုတ်လုပ်ခြင်း၊ သုတေသနလုပ်ငန်းဆောင်ရွက်ခြင်း၊ ရှာဖွေခြင်း၊ တူးဖော်ခြင်း၊ တွင်းတူးခြင်း၊ လူသားတို့ဖန်တီးသော ကျွန်းများ၊ ကမ်းလွန်စခန်းများ၊ အဆောက်အအုံများနှင့်အခြားပစ္စည်းကိရိယာများကို တည်ဆောက်ခြင်း၊ ထိန်းသိမ်းခြင်း၊ အသုံးပြုခြင်း ကိစ္စများအားဝန်ကြီးအဖွဲ့၏ အတိအလင်းခွင့်ပြုချက်ကို ကြိုတင်မရရှိဘဲ မပြုလုပ်နိုင်ပါ။

ကမ်းလွန်ရေတိမ်ပိုင်းတွင်ရရှိသော အခွင့်အရေးများသည် နိုင်ငံဖြစ်တည်လာသည်နှင့် အလိုအလျောက် ရရှိသော Inherent မူလအခွင့်အရေးဖြစ်ပါသည်။ထို့အပြင်ရေမိုင် ၂၀၀ အနက်အထိ ကမ်းလွန်ရေတိမ်ပိုင်းကို သက်ဆိုင်ရာနိုင်ငံက တောင်းခံရန် (Claim) မလိုအပ်သကဲ့သို့ အခြားနိုင်ငံများ၏ အသိအမှတ် ပြုခံရမှုလည်း မလိုအပ်သောကြောင့်ဖြစ်ပါသည်။

ဤသို့ ရေမိုင် ၂၀၀ အထိ ကမ်းလွန်ရေတိမ်ပိုင်းသည် နိုင်ငံကအလိုအလျောက်ရရှိသော အခွင့်အရေးဖြစ်သော်လည်း နိုင်ငံတစ်နိုင်ငံသည် ကမ်းလွန်ရေတိမ်ပိုင်းဧရိယာအား ရေမိုင် ၂၀၀ ထက်ကျော်လွန်၍ တိုးချဲ့လိုပါက သိပ္ပံ၊ နည်းပညာဆိုင်ရာ အချက်အလက်၊ အထောက်အထားအပြည့်အစုံဖြင့် ကုလသမဂ္ဂပင်လယ်ဥပဒေကွန်ဗင်းရှင်းအရ ထူထောင်ဖွဲ့စည်းထားသည့် ကမ်းလွန်ရေတိမ်ပိုင်း တိုးချဲ့သတ်မှတ်ရေးကော်မရှင် (Commission on the Limits of the Continental Shelf-CLCS) သို့ကုလသမဂ္ဂပင်လယ်ဥပဒေကွန်ဗင်းရှင်းနှင့်အညီ တင်ပြတောင်းဆိုရန်လိုပါသည်။

CLCS ၏ ဆုံးဖြတ်ချက်ရမှသာလျှင် ကမ်းလွန်ရေတိမ်ပိုင်းကို ရေမိုင် ၂၀၀ ထက်ကျော်လွန်၍ ရေမိုင် ၃၅၀ အထိ တိုးချဲ့ခွင့်ရရှိမည်ဖြစ်ပါသည်။CLCS ၏ဆုံးဖြတ်ချက်သည် အပြီးသတ်အတည်ဖြစ်ပြီး နိုင်ငံများအပေါ် စည်းနှောင်မှုစွမ်းအားရှိပါသည်။ CLCS နှင့်စပ်လျဉ်း၍ စာရေးသူအနေဖြင့် သတင်းစာတွင် အကျယ်တဝင့်ရေးသား ခဲ့ဖူးပါသည်။

ရေမိုင် ၂၀၀ ထက်ကျော်လွန်၍တိုးချဲ့ခွင့်ရသောနိုင်ငံများသည်ယင်းဧရိယာရှိ သတ္တုသယံဇာတများ (Mineral Resources)၊ သက်မဲ့သယံဇာတများ၊ Poly Metallic Nodules အပါအဝင် အဖိုးတန်ရှားပါးသယံဇာတပစ္စည်းများကို တူးဖော်ထုတ်လုပ်သုံးစွဲရန် လုပ်ပိုင်ခွင့်ကို အပြည့်အဝရရှိခံစားနိုင်မည်ဖြစ်ပါသည်။

*ဆက်လက်ဖော်ပြပါမည်*

## ပါဠိပထမပြန်စူဠငယ်ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ

**သီပေါ မေ ၅**

ရှမ်းပြည်နယ် မြောက်ပိုင်း သီပေါမြို့နယ် ၂၀၁၆ ခုနှစ် အစိုးရပါဠိပထမပြန် (စူဠငယ်ဘွဲ့နှင်းသဘင်) စာမေးပွဲစာအောင် သံဃာတော်များအား အောင်လက်မှတ်နှင့် စာအောင်ဆုများ ဆက်ကပ်ချီးမြှင့်ခြင်း အခမ်းအနားကို မေ ၂ ရက်က မြို့ကျက်သရေဆောင် သာသနာ့ဗိမာန် မြို့လယ်ဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်သာသနာရေးဦးစီးမှူး ဦးစိုင်းထွန်းအေးက သာသနာရေးဆိုင်ရာများကို လျှောက်ထားပြီး စာအောင်သံဃာတော်များကို ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းမင်းထွန်း၊ မြို့နယ်သာသနာရေးဦးစီးမှူး ဦးစိုင်းထွန်းအေး၊ မြို့နယ်ဥပထမ္ဘကအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ဝင်းနှင့် မြို့မိမြို့ဖများက အောင်လက်မှတ်နှင့် လှူဖွယ်ဝတ္ထုများကို တစ်ပါးချင်းဆက်ကပ်လှူဒါန်းခဲ့ကြသည်။ **စိုင်း(သီပေါ)**

## အခြေခံနွေရာသီအားကစားသင်တန်းဆင်း

**ရန်ကုန် မေ ၅**

ရန်ကုန်အနောက်ပိုင်းခရိုင် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သည့် နွေရာသီကျောင်းပိတ်ရက် အခြေခံအားကစားသင်တန်းဆင်းပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို မေ ၃ရက်က လှိုင်မြို့နယ် မိုးလုံလေလုံအားကစားရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းအား/ကာ၊ ခရိုင်အား/ကာ တာဝန်ရှိသူများနှင့်သင်တန်းနည်းပြဆရာများက အားကစားနည်းအလိုက် ဆုရရှိသူများအား ဆုချီးမြှင့်ကြပြီး ဆုရရှိကြသူများက အားကစားသရုပ်ပြသခဲ့ကြသည်။

အဆိုပါ နွေရာသီကျောင်းပိတ်ရက်အားကစားသင်တန်းတွင် အခြေခံအားကစားနည်း ကိုးမျိုးကို မတ် ၁ ရက်မှ မေ ၃ ရက်အထိ သင်ကြားပေးခဲ့ပြီး သင်တန်းသားသင်တန်းသူ ၄၅၇ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **မျိုးမင်းသိန်း(မရမ်းကုန်း)**

## မူခင်းအသိပညာပေးဟောပြော

**မော်လမြိုင် မေ ၅**

မွန်ပြည်နယ်ရဲတပ်ဖွဲ့မှ ဒုတိယရဲမှူး ကိုကိုကြီးဦးဆောင်သော မူခင်းအသိပညာပေးပြခန်းမော်တော်ယာဉ်သည် မုဒုံမြို့နယ် ကွေ့ဝမ်းကျေးရွာရှိ နယ်မြေခံတပ်ရင်း၌ မေ ၃ ရက်က မူခင်းအသိပညာပေးဟောပြောခဲ့ရာ တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးသန့်ဇင်အောင်နှင့် အရာရှိ၊ အခြားအဆင့် စစ်သည်များနှင့် မိသားစုဝင်များ တက်ရောက်ခဲ့ကြသည်။

ဟောပြောပွဲတွင် သက်ငယ်မုဒိမ်းမှုများနှင့် ပတ်သက်သော အကြောင်းအရာများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ၊ လူကုန်ကူးခံရခြင်းနှင့် ပတ်သက်သည့် အကြောင်းအရာများ၊ မူးယစ်ဆေးဝါးနှင့် ပတ်သက်၍ ရဲတပ်ဖွဲ့မှ ဆောင်ရွက်နေမှုများကို အသိပညာပေးရှင်းလင်းခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **မြတ်မွန်ထွေး**

## ပြခန်းယာဉ်ဖြင့်မူခင်းအသိပညာပေး

**ဗန်းမော် မေ ၅**

ကချင်ပြည်နယ် ရဲတပ်ဖွဲ့မှ မူခင်းပညာပေး ရဲတပ်ဖွဲ့ဝင်များသည် မူခင်းကြိုတင်ကာကွယ်ရေး၊ မူခင်းလျော့နည်းကျဆင်းစေရေးတို့အတွက် မေ ၃ ရက်က ဗန်းမော်မြို့ သာစည်ရပ်ကွက် သိမ်မဟာစေတီဝင်းအတွင်း၌ မူခင်းပညာပေးပြခန်းယာဉ်ဖြင့် ပြသခဲ့သည်။

ဗန်းမော်မြို့နယ် ရဲတပ်ဖွဲ့မှူးရဲမှူး ကျော်သက်ထွန်း၊ မြို့မရဲစခန်းမှူး ဒုတိယရဲမှူး သိန်းဝေမြင့်နှင့် တပ်ဖွဲ့ဝင်များက ပြခန်းယာဉ်မှရဲတပ်ဖွဲ့ဝင်များနှင့်အတူ မူခင်းပညာပေးပြခန်းယာဉ်သို့ လာရောက်ကြည့်ရှုကြသော လူငယ်မောင်မယ်များ၊ ကျောင်းသားကျောင်းသူများ၊ မိဘပြည်သူများအား ရှင်းလင်းပြသ၍ အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။ **ဆီမီးခုံ-နန်းရီ**

## သကြၤန်အကြို မူခင်းကျဆင်းရေးအသိပညာပေး

**ပုသိမ်ကြီး မေ ၅**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ချမ်းသာလှစေတီရင်ပြင်၌ မေ ၂ ရက်က သကြၤန်အကြိုမူခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲ ပြုလုပ်သည်။

အဆိုပါဟောပြောပွဲတွင် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ ဒုရဲအုပ်မြင့်သိန်းက လူကုန်ကူးမှုနှင့်ပတ်သက်၍ လည်းကောင်း၊ အမှတ်(၈၆) ယာဉ်ထိန်းတပ်ဖွဲ့စု(ပုသိမ်ကြီး)မှ ရဲအုပ်အောင်ကျော်မိုးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးခြင်းဟောပြော၍ လည်းကောင်း၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးနေမျိုးလင်းက မီးဘေးအန္တရာယ်ကင်းဝေးရေး အသိပညာများဖြင့်လည်းကောင်း၊ မြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင်ရဲအုပ် မိုးမင်းဝင်းက မူခင်းကျဆင်းရေးဆိုင်ရာ ပညာပေးဟောပြောပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဝေငှပေးခဲ့ကြောင်း သိရသည်။

**အောင်ကျော်ထွန်း(ပုသိမ်ကြီး)**

## စာသင်ကျောင်းဆောင်သစ်များ ဖွင့်လှစ်နိုင်ရေးဆောင်ရွက်

**မြင်းမူ မေ ၅**

မြင်းမူမြို့နယ်အတွင်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် နိုင်ငံတော်မှ ငွေလုံးငွေရင်းခွင့်ပြုငွေဖြင့် အသစ်တည်ဆောက်လျက်ရှိသော စာသင်ကျောင်းဆောင်သစ်ရှစ်ဆောင်မှာ လာမည့် ကျောင်းဖွင့်ရာသီအမီ အသုံးပြုဖွင့်လှစ်သင်ကြားနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွက် ကျောင်းဆောင်သစ်များမှာ အခြေခံပညာ အလယ်တန်းကျောင်းခွဲ နှစ်ကျောင်း၊ မူလတန်းလွန်ကျောင်းဆောင်သစ် တစ်ကျောင်းနှင့် အခြေခံပညာမူလတန်းကျောင်း ငါးကျောင်းတို့ဖြစ်ပြီး အဆောက်အအုံအမျိုးအစားများမှာ Steel-Structre တစ်ထပ်တိုက်များဖြစ်ကြောင်း သိရသည်။

**အောင်စိုးဇေ(မြင်းမူ)**

## မြို့နေသူများ တာဝန်သိ၊ စည်းကမ်းရှိသည်နှင့်အမျှ ဘီလူးချောင်း ကြည်လင်သန့်ရှင်းသာယာလှပလာ

**လွိုင်ကော် မေ ၅**



ကယားပြည်နယ် လွိုင်ကော်မြို့ကို ဖြတ်သန်းစီးဆင်းလျက်ရှိသည့် ဘီလူးချောင်း သန့်ရှင်းသာယာလှပရေးလုပ်ငန်းတွင် မြို့နေလူထုကိုယ်တိုင် တာဝန်သိစိတ်ဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်လာကြသောကြောင့် ဘီလူးချောင်းအတွင်းသို့ စည်းကမ်းမဲ့အမှိုက်များစွန့်ပစ်မှုနည်းပါးလာကာ ချောင်းရေကြည်လင်သန့်ရှင်းလာကြောင်း သိရသည်။

ယခင်က ဘီလူးချောင်းအတွင်းသို့ အမှိုက်သရိုက်ပေါင်းစုံကို စည်းကမ်းမဲ့ စွန့်ပစ်ခဲ့ကြသောကြောင့် ဘီလူးချောင်းကမ်းနှစ်ဖက်တွင် လည်းကောင်း၊ ရေအောက်ကြမ်းပြင်တွင် လည်းကောင်း၊ ရေပေါ်တွင် မျောလျက်လည်းကောင်း အမှိုက်သရိုက်ပေါင်းစုံတို့ ထူထပ်ကာ ချောင်းရေညစ်ညမ်းမှု ဖြစ်ပေါ်ခဲ့ရသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် လွိုင်ကော်မြို့အတွင်း ဘီလူးချောင်းကမ်းနှစ်ဖက်၌ မြေထိန်းနံရံများ တည်ဆောက်ခဲ့ပြီးနောက် ဘီလူးချောင်းကမ်းဘေးအချို့နေရာများတွင် ပန်းခြံငယ်များ တည်ဆောက်ကာ ပန်းခြံငယ်များအတွင်း အပန်းဖြေနားနေရန် ထိုင်ခုံများ တပ်ဆင်ပေးခြင်း၊ အမှိုက်ပုံးများ ထားရှိပေးခြင်းတို့ ဆောင်ရွက်ခဲ့သည်။

ယခုအခါ ဘီလူးချောင်းအတွင်း အမှိုက်ကင်းစင်စေရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းကာ အခါအားလျော်စွာ ဘီလူးချောင်းအတွင်း အမှိုက်ဆယ်ယူ စွန့်ပစ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ယင်းသို့ ဘီလူးချောင်း ကမ်းနှစ်ဖက် မြေထိန်းနံရံ တည်ဆောက်ခြင်း၊ ပန်းခြံငယ်များ တည်ဆောက်ထား ရှိခြင်း၊ အမှိုက်ပုံးများ ထားရှိပေးခြင်း၊ အခါအားလျော်စွာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းကာ အမှိုက်ဆယ်ယူခြင်း လုပ်ငန်းဆောင်ရွက်ခြင်းတို့ကြောင့် ဘီလူးချောင်း သန့်ရှင်းသာယာလှပကာ ပုံရိပ်ကောင်းများ ဖြစ်ပေါ်လာသည်နှင့် အမျှ မြို့နေလူထုအတွင်း တာဝန်သိစိတ် များဖြစ်ပေါ်လာကာ ဘီလူးချောင်းအတွင်း စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှုများ မရှိသလောက် လျော့နည်းလာခဲ့သည်။

ပင်လောင်းမြို့အနီးတွင် မြစ်ဖျားခံပြီး အင်းလေးကန်အတွင်းသို့ စီးဝင်ကာ အင်းလေးကန်မှ တစ်ဖန်ပြန်၍ စီးဆင်းလာသော ဘီလူးချောင်းပေါ်တွင် မိုးဗြဲရေကာတာကို တည်ဆောက်လျက် ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေး၊ စိုက်ပျိုးရေပေးဝေရေး လုပ်ငန်းတို့ကို ဆောင်ရွက်နေသည့်အပြင် ဘီလူးချောင်းတစ်လျှောက်ရှိ မြို့နှင့်ကျေးရွာများက ဘီလူးချောင်းရေကို သောက်သုံးရေအဖြစ် အားထား သုံးစွဲနေကြရသောကြောင့် ဘီလူးချောင်း သန့်ရှင်းသာယာလှပရေးအတွက် အားလုံးပူးပေါင်းပါဝင်ကြရန် ဒေသခံအများစုက လိုလားလျက်ရှိသည်။ **ကြီးမြင့်နိုင်(လွိုင်ကော်)**

## သောက်သုံးရေခက်ခဲသော ကျေးရွာများတွင် ရေလှောင်ကန်များ ပြန်လည်တူးဖော်ပေး

**ရေစကြို မေ ၅**

ပခုက္ကူခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ ပခုက္ကူမြို့နယ်နှင့်ရေစကြိုမြို့နယ်အတွင်း သောက်သုံးရေအခက်အခဲရှိသော ကျေးရွာများရှိ မိုးရေလှောင်ကန်များကို ပြန်လည်တူးဖော်ပေးလျက်ရှိကြောင်း သိရသည်။

“မိုးရေလှောင်ကန်တွေ ရေပိုမိုသိုလှောင်နိုင်အောင် တူးဖော်ပေးနေပါတယ်။ ရေစကြိုမြို့နယ်မှာ မြေဖြူ-မုံညင်းကျေးရွာ-မြေဖြူ-ကြာကန်ဆိုရင် နှစ်တွေကြာလာတာနဲ့အမျှ နုန်းတွေဖို့နေတဲ့အတွက် ရေလှောင်ပမာဏနည်းပြီး ဒေသခံပြည်သူတွေ သောက်သုံးရေ အခက်အခဲရှိတာကြောင့် မြေကျင်းပေါင်း ၂၅၀ တူးဖော်ပြီး တာပေါင်ကိုလည်း မြှင့်ပေးထားပါတယ်။ လာမယ့်နှစ်တွေမှာ ရေပိုမိုသိုလှောင်ထားနိုင်တော့မှာ ဖြစ်လို့ သောက်သုံးရေ အခက်အခဲမရှိနိုင်တော့ပါဘူး။ အလားတူ ရေစကြိုမြို့နယ် မြေဖြူကျင်းကျေးရွာ မိုးရေလှောင်ကန်မှာလည်း နုန်းတွေ ဖို့နေတဲ့အတွက် မြေကျင်း ၃၀၀ တူးဖော်ပေးထားပါတယ်။ ရေစကြိုမြို့နယ်က ရေလှောင်ကန်နှစ်ကန်ကိုတော့ တူးဖော်ဆောင်ရွက်ပြီးဖြစ်ပါတယ်။

ပခုက္ကူမြို့နယ် ပန်းတိုင်းခြုံကျေးရွာ ရေကန်မှာ သဲနုန်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေပါတယ်။ ပန်းတိုင်းခြုံကျေးရွာ ရေလှောင်ကန်လုပ်ငန်းကို မတ် ၁၀ ရက်က စတင်တူးဖော်ခဲ့ပါတယ်။ ရေလှောင်ကန်ရဲ့ မူလရေသိုလှောင်ထားနိုင်မှုပမာဏက ကေပေ ၃၆ ကေ ဖြစ်ပါတယ်။ မြေကျင်း ၈၀၀၀ တူးဖော်ပြီးသွားရင်တော့ သိုလှောင်ထားနိုင်မယ့် ရေလှောင်ပမာဏက ကေပေ ၅၆ ကေ ဖြစ်ပါတယ်။ အခုလို တူးဖော်ပေးခြင်းအားဖြင့် ရေပိုမို သိုလှောင်ထားနိုင်ပြီး လာမယ့်နှစ်တွေမှာ ဒေသခံပြည်သူတွေ သောက်သုံးရေအလုံအလောက် ရရှိမှာဖြစ်ပါတယ်” ဟု ခရိုင်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဝင်းမော်ဦးက ပြောသည်။

ယခု ဆောင်ရွက်ပေးနေသည့် သောက်သုံးရေကန်တွေကို လာမည့်နှစ်များတွင် ရေပိုမို သိုလှောင်ထားနိုင်အောင် ပြန်လည်တူးဖော်ပေးခြင်းလုပ်ငန်းများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ မူဝေရေးအစီအစဉ်ဖြင့် ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း ခရိုင်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဦးက ဖြည့်စွက်ရှင်းလင်းပြောကြားသည်။

**ဖေထွဏ်းဇော်(ရေစကြို)**




ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်အတွင်းရှိ ဆေးဆိုင်များတွင် စိတ်ကြွရူးသွပ်ဆေးဝါးများ ရောင်းချနေမှုမရှိစေရေး မေ ၃ ရက်က မှော်ဘီမြို့နယ်ရဲတပ်ဖွဲ့မှူး ဦးစီးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးမှူးအဖွဲ့၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်စည်ပင်တို့မှ ပူးပေါင်း၍ စစ်ဆေးပြီး ပညာပေးဆောင်ရွက်စဉ်

**အေကေလင်း**

## ရပ်ကွက်ပြည်သူများ ယင်လုံအိမ်သာသုံးစွဲနိုင်ရေး အသုံးအဆောင်ပစ္စည်းများ အခမဲ့ဖြန့်ဝေ

**ဒလ မေ ၅**

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ်တွင် ရပ်ကွက်ကျေးရွာနေ ပြည်သူများကျန်းမာရေးအတွက် ရေလောင်းယင်လုံအိမ်သာများ ပိုမိုသုံးစွဲနိုင်စေရန် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်အတွင်းရှိကျန်းမာရေးဌာနသို့ ပလတ်စတစ်အိမ်သာခွက်နှင့် ပိုက်အစုံ ၅၀၀၀ ကို ခွဲတမ်းအလိုက် အခမဲ့ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ အိမ်သာခွက်အစုံ ၅၀၀ အား မိခင်နှင့်ကလေး ကျန်းမာရေးဌာနနယ်မြေပိုင်ဖြစ်သော မြို့မ(၁)၊(၂)၊(၃)၊(၄)နှင့် အောင်မင်္ဂလာ၊ ဗိုလ်ရန်မြေ၊ ဗညားဒလ၊ ဘုရင့်နောင်စသည့် ရှစ်ရပ်ကွက်တို့တွင် လိုအပ်သော ပြည်သူများအား အခမဲ့ဖြန့်ဝေ၍ ရေလောင်းယင်လုံအိမ်သာများ တိုးချဲ့တည်ဆောက် အသုံးပြုသွားစေမည်ဖြစ်သည်။

ညောင်ကုန်း ကျေးလက်ကျန်းမာရေးဌာနတွင် ခွက်နှင့် ပိုက်အစုံ ၁၀၀၀၊ ခနုတ်ကျေးလက်ကျန်းမာရေးဌာနတွင် အစုံ ၄၀၀ ရရှိပြီး ပျော်ဘွယ်ကြီးတိုက်နယ်ဆေးရုံ၊ ရခိုင်ချောင်တိုက်နယ်ဆေးရုံနှင့် ဒေသန္တရကျန်းမာရေးဌာနတို့ကိုလည်း လိုအပ်ခွဲတမ်းအရ ဖြန့်ဝေပေးကာ ပြည်သူများအား ရေလောင်းယင်လုံအိမ်သာများ ဆောက်လုပ်သုံးစွဲသွားစေမည်ဖြစ်ကြောင်း သိရသည်။

**သန်းဌေး(ဒလ)**

# ကားမောင်းရင်၊ ကားစီးရင် ဘာကြောင့် ခါးပတ်ပတ်ထားဖို့ လိုအပ်တာလဲ

**သိပ္ပံစာရေးဆရာကိုကိုအောင်**

အများပြည်သူသုံး လမ်းမများပေါ်တွင် မောင်းနှင်သွားလာနေကြသော မော်တော်ယာဉ်များအနက် အချို့မှာ စက်ပိုင်းဆိုင်ရာ ချွတ်ယွင်းမှုများကြောင့်သော်လည်းကောင်း၊ လမ်းပန်းဆက်သွယ်ရေး ညံ့ဖျင်းမှုများကြောင့်သော်လည်းကောင်း၊ မောင်းနှင်နေရင်း ရုတ်တရက် ကျန်းမာရေးချို့ယွင်းမှုကြောင့်သော်လည်းကောင်း၊ မဆင်မခြင် မောင်းနှင်ခြင်းများနှင့် မူးယစ်သောက်စား မောင်းနှင်ခြင်းများကြောင့်သော်လည်းကောင်း၊ မမျှော်လင့်ဘဲ ရုတ်တရက်ကျရောက်လာသော သဘာဝဘေးအန္တရာယ်အသွယ်သွယ်တို့ကြောင့်သော်လည်းကောင်း ယာဉ်တိုက်မှုများ ဖြစ်ပွားကြရလေ့ရှိသည်။ မည်သည့်အကြောင်းကြောင့် ယာဉ်တိုက်မှုဖြစ်ပွားစေကာမူ ယာဉ်တိုက်မှုဖြစ်ပြီဆိုသည်နှင့် ယာဉ်မောင်းသူအပါအဝင် ခရီးသည်များ ထိခိုက်ဒဏ်ရာရခြင်းမှသည် အသက်သေဆုံးရသည်အထိပင် ဖြစ်ပွားကြရသည်။

ရေနွေးငွေ့အင်ဂျင်ဖြင့်စတင်ခဲ့ရသော ကမ္ဘာ့ မော်တော်ကားထုတ်လုပ်မှုသည် နှစ်ဆယ်ရာစုသို့ ချင်းနင်းဝင်ရောက်လာချိန်၌ မြင်းကောင်ရေအား ၃၀ ကျော်အထိ စွမ်းအားရှိသည့် အတွင်းပေါက်လောင်အင်ဂျင်(I.C Engine)များကို တပ်ဆင်သုံးစွဲလာနိုင်သော ထုတ်လုပ်မှုလုပ်ငန်းတစ်ရပ် ဖြစ်လာခဲ့သည်။ ထိုစဉ်ကာလက ထုတ်လုပ်ခဲ့သော မော်တော်ကားများသည် ပျမ်းမျှအားဖြင့် တစ်နာရီလျှင် မြန်နှုန်းအမြင့်ဆုံး ၄၅ မိုင်( ၇၂ ကီလိုမီတာ )အထိ မောင်းနှင်နိုင်စွမ်း ရှိလာကြသည်။ ထိုကဲ့သို့ မော်တော်ကားများ မြန်နှုန်းမြင့်လာသည်နှင့်အမျှ ယာဉ်တိုက်မှုဖြစ်ပွားသည့်အခါ ပြင်းထန်စွာဒဏ်ရာရခြင်းနှင့် အသက်ဆုံးရှုံးခြင်း ဖြစ်ရပ်များကလည်း တိုးပွားလာသည်။

နှစ်ဆယ်ရာစု၏ အစောပိုင်းကာလများက ဖြစ်ပွားခဲ့သည့် ယာဉ်တိုက်မှုများ၌မူ မောင်းနှင်နေစဉ် လူကိုတိုက်မိခြင်းကြောင့် အသက်ဆုံးရှုံးရခြင်းမျိုးသာမက၊ ယာဉ်အချင်းချင်း တိုက်မိမှု၊ ယာဉ်နှင့် သစ်ပင်၊ အုတ်တံတိုင်း၊ အဆောက်အအုံစသည်တို့ တိုက်မိမှုများကြောင့် ယာဉ်မောင်းသူနှင့် ယာဉ်ပေါ်၌ လိုက်ပါစီးနင်းလာသူတို့ပါ အသက်ဆုံးရှုံးရခြင်းမျိုးအထိ ဖြစ်ပွားလာခဲ့သည်။

ယင်းသို့ဖြစ်ရခြင်းမှာ စွမ်းအားပိုကောင်းလာသော အင်ဂျင်များကြောင့် ကား၏မြန်နှုန်း မြင့်မားလာခြင်းနှင့် ထိုင်ခုံခါးပတ်(Seat Belt)ကို တပ်ဆင်ပေးနိုင်ခြင်း မရှိသေးသောကြောင့်ပင်ဖြစ်သည်။ တစ်နာရီလျှင် မိုင် ၃၀ (၄၈ ကီလိုမီတာ )နှုန်းထက်ကျော်လွန်မောင်းနှင်သော ကားတစ်စီးသည် ရုတ်တရက်ယာဉ်တိုက်မှုဖြစ်ခဲ့လျှင် ထိုင်ခုံခါးပတ်ကို ပတ်မထားသောယာဉ်မောင်းသူနှင့် ခရီးသည်များအဖို့ ပြင်းထန်စွာ ထိခိုက်ဒဏ်ရာရခြင်းနှင့် အသက်သေဆုံးရခြင်းများဖြစ်ပွားရန် အခွင့်အလမ်း ရှိနေပြီဖြစ်သည်။

ကမ္ဘာတစ်ဝန်းဖြစ်ပွားခဲ့သော ယာဉ်တိုက်မှုများကြောင့် ပြင်းပြင်းထန်ထန် ဒဏ်ရာရခြင်းနှင့် အသက်ဆုံးရှုံးရခြင်းများကို အကြောင်းပြု၍ ၁၉၅၈ ခုနှစ်အရောက်တွင် ဥရောပနိုင်ငံထုတ်မော်တော်ကားများ၌ ထိုင်ခုံခါးပတ်ကို စတင်တပ်ဆင် ထုတ်လုပ်နိုင်ခဲ့ကြသည်။ ထိုကဲ့သို့ ထိုင်ခုံခါးပတ်များကို တပ်ဆင်လာနိုင်ပြီးချိန်မှစ၍ ကမ္ဘာ့အရပ်ရပ်၌ ယာဉ်တိုက်မှုများ ဖြစ်ပွားသည့်အခါ အသက်သေဆုံးရသည့်နှုန်းမှာ သိသိသာသာ လျော့ကျလာခဲ့သည်။

ယနေ့ မျက်မှောက်ကာလ၌မူ အဆင့်မြင့်နည်းပညာသုံး ခေတ်မီမော်တော်ကားများကို ထိုင်ခုံခါးပတ်များနှင့်အတူ အသက်ကယ်လေအိတ်(Air Bag)များဖြင့်ပါ ပူးတွဲတပ်ဆင်ထုတ်လုပ်ပေးနေကြပြီ ဖြစ်သည်။ ဖွံ့ဖြိုးပြီးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၌ ကားမောင်းသည့်အခါ ထိုင်ခုံခါးပတ်ကို အမြဲပတ်ထားကြသော်လည်း ဖွံ့ဖြိုးမှုနောက်ကျသော နိုင်ငံများ၌မူ ထိုင်ခုံခါးပတ်ကို အသုံးပြုသည့်နှုန်း အလွန်နည်းပါးလျက်ရှိနေသေးသည်ကို တွေ့ရှိရသည်။

ဤသို့ဖြစ်ရခြင်းမှာ ထိုင်ခုံခါးပတ်၏ အရေးပါမှုနှင့် အသက်အန္တရာယ် ကာကွယ်နိုင်မှုတို့ကို ကျယ်ကျယ်ပြန့်ပြန့် မသိရှိသေးသောကြောင့်ပင်ဖြစ်သည်။ မော်တော်ကားထိုင်ခုံခါးပတ်သည် ရွေ့လျားမှုဆိုင်ရာ ရူပဗေဒသဘောတရားကို အခြေခံပြီး စနစ်တကျ စဉ်းစားတွက်ချက် ထုတ်လုပ်ပေးထားခဲ့သော အသက်ကယ်ပစ္စည်းဖြစ်သည်။

သာဓကအားဖြင့် ပမာပြဆိုရသည်ရှိသော်...တစ်နာရီလျှင် ကီလိုမီတာ ၈၀ နှုန်းဖြင့် မောင်းနှင်နေသော မော်တော်ကားတစ်စီးပေါ်၌ လိုက်ပါစီးနင်းလာသော ယာဉ်မောင်းသူနှင့် ခရီးသည်များသည် ကား၏ ရွေ့လျားနှုန်းအတိုင်း ၎င်းတို့၏ ခန္ဓာကိုယ်တစ်ခုလုံးက လိုက်ပါရွေ့လျားလျက် ရှိနေချိန်တွင် မမျှော်လင့်ဘဲ ရုတ်တရက် ယာဉ်တိုက်မှုဖြစ်ပေါ်ပါက တိုက်မိသည့်အားကြောင့် မော်တော်ကားမှာ ရုတ်ခြည်း အရှိန်လျော့ကျသွားမည် သို့မဟုတ် ရပ်တန့်သွားလိမ့်မည်ဖြစ်သည်။

ယာဉ်တိုက်မှုကြောင့် ကားက ချက်ချင်းဆိုသလို အရှိန်လျော့ကျသွားချိန်နှင့် ရပ်တန့်သွားချိန်များ၌ ကားပေါ်ရှိ ယာဉ်မောင်းနှင့် ခရီးသည်များကမူ ရူပဗေဒဆိုင်ရာ အင်နားရှား သဘောတရားအရ မူလအရှိန်ဖြစ်သည့် တစ်နာရီလျှင် ကီလိုမီတာ ၈၀ နှုန်းနီးပါးဖြင့်ပင် ရှေ့သို့ ဆက်လက်လိုက်ပါရွေ့လျားနေဆဲဖြစ်သည်။ ထိုအချိန်၌ ထိုင်ခုံခါးပတ် ပတ်မထားခဲ့လျှင် ရှေ့၌ အနီးကပ်ဆုံးရှိနေသော လေကာမှန်၊ ဒက်ရှ်ဘုတ်၊ စတီယာရင်ခွေ၊ ထိုင်ခုံ၊ တံခါးပေါင် စသည်တို့ကို တစ်နာရီလျှင် ကီလိုမီတာ ၈၀ နှုန်းနီးပါးဖြင့် တိုက်မိပြီး ပြင်းထန်စွာ ဒဏ်ရာရခြင်းနှင့် အသက်ဆုံးရှုံးရခြင်းများ ဖြစ်ပွားလာလိမ့်မည်ဖြစ်သည်။

ဤကဲ့သို့သော သဘောတရားကြောင့်ပင် ကားမောင်းသည့်အခါ၊ လိုက်ပါစီးနင်းသည့်အခါ ထိုင်ခုံခါးပတ်ကို ပတ်ထားရန်



**မော်တော်ကားထိုင်ခုံခါးပတ်သည် ရွေ့လျားမှုဆိုင်ရာ ရူပဗေဒသဘောတရားကို အခြေခံပြီး စနစ်တကျ စဉ်းစားတွက်ချက် ထုတ်လုပ်ပေးထားခဲ့သော အသက်ကယ်ပစ္စည်းဖြစ်သည်။**

လိုအပ်ခြင်းဖြစ်သည်။ တစ်နာရီလျှင် ၄၈ ကီလိုမီတာနှုန်းထက်မပိုပါက ထိုင်ခုံခါးပတ် ပတ်မထားမိသည့်တိုင် အများဆုံးအားဖြင့် ပြင်းထန်စွာဒဏ်ရာရသည့် အဆင့်အထိသာ ဖြစ်နိုင်သော်လည်း ထို့ထက်မြင့်သောအမြန်နှုန်းမျိုးဖြင့် မောင်းနှင်ရာ၌မူ အသက်ဆုံးရှုံးရသည့်အဆင့်အထိ ဖြစ်ပွားနိုင်သည်ကို သတိပြုသင့်ကြသည်။

ယာဉ်မောင်းသူနှင့်တကွ ခရီးသည်များသည် မိမိတို့၏ ထိုင်ခုံတွင် အသင့်တပ်ဆင်ပေးထားသော ခါးပတ်များကို မော်တော်ကား စတင်မထွက်ခွာမီကတည်းကပင် ကြိုတင်ပတ်ထားကြရမည်ဖြစ်သည်။ သို့မှသာ ယာဉ်တိုက်မှု တစ်စုံတစ်ရာဖြစ်ပွားပါက လူနှင့်ထိုင်ခုံတို့ မြဲမြံတင်းကျပ်စွာ ပူးတွဲလျက်ရှိနေမည်ဖြစ်ပြီး အသက်အန္တရာယ်ကို ကာကွယ်ပေးနိုင်လိမ့်မည် ဖြစ်သည်။

မော်တော်ကားတွင် တပ်ဆင်ပေးထားသော ထိုင်ခုံခါးပတ်များကို အသုံးပြုရာတွင် နည်းလမ်းတကျဖြစ်ရန် အလွန် အရေးကြီးသည်။ ခါးပတ်ကြိုးကို နည်းလမ်းတကျ တပ်ဆင်ထားမှသာလျှင် ယာဉ်တိုက်မှုဖြစ်ပွားသည့်အခါ သို့တည်းမဟုတ် ယာဉ်တိမ်းမှောက်မှုဖြစ်သည့်အခါမျိုးများ၌ အသက်ဆုံးရှုံးရခြင်းမှ ကင်းလွတ်နိုင်မည်ဖြစ်သည်။

မော်တော်ကားထိုင်ခုံခါးပတ်တွင် ခန္ဓာကိုယ်အပေါ်ပိုင်းကို သိုင်းပေးထားသောကြိုးနှင့် ခါးကို ပတ်ပေးထားသောကြိုးဟူ၍ ပါရှိပြီး ယင်းတာဝန်များကို ကြိုးတစ်ကြိုးတည်းဖြင့် ထမ်းဆောင်နိုင်အောင် ခါးပတ်ကွင်းနှင့် ထိုင်ခုံချိတ်များကို စီစဉ်တပ်ဆင်ပေးထားသည်။ ထိုင်ခုံခါးပတ်ကို ပတ်သည့်အခါ ခါးပတ်သည့်ကြိုးကို ခန္ဓာကိုယ်အောက်ပိုင်းရှိ ပေါင်နှစ်ဖက်နှင့် တတ်နိုင်သမျှ နီးကပ်အောင် ထားရှိပေးရမည်ဖြစ်ပြီး စလွယ်သိုင်းကြိုးကိုမူ ပုခုံးပေါ်မှကျော်၍ တင်းတင်းကျပ်ကျပ်ဖြစ်အောင် ပတ်ထားရမည်ဖြစ်သည်။

ထိုင်ခုံခါးပတ်များ၏ တည်ဆောက်ထားပုံအရ ကြိုးကို ညင်သာစွာဆွဲထုတ်လျှင် ခါးပတ်ကြိုးက လွယ်ကူပေါ့ပါးစွာ လိုက်ပါလာမည်ဖြစ်သော်လည်း အကယ်၍ အားသုံးပြီး ဆောင့်ဆွဲလိုက်မည်ဆိုပါကမူ ခါးပတ်ကြိုးက လိုက်ပါမလာတော့ဘဲ တင်းခံနေလိမ့်မည်ဖြစ်သည်။ ထိုင်ခုံခါးပတ်အိမ်အတွင်း၌ နာရီသံပတ်ပုံစံ ခရုခွေစပရိန်ဖြင့် ပူးတွဲတပ်ဆင်ထားသော ခါးပတ်ကြိုးရစ်ဘီးသည် သာမန်အချိန်တွင် ခါးပတ်ကြိုးကို ဖြေလျှော့ပေးခြင်းနှင့် အလိုအလျောက် ပြန်လည်ရစ်သိမ်းခြင်းများကို လုပ်ဆောင်ပေးမည်ဖြစ်သည်။

သို့ရာတွင် ကြိုးကို ဆောင့်ဆွဲလိုက်သည့်အခါ တစ်နည်းဆိုရသော် အရှိန်ဖြင့်မောင်းနှင်နေစဉ် တစ်စုံတစ်ခုကို ရုတ်တရက်တိုက်မိသည့်အခါ သို့တည်းမဟုတ် ရုတ်တရက် ဘရိတ်ဖမ်းလိုက်သည့်အခါ ခါးပတ်ကြိုးရစ်ဘီး၏ ပင်နယံ ခွေးသွားစိပ်များကို ထူထဲသောသံပြားဖြင့် ကန့်လန့်ခံပေးလိုက်ကာ ခါးပတ်ကြိုး တင်းသွားအောင် လုပ်ဆောင်ပေးလိမ့်မည်ဖြစ်သည်။

ထိုကဲ့သို့ လုပ်ဆောင်ပေးနိုင်ရန်အတွက် ခါးပတ်ကြိုးရစ်ဘီး၏အောက်တွင် သံမဏိတုံးတစ်ခုကို နာရီချိန်သီးကဲ့သို့ ချိတ်ဆွဲထားပြီး ယင်းသံမဏိတုံး၏အပေါ်ထိပ်တွင် ရစ်ဘီး ခွေးသွားစိပ်များကို ကန့်လန့်ခံပေးမည့် ထူထဲသောသံပြားကို ချိတ်ဆက်တပ်ဆင်ပေးထားသည်။ သို့ဖြစ်၍ မော်တော်ကားကို ပုံမှန်မောင်းနှင်နေစဉ်၌ သံမဏိတုံးချိန်သီးက အလိုက်သင့် တည်ငြိမ်နေမည်ဖြစ်သလို ယင်းနှင့် ချိတ်ဆက်တပ်ဆင်ထားသော သံပြား၏ အနေအထားကိုလည်း ရစ်ဘီးပင်နယံများနှင့် လွတ်ကင်းအောင် ချိန်ဆပေးနေလိမ့်မည် ဖြစ်သည်။

မောင်းနှင်နေရင်း ရုတ်တရက် တစ်စုံတစ်ခုကို တိုက်မိသည့်အခါ သို့တည်းမဟုတ် ရုတ်တရက် ဘရိတ်ဖမ်းလိုက်သည့်အခါ သို့တည်းမဟုတ် ခါးပတ်ကြိုးကို ဆောင့်ဆွဲလိုက်သည့်အခါမျိုးများ၌ သံမဏိချိန်သီးက ဟန်ချက်ပျက်ကာ လှုပ်ယမ်းသွားရင်း တစ်ချိန်တည်းမှာပင် ယင်းနှင့်ချိတ်ဆက်ထားသော သံပြား၏ တည်နေရာကိုလည်း ရွေ့သွားစေကာ ရစ်ဘီး၏ ခွေးသွားစိပ်များကို ကန့်လန့်ခံပေးလိုက်ခြင်းဖြင့် ခါးပတ်ကြိုးကို တင်းသွားစေလိမ့်မည်ဖြစ်သည်။ ဤနည်းအားဖြင့် ယာဉ်တိုက်မှုဖြစ်ပွားသည့်အခါမျိုးတွင် ထိုင်နေသူနှင့် ထိုင်ခုံတို့ကို မြဲမြံတင်းကျပ်စွာ ထိန်းချုပ်ပေးထားပြီး ထိခိုက်မှုအန္တရာယ်နှင့် အသက်အန္တရာယ်တို့မှ ကာကွယ်ပေးလိမ့်မည် ဖြစ်သည်။

မော်တော်ကားတွင်တပ်ဆင်ထားသော သက်စောင့် ထိုင်ခုံခါးပတ်များ၏ စွမ်းဆောင်ရည်ကို အပြည့်အဝ ရယူခံစားနိုင်ရန်အတွက် အောက်ပါအချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ကြရန် လိုအပ်သည်။

(၁) ကားမောင်းသည့်အခါတိုင်းနှင့် လိုက်ပါစီးနင်းသည့်အခါတိုင်း ထိုင်ခုံခါးပတ်ကို အမြဲပတ်ထားပါ။

(၂) မိမိကား၏ ထိုင်ခုံခါးပတ်သည် လုပ်ဆောင်ချက်အားလုံးကို အပြည့်အဝ လုပ်ဆောင်နိုင်စွမ်းရှိသည့်ခါးပတ်ဟုတ် မဟုတ်ကို ကြိုတင်စစ်ဆေးပါ။

(၃) ခါးပတ်သိုင်းကြိုးကို ပုခုံးပေါ်မှကျော်ပြီး တင်း ကျပ်စွာပတ်ထားရမည် ဖြစ်သည်။ ချိုင်းအောက်က လျှိုပြီးသိုင်းထားခြင်းမျိုးနှင့် လျော့ရဲစွာ သိုင်းထားခြင်းမျိုးတို့အတွက် ထိုင်ခုံခါးပတ်က အန္တရာယ်ကို ကာကွယ်ပေးနိုင်မည်မဟုတ်ပေ။

(၄) ထိုင်ခုံသည် ကား၏ကြမ်းခင်းတွင် မြဲမြံတင်းကျပ်စွာရှိနေရန် လိုအပ်သည်။ ထိုင်ခုံထိန်းဇာဝီနှင့် မူလီများ မစုံလင်ခြင်းနှင့် လျော့နေခြင်းများက အန္တရာယ်ရှိနိုင်သည်ကို သတိပြုပါ။

(၅) ထိုင်ခုံကို ရှေ့နောက် လိုသလို ရွှေ့လျားနိုင်အောင် တပ်ဆင်ပေးထားသော လျှောသွားမြောင်းများနှင့် အလိုရှိသည့်နေရာတွင် တည်ငြိမ်နေအောင် ထိန်းချုပ်ပေးထားသည့် Locking Device များအားလုံးသည် ရာနှုန်းပြည့်ကောင်းမွန်နေရန် လိုအပ်သည့်အတွက် အမြဲဂရုပြုစစ်ဆေးပါ။

၁၉၅၈ ခုနှစ်မှစ၍ တပ်ဆင်အသုံးပြုခဲ့ကြသော မော်တော်ကား သက်စောင့် ထိုင်ခုံခါးပတ်များသည် ကမ္ဘာ့အရပ်ရပ်တွင် ဖြစ်ပွားခဲ့သည့် သန်းနှင့်ချီသော ယာဉ်တိုက်မှုနှင့် တိမ်းမှောက်မှုများတွင် သန်းပေါင်း ရာနှင့်ချီသော လူ့အသက်များကို ကာကွယ်ပေးနိုင်ခဲ့ကြသည်။ အသက်ကယ်လေအိတ် တပ်ဆင်ထားသည့် မော်တော်ကားများပင်ဖြစ်စေကာမူ ယာဉ်တိုက်မှုကြောင့် လေအိတ်ပွင့်လာချိန်၌ ခါးပတ်ပတ်ထားခြင်းမရှိပါက ပြင်းထန်သော ထိခိုက်ဒဏ်ရာရရှိမှုမျိုးနှင့် ကြုံတွေ့ကြရဖွယ်ရှိနေသည့်အတွက် မော်တော်ကား၌ အသင့်တပ်ဆင်ပေးထားသည့် သက်စောင့်ထိုင်ခုံခါးပတ်များကို မမေ့မလျော့ ပတ်ထားကြခြင်းအားဖြင့် အသက်အန္တရာယ်ကို ကြိုတင်ကာကွယ်ထားကြရမည် ဖြစ်သည်။

မော်တော်ကားတစ်စီးအတွက် ထိုင်ခုံခါးပတ်ကဲ့သို့ပင် ထိခိုက်မှုအန္တရာယ်နှင့် အသက်အန္တရာယ်ကို ကာကွယ်ပေးသည့် အသက်ကယ်လေအိတ်ကလည်း အလွန်အရေးကြီးသော အထောက်အကူပြု ပစ္စည်းတစ်မျိုးဖြစ်သည်။ ၁၉၈၅ ခုနှစ် နောက်ပိုင်းမှစ၍ ဥရောပနိုင်ငံထုတ် မော်တော်ကားများ၌ အရေးပေါ် အသက်ကယ်လေအိတ်များကို ထည့်သွင်းတပ်ဆင်ထုတ်လုပ်ပေးခဲ့ကြသလို ဂျပန်နိုင်ငံထုတ် ကားများကိုလည်း ၁၉၉၀ ခုနှစ် ဝန်းကျင်အရောက်တွင် လေအိတ်များ ထည့်သွင်းတပ်ဆင် ထုတ်လုပ်လာကြသည်။

လေအိတ်ကို ထည့်သွင်းတပ်ဆင်ထုတ်လုပ်သည့်နည်းပညာ မပေါ်မီက မော်တော်ကား၌တပ်ဆင်ခဲ့သော ထိုင်ခုံခါးပတ်များသည် ယာဉ်တိုက်မှုနှင့် တိမ်းမှောက်မှုများ ဖြစ်ပွားသည့်အခါ ယာဉ်ပေါ်မှ လွင့်စဉ်ထွက်ကျသွားခြင်းမရှိအောင် ကာကွယ်ပေးနိုင်ခဲ့သည်။ ယာဉ်ပြင်ပသို့ လွင့်စဉ်ထွက်ကျသွားသူများ၏ ၇၇ ရာခိုင်နှုန်းမှာ အသက်ဆုံးရှုံးနိုင်ခြေရှိသည့်အတွက် ထိုင်ခုံခါးပတ် ပတ်ထားသူများအဖို့ ထိုဖြစ်ရပ်မျိုးမှ ရှောင်လွှဲနိုင်ခဲ့ကြသော်လည်း စတီယာရင်၊ လေကာမှန် စသည်တို့ကို ဆောင့်မိသဖြင့် ပြင်းထန်စွာဒဏ်ရာရခြင်းများ ဖြစ်ပွားကြရလေ့ရှိသည်။

ထိုဖြစ်ရပ်မျိုးမှ ရှောင်လွှဲနိုင်ရန်အလို့ငှာ ယာဉ်တိုက်မှုဖြစ်ပွားချိန်တွင် အသက်ကယ်လေအိတ်ဖြင့် ခုခံကာကွယ်ပေးထားသော နည်းပညာတစ်ရပ်ကို သိပ္ပံသုတေသီတို့က ရှာဖွေဖော်ထုတ်ခဲ့ကြသည်။ နည်းပညာသစ်ဖြစ်သော အသက်ကယ်လေအိတ်များကို နည်းပညာဟောင်းဖြစ်သည့် သက်စောင့်ထိုင်ခုံခါးပတ်များနှင့် ပူးတွဲကာ မော်တော်ကားများ၌ တပ်ဆင်ပေးနိုင်ခဲ့ပြီးချိန်မှစ၍ ကမ္ဘာတစ်လွှားဖြစ်ပွားခဲ့သည့် ပြင်းထန်သော ယာဉ်တိုက်မှုများနှင့် တိမ်းမှောက်မှုဖြစ်စဉ်များတွင် အသက်ဆုံးရှုံးရမှုနှုန်းနှင့် ဆိုးဆိုးရွားရွား ဒဏ်ရာရရှိမှုနှုန်းတို့ သိသာစွာ ကျဆင်းလာခဲ့သည်။

အသက်ကယ်လေအိတ်များကို မော်တော်ကားများတွင် တပ်ဆင်ရာ၌ မော်တော်ကား၏ အတန်းအစားနှင့် ဈေးနှုန်းအပေါ်မူတည်ပြီး အမျိုးမျိုး ကွဲပြားခြားနားကြသည်။ အတန်းအစားနိမ့်ပြီး ဈေးနှုန်းချိုသာသော မော်တော်ကားများ၌ အသက်ကယ်လေအိတ်ကို သာမန်အားဖြင့် တစ်ခုတည်းသာ တပ်ဆင်ပေးထားပြီး အလယ်အလတ်အဆင့်ရှိ မော်တော်ကားများ၌မူ လေအိတ်နှစ်ခုမှ လေးခုအထိ တပ်ဆင်ပေးထားလေ့ရှိကြသည်။

အတန်းအစားမြင့်ပြီး တန်ဖိုးအလွန်ကြီးသော ဇိမ်ခံကားများ၌မူ အသက်ကယ်လေအိတ်ကို ရှစ်ခုအထိ ထည့်သွင်းတပ်ဆင်ထုတ်လုပ်ပေးထားကြသည်။ သို့ရာတွင် အဆိုပါမော်တော်ကားအားလုံးတို့၌ တူညီသည့်အချက်တစ်ခုမှာ ယာဉ်မောင်းသူ၏ အသက်အန္တရာယ်ကို ကာကွယ်ပေးနိုင်ရန်အတွက် အသက်ကယ်လေအိတ်ကို စတီယာရင်ခွေ၏အလယ်၌ တပ်ဆင်ပေးထားခြင်းပင်ဖြစ်သည်။

အသက်ကယ်လေအိတ်ကို ပါးလွှာသည့်နိုင်လွန်ဖြင့် ပြုလုပ်ကာ လေအိတ် Cover ၏အောက်၌ အထပ်ထပ်ခေါက်၍ ထည့်သွင်းတပ်ဆင်ပေးထားသည်။ ကာလကြာရှည်စွာ ခေါက်ထားခြင်းကြောင့် လေအိတ်အသားချင်း ပူးကပ်မသွားစေရန်နှင့် ပွန်းပဲ့ခြင်းများ မဖြစ်စေရန်အတွက် အလွန်နူးညံ့သော လေအိတ်ပေါင်ဒါမှုန့်များကို ထည့်သွင်းအသုံးပြုထားသည်။

အသက်ကယ်လေအိတ်၏ အလုပ်လုပ်ပုံ အခြေခံ သဘောတရားမှာ

**စာမျက်နှာ ၂၀ သို့**

# ၂၀၁၇ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အလွတ်တန်းဆောင်းပါးနှင့် စာစီစာကုံးပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်စာမူများ ဖိတ်ခေါ်

**နေပြည်တော် မေ ၅**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၇ ခုနှစ် ဇွန်လ ၅ ရက်နေ့တွင်ကျရောက်မည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် ဆောင်ပုဒ်ဖြစ်သော Connecting People to Nature (တို့ကမ္ဘာမြေ တစ်ခွင်သာယာလှစေဖို့ သဘာဝကိုထိန်းသိမ်းစို့) ခေါင်းစဉ်ဖြင့် အလွတ်တန်းဆောင်းပါးနှင့် စာစီစာကုံးပြိုင်ပွဲကို ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။

ယခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ဆောင်ပုဒ်၏ ရည်ရွယ်ချက်မှာ သဘာဝ၏ သာယာလှပမှုနှင့် သက်ရှိသက်မဲ့အားလုံးအတွက် အရေးပါမှုကို ကျေးဇူးတင်ရှိရန်၊ မိမိတို့သည်လည်း သဘာဝ၏အစိတ်အပိုင်းတစ်ခုဖြစ်ပြီး သဘာဝကို မည်သည့်အတိုင်းအတာအထိ နက်နက်ရှိုင်းရှိုင်း မှီခိုနေရသည်ကို သိရှိနားလည်စေရန်နှင့် ချစ်ခင်မြတ်နိုးတတ်စေရန် ဖြစ်သည်။

သို့ဖြစ်၍ ယခုနှစ်ဆောင်ပုဒ်၏ ရည်ရွယ်ချက်များနှင့် အသိပေးနှိုးဆော်ချက်များကို ပြည်သူအများ သိရှိဆောင်ရွက်နိုင်ကြစေရန်ရည်ရွယ်ချက်ဖြင့် အဆိုပါဆောင်ပုဒ်နှင့်စပ်လျဉ်းသည့် မိမိတို့ရေးသားတင်ပြလိုသည့် အချက်အလက်များ၊ သာဓကများ ပါဝင်သော အလွတ်တန်းဆောင်းပါးနှင့် စာစီစာကုံးများကို ရေးသားပေးပို့ယှဉ်ပြိုင်ကြရန် ဖိတ်ခေါ်အပ်ပါသည်။

ဆောင်းပါးများကို A4 ဆိုက် စာမျက်နှာ အနည်းဆုံး ၁၀ မျက်နှာမှ အများဆုံး ၁၅ မျက်နှာအထိ လည်းကောင်း၊ စာစီစာကုံးများကို A4 ဆိုက်စာမျက်နှာ အနည်းဆုံး ၅ မျက်နှာမှ အများဆုံး ၇ မျက်နှာအထိ လည်းကောင်း၊ ကွန်ပျူတာစာလုံး Myanmar Unicode (Myanmar 2) သို့မဟုတ် Winínnwa စာလုံးအရွယ်အစား-၁၈ (Fontsize 18)၊ ကွန်ပျူတာစာလုံး Myanmar Unicode (Myanmar 3) စာလုံးအရွယ်အစား - 14 (Fontsize 14)၊ စာကြောင်းအကွာအဝေး ၁ ဒသမ ၅ (Line Spacing 1.5)၊ စာရွက်ဘောင် ဆိုက် ၁ လက်မပတ်လည် (Margins 1" ပတ်လည်) ဖြင့် ကွန်ပျူတာစာစီ၍ ရေးသားပေးပို့ရန်ဖြစ်သည်။

ပြိုင်ပွဲဝင်စာမူများပေးပို့ရာတွင် စာမူ (Hard copy) နှစ်စုံနှင့် CD ဖြင့် (Soft copy) တစ်ချပ်၊ ပြိုင်ပွဲဝင်သူ၏အမည်၊ မှတ်ပုံတင်/နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ကာလာဓာတ်ပုံသုံးပုံ (1.5" x 2" ဆိုက်)၊ ဆက်သွယ်ရန်လိပ်စာ၊ ဖုန်းနံပါတ်တို့နှင့်အတူ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ရုံးအမှတ်-၅၃၊ နေပြည်တော်၊ (တယ်လီဖုန်းအမှတ်၊ ၀၆၇-၄၃၁၃၂၅၊ ၀၆၇-၄၃၁၃၂၁၊ ၀၆၇-၄၃၁၃၃၈၊ ဖက်စ်အမှတ်၊ ၀၆၇-၄၃၁၃၂၁၊ ၀၆၇-၄၃၁၃၂၄၊ ၀၆၇-၄၃၁၃၂၂၊ အီးမေးလ် pcd.ecd.m @gmail.com)သို့ **၂၀၁၇ ခုနှစ်၊ မေလ ၁၉ ရက်(သောကြာနေ့)** နောက်ဆုံးထား၍ ဆက်သွယ်ပေးပို့နိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ website ဖြစ်သော www.ecd. gov.mm တွင် လေ့လာကြည့်ရှုနိုင်ပါသည်။ (သတ်မှတ်ရက် ကျော်လွန်ပြီး စည်းကမ်းချက်များနှင့် မပြည့်စုံသော ပြိုင်ပွဲဝင်ဆောင်းပါးများ၊ စာစီစာကုံးများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။) ဆုရရှိသူများကို ၂၀၁၇ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့တွင် နေပြည်တော်၌ ကျင်းပပြုလုပ်မည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ထိုက်တန်စွာ ဆုချီးမြှင့်မည်ဖြစ်သည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

# ရန်ကုန်တက္ကသိုလ်အတွက် အသုံးချ 3D မြေပုံများ မောင်းသူမဲ့လေယာဉ်ငယ်များဖြင့် ကောင်းကင်ဓာတ်ပုံရိုက်ကူးပြီး ထုတ်လုပ်ပေး

**မိတ္ထီလာ မေ ၅**

ရန်ကုန်တက္ကသိုလ် အဆင့်မြှင့်တင်ရေး Master Plan ရေးဆွဲရေးလုပ်ငန်းအတွက် ထိရောက်အကျိုးရှိစွာအသုံးချနိုင်သည့် အသုံးချ 3D မြေပုံများကို မောင်းသူမဲ့ လေယာဉ်ငယ်များဖြင့် ကောင်းကင်ဓာတ်ပုံရိုက်ကူးပြီး မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာ တက္ကသိုလ် မောင်းသူမဲ့လေယာဉ် သုတေသနဌာနမှ အောင်မြင်စွာထုတ်လုပ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

“ရန်ကုန် တက္ကသိုလ်မှာရှိတဲ့ အဆောက်အအုံတွေ၊ လမ်းတွေ၊ ရေပိုက်လိုင်း၊ လျှပ်စစ်လိုင်း၊ သစ်ပင်စိုက်ခင်းတွေရဲ့ တည်နေရာအကျယ်အဝန်း၊ တိကျသည့် အတိုင်းအတာ၊ မြေအနိမ့်အမြင့်စတဲ့အချက်အလက်တွေကို မြေပြင်လက်ရှိပကတိ အနေအထားအတိုင်း တိကျမှန်ကန်စွာ ဖော်ပြပေးနိုင်တဲ့ အသုံးချမြေပုံတွေကို မေ ၄ ရက်မှာ အချောသပ် ထုတ်ပေးနိုင်ခဲ့ပါတယ်။ ရန်ကုန်တက္ကသိုလ်အပြင် အဆင့်မြင့်ပညာဦးစီးဌာန နယ်မြေအတွက်ရော အသုံးချ 3Dမြေပုံတွေကို ပန်ကာလေးလုံးတပ်၊ ရှစ်လုံးတပ် မောင်းသူမဲ့လေယာဉ်တွေကတစ်ဆင့် ကောင်းကင်ဓာတ်ပုံရိုက်ကူးပြီး အောင်မြင်စွာထုတ်လုပ်ပေးနိုင်ခဲ့ပါတယ်။ မြေပုံများရဲ့ အရည်အသွေးက Ground Sampling Distance (GSD ) -4cm နှင့် တိကျမှု Geo-Location Accuray-5 အထိရပြီး မြေပုံစကေး ၁း၁၅၀ အထိ ကွန်တိုလိုင်းပါ 3D မြေပုံများဖြစ်ပါတယ်” ဟု မိတ္ထီလာမြို့တွင် တည်ရှိသည့် မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာ တက္ကသိုလ် မောင်းသူမဲ့လေယာဉ် သုတေသနဌာနမှ ဒေါက်တာသဲမောင်မောင်က ပြောကြားသည်။

ရန်ကုန်တက္ကသိုလ်များနယ်မြေ (လှိုင်နယ်မြေ ) နှင့် ရန်ကုန်နည်းပညာ တက္ကသိုလ်တို့အတွက် အသုံးချ 3D မြေပုံများ ထုတ်လုပ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး မောင်းသူမဲ့လေယာဉ်သုတေသနဌာနအနေဖြင့် ၂၀၁၆ အောက်တိုဘာလ၊ ၂၀၁၇ မတ်လများအတွင်းက ကုလသမဂ္ဂစိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာအဖွဲ့ ( UNFAO)နှင့်ပူးပေါင်း၍ မကွေးတိုင်းဒေသကြီးအတွင်း ရေဘေးသင့်မြို့နယ်များ၊ ချင်းပြည်နယ် ရေကြီးမြေပြိုသည့်ဒေသများတွင် သဘာဝဘေးအန္တရာယ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အသုံးချမြေပုံများကို မောင်းသူမဲ့လေယာဉ်များဖြင့် ရိုက်ကူးထုတ်လုပ် ကူညီဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

**ချမ်းသာ(မိတ္ထီလာ)**



မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာ တက္ကသိုလ် မောင်းသူမဲ့လေယာဉ် သုတေသနဌာနမှ 3D မြေပုံများကို မောင်းသူမဲ့လေယာဉ်ငယ်ဖြင့် ကောင်းကင်ဓာတ်ပုံရိုက်ကူးထားသည်ကို ကြည့်ရှုစစ်ဆေးစဉ်

*စာမျက်နှာ ၁၉ မှ*

မောင်းနှင်နေရင်း မာကျောသည့်မျက်နှာပြင်တစ်ခုခုကို မော်တော်ကားက ဝင်တိုက်မိသဖြင့် ချက်ချင်းဆိုသလို အရှိန် လျော့ကျသွားခဲ့ပါက ယင်းကဲ့သို့သော ပုံမှန်မဟုတ်သည့် ရုတ်ခြည်း အရှိန်တန့်သွားခြင်းကို ခံစား သိရှိနိုင်သော အာရုံခံကိရိယာက လေအိတ်ကို လေဖြည့်သွင်းပေးမည့် ကိရိယာအား အလုပ်လုပ်စေခြင်းဖြင့် လေအိတ်ပွင့်ထွက် ဖောင်းကားလာခြင်းပင်ဖြစ်သည်။

လေဖြည့်သွင်းပေးမည့်ကိရိယာထဲတွင် ကြိုတင်ထည့်သွင်းထားသော ဆိုဒီယမ် အဇိုက် (Sodium Azide)နှင့် ပိုတက်ဆီယမ်နိုက်ထရိတ်(Potassiun Nitrate) တို့သည် ထိခိုက်မှု အာရုံခံကိရိယာက သတင်းပို့လိုက်ချိန်တွင် ချက်ချင်း ဓာတ်ပြုပြီး နိုက်ထရိုဂျင်ဓာတ်ငွေ့များကို ထွက်ပေါ်လာစေသည်။ ထို နိုက်ထရိုဂျင်ဓာတ်ငွေ့များသည် လေအိတ်အတွင်းသို့ အလွန်ပြင်းထန်သော အရှိန်ဖြင့် တိုးဝင်ရောက်ရှိသွားကာ အသက်ကယ်လေအိတ်ကို တစ်နာရီလျှင် ကီလိုမီတာ ၃၂၀ နှုန်းဖြင့် ဖောင်းကားလာစေပြီး ထိခိုက်မှုအန္တရာယ်မဖြစ်စေရန် ချက်ချင်းဆိုသလို ခုခံကာကွယ် ပေးထားလိုက်သည်။

ဤနေရာတွင် သတိပြုရန်မှာ အသက်ကယ်လေအိတ်သည် အံ့သြဖွယ်ကောင်းလောက်အောင် အလွန်လျင်မြန်စွာ ဖောင်းကားလာမည်ဖြစ်သည့်အတွက် ထိုအခြေအနေတွင် ထိုင်ခုံခါးပတ်ကို ပတ်မထားခဲ့ပါက ရှေ့သို့ငိုက်သွားပြီး အရှိန်ပြင်းစွာ ပွင့်ထွက်ဖောင်းကားလာသည့် လေအိတ်နှင့် ထိတွေ့မိကာ အန္တရာယ်ရှိနိုင်သည်ဆိုသည့် အချက်ပင်ဖြစ်သည်။

နောက်ထပ် သတိပြုသင့်သောအချက်မှာ ယာဉ်တိုက်မှုဖြစ်တိုင်း လေအိတ်များ ပွင့်ထွက်ဖောင်းကားလာမည်ဟု တရားသေမှတ်ယူ၍ မရခြင်းပင်ဖြစ်သည်။ လေအိတ်ကိုပွင့်လာအောင် လုပ်ဆောင်ပေးမည့် အာရုံခံကိရိယာများသည် ပြင်းထန်သောအားဖြင့် ဆောင့်မိတိုက်မိခြင်းမျိုးဖြစ်ပေါ်မှသာ အလုပ်လုပ်ဆောင်ပေးလိမ့်မည်ဖြစ်ပြီး အရှိန်နည်းနည်းဖြင့်သာ တိုက်မိခြင်း၊ တိုက်ခါနီးတွင် အချိန်မီ ဘရိတ်ဖမ်း လိုက်ခြင်းကြောင့် အရှိန်လျော့ကျကာ တိုက်မိသည့်အားက ပြင်းထန်မှုမရှိခြင်း၊ ဘေးတစ်စောင်း ပွတ်တိုက်မိခြင်း၊ ကားရှေ့ဝဲယာ သို့တည်းမဟုတ် ကားနောက်ဝဲယာ ထောင့်စွန်းနှစ်ဖက်ဖြင့် တိုက်မိခြင်း နှင့် ထိုနေရာများကို အတိုက်ခံရခြင်းစသည့် အခြေအနေမျိုးများတွင် အာရုံခံကိရိယာများက လေအိတ်ကို ပွင့်ထွက်လာအောင် လုပ်ဆောင်ပေးကြမည်မဟုတ်ပေ။

ထို့ကြောင့်ပင်လျှင် ယာဉ်တိုက်မှုဖြစ်ပေါ်ပါက အသက်အန္တရာယ်ကို ကာကွယ်ပေးနိုင်သည့် အဆင့်မြင့်နည်းပညာတစ်ရပ်ဖြစ်သော အသက်ကယ်လေအိတ်၏ စွမ်းဆောင်ရည်ကို အပြည့်အဝရယူခံစားနိုင်ရန်အတွက် ဖြစ်စေ၊ တိုက်မိသည့်အားက မပြင်းထန်သောကြောင့် လေအိတ်ပွင့်ထွက်မလာသည့် အခြေအနေမျိုးတွင် ထိခိုက်မှုအန္တရာယ်မှ ကင်းဝေးစေရန်အတွက်ဖြစ်စေ ထိုင်ခုံများတွင် တပ်ဆင်ပေးထားသည့် ခါးပတ်များကို မလွဲမသွေ ပတ်ထားကြရမည်ဖြစ်ပေသည်။ ။

# နိုင်ငံ့ဝန်ထမ်းဂျာနယ် အတွဲ (၁၄)ထုတ်ဝေ

**နေပြည်တော် မေ ၅**

ပြည်ထောင်စု ရာထူးဝန်အဖွဲ့က နိုင်ငံ့ဝန်ထမ်းဂျာနယ်အတွဲ (၁၄)ကို ထုတ်ဝေလိုက်သည်။ နိုင်ငံ့ဝန်ထမ်းဂျာနယ်သည် နိုင်ငံ့ဝန်ထမ်းများ၏ အရည်အသွေး တိုးတက်မြင့်မားရေး၊ အသိပညာဗဟုသုတ ပြည့်ဝစေရေး၊ ဝန်ထမ်းကျင့်ဝတ်၊ တာဝန်နှင့်စည်းကမ်း လိုက်နာ စောင့်ထိန်းစေရေးအတွက် အထောက်အကူပြုသည့် ပညာရပ်ဆိုင်ရာဂျာနယ်ဖြစ်ပြီး တစ်နှစ်လျှင် တစ်ကြိမ် ထုတ်ဝေလျက်ရှိသည်။

ယခုဂျာနယ်တွင် ပြည်သူ့ဝန်ထမ်း ပြုပြင်ပြောင်းလဲမှု မဟာဗျူဟာစီမံချက်ရေးဆွဲရေး အကြံပြုအလုပ်ရုံ ဆွေးနွေးပွဲဖွင့်ပွဲနှင့် ပြည်သူ့ဝန်ထမ်း အကယ်ဒမီဖွင့်ပွဲ အခမ်းအနားတို့တွင် ဒုတိယသမ္မတဦးမြင့်ဆွေနှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းတို့ ပြောကြားခဲ့သည့် မိန့်ခွန်းများကို ထည့်သွင်းဖော်ပြထားသည်။

ထို့အပြင် ပြည်ထောင်စု ရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်း၏ “ပြည်သူများအတွက် ပြည်သူ့ဝန်ထမ်းအကယ်ဒမီ”၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်း၏“အစိုးရသစ်၏ ပထမရက် (၁၀၀) ကာလအတွင်း ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၏ ကြိုးပမ်းဆောင်ရွက်မှုများ”၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးသန်းထွန်း၏ “ပွင့်လင်းမြင်သာမှုအကြောင်းသိကောင်းစရာ”နှင့် "An Introduction to New Public Management"၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး အဖွဲ့ဝင် (ငြိမ်း)ဦးမြသိန်း၏ “အမှတ်တရပုံရိပ်ကဏ္ဍ”၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ အမြဲတမ်းအတွင်းဝန် ဦးခင်မောင်ဝင်း၏“ဝန်ထမ်းများ၏ အရည်အသွေးမြှင့်တင်နိုင်ရန် အနှစ်သာရ ပြောင်းလဲခြင်းများကို ဆောင်ရွက်သွားမည့် ပြည်ထောင်စု ရာထူးဝန်အဖွဲ့၏ ရက်(၁၀၀)” ဆောင်းပါးများ ပါဝင်သည်။




ဝန်ထမ်းအဖွဲ့အစည်းများဆိုင်ရာ ဆောင်းပါးများဖြစ်သည့်“ကုသရေးဦးစီးဌာန၏လုပ်ငန်းဆောင်ရွက်ချက်များ” နှင့် “နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ အားကစားကဏ္ဍမြှင့်တင်စို့”၊ “သတင်းဝန်ဆောင်မှု တာဝန်ထမ်းရွက်မှုနှင့်အတူ” ဆောင်းပါးများအပြင် နိုင်ငံ့ဝန်ထမ်းများအတွက် ဗဟုသုတဖြစ်ဖွယ် ဆောင်းပါးများ၊ အခြားသုတ၊ ရသပေးစွမ်းနိုင်သည့် ဆောင်းပါးများ ပါဝင်ပြီး စုစုပေါင်းစာမျက်နှာ ၂၀၇ မျက်နှာပါရှိသည်။

အဆိုပါဂျာနယ်ကို နေပြည်တော်တွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ရုံးအမှတ်(၁၇)တွင် တစ်အုပ်လျှင် ငွေကျပ် ၃၀၀၀ နှုန်းဖြင့် ဝယ်ယူနိုင်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# သင်္ကြန်ပွဲတော်ကာလအတွင်း ယာဉ်မောင်းသူများလိုက်နာရန်

၂၀၁၆ ခုနှစ် မဟာသင်္ကြန်ကာလအတွင်း တစ်နိုင်ငံလုံးအနေဖြင့် ယာဉ်မတော်တဆမှု ၃၅၉ မှုဖြစ်ပွားခဲ့ကာ ဒဏ်ရာရ ၈၃၈ ဦး၊ သေဆုံး ၁၃၂ ဦးရှိခဲ့ပြီး ဧရာဝတီတိုင်းဒေသ ကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီး တို့တွင် ယာဉ်မတော်တဆမှု အများဆုံးဖြစ်ပွားခဲ့ကြောင်း တွေ့ရှိခဲ့ရပါသည်။

သို့ဖြစ်၍ ၂၀၁၇ ခုနှစ် မဟာသင်္ကြန်ကာလအတွင်း မိဘပြည်သူများ ယာဉ်မတော်တဆမှုကြောင့် ထိခိုက်နစ်နာမှုမရှိစေရေး၊ ယာဉ်အန္တရာယ်မဖြစ်ပွားစေရေးတို့အတွက် ယာဉ်မောင်းသူများအနေဖြင့် အောက်ပါစည်းကမ်းချက်များအား တိကျစွာလိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

၁။ မူးယစ်သောက်စား၍ ယာဉ်မောင်းနှင်ခြင်းမပြုရ။
၂။ အပျော်လွန်ကြူး စည်းကမ်းမဲ့ပြိုင်မောင်းခြင်း၊ လုမောင်းခြင်း၊ အရှိန်ပြင်း မောင်းခြင်းမပြုရ။
၃။ ယာဉ်နံပါတ်ပြားမပါဘဲ မောင်းနှင်ခြင်းမပြုရ။
၄။ ယာဉ်၏ ဘေးတံခါးများ၊ နောက်ဖုံးများဖြုတ်၍ မောင်းနှင်ခြင်းမပြုရ။
၅။ ဖျက်သိမ်းထားသော ယာဉ်အိုယာဉ်ဟောင်းများနှင့် ပြုပြင်ဆဲယာဉ်များအား မောင်းနှင်ခြင်းမပြုရ။
၆။ ယာဉ်ကြောပြောင်းပြန် စီးနင်းမောင်းနှင်ခြင်းမပြုရ။
၇။ ထော်လာဂျီကဲ့သို့ အနှေးယာဉ်များကို အသုံးပြု၍ ရေကစားခြင်းမပြုရ။
၈။ မော်တော်ဆိုင်ကယ်များ အိတ်ဇောပိုက်ဖြုတ်၍ စီးခြင်း၊ အသံကျယ်လောင်စွာစီးခြင်း၊ နံပါတ်မမြင်အောင် တွန့်ခေါက်၍စီးခြင်း၊ ရှေ့/နောက် နံပါတ်ပြားမပါဘဲစီးခြင်း၊ နှစ်ဦးထက်ပို၍ စီးခြင်း၊ ဆိုင်ကယ်စီးဦးထုပ်မပါဘဲ စီးခြင်းများမပြုရ။
၉။ သံစုံဟွန်းများ တပ်ဆင်ကာအသုံးမပြုရ။
၁၀။ မော်တော်ယာဉ်များတွင် ညစ်ညမ်းသောစာသားများ၊ ဆိုင်းဘုတ်၊ ပန်းချီ၊ ရုပ်ပုံ၊ အခြားမသင့်လျော်သောပစ္စည်းများ ရေးသားချိတ်ဆွဲ၍ မောင်းနှင်ခြင်းမပြုရ။

**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

# ပီတိစကားသံများနှင့်အတူ အမိမြန်မာပြည်သို့ ပြန်လည်ရောက်ရှိလာကြသည့် မြန်မာ့ရေလုပ်သားများ

**အင်တာဗျူး - ဇော်မင်းလတ်၊ ဓာတ်ပုံ - ကိုကိုဇော်**


ဦးမြင့်စိုး


ဦးဇော်နိုင်ဝင်း (သံမှူးကြီး)


ဦးမန်းဘိုးတော်


ကိုဆန်းဝင်း


ကိုမင်းမင်းထွန်း


ကိုကျော်ဆန်းဦး

**နေပြည်တော် ဧပြီ ၅**

မြန်မာရေလုပ်သားများသည် အိန္ဒိယ-မြန်မာနှစ်နိုင်ငံ ရေပိုင်နက်အနီးတွင်ငါးဖမ်းကြရာ ရာသီဥတုအခြေအနေကြောင့် မုန်တိုင်းမိခြင်း၊ စက်လှေပျက်ခြင်း၊ ရေပိုင်နက်မှားယွင်း၍ အိန္ဒိယ ရေပိုင်နက်အတွင်းသို့ တရားမဝင် ဝင်ရောက်မိခြင်းစသည့် အကြောင်းအမျိုးမျိုးကြောင့် အိန္ဒိယအစိုးရဥပဒေအရ ထိန်းသိမ်းခံကြရသည်။

ယခင်က အိန္ဒိယနိုင်ငံရေပိုင်နက်အတွင်းသို့ ဝင်ရောက်သွားသော မြန်မာရေလုပ်သားများကို အိန္ဒိယ-မြန်မာနှစ်နိုင်ငံ ညှိနှိုင်းမှုအရ မြန်မာ- အိန္ဒိယနှစ်နိုင်ငံနယ်စပ် နယ်ဘက်အာဏာပိုင်များ၏(၁၃)ကြိမ်မြောက် ဒေသအဆင့်အစည်းအဝေးသဘောတူညီမှုအရ ၁၉၈၈ ခုနှစ်မှစ၍ အိန္ဒိယကမ်းခြေစောင့်သင်္ဘောများဖြင့် ပို့ဆောင်ပေးခဲ့သည်။

ယင်းသို့ပို့ဆောင်ရာတွင် ရာသီဥတုအခြေအနေပေါ် မူတည်ပြီး ပို့ဆောင်ပေးသည့်အတွက် မြန်မာရေလုပ်သားများသည် မိသားစုများနှင့်ဆုံဆည်းခွင့်ကို ရက်ကာလကြာရှည်စောင့်ဆိုင်းခဲ့ကြရာမှ ၂၀၁၁ ခုနှစ်ခန့်မှစ၍ စင်းလုံးငှားလေယာဉ်များဖြင့် ခေါ်ယူပေးခဲ့သဖြင့် မြန်မာရေလုပ်သားများသည် မိသားစုများနှင့်အချိန်တိုအတွင်း ပြန်လည်ဆုံဆည်းခွင့် အမြန်ဆုံးရရှိနေကြပြီဖြစ်သည်။

ပြန်လည်ဆုံဆည်းခွင့်ရရှိတော့မည့် ရေလုပ်သားများနှင့် တာဝန်ရှိသူများ၏ ပီတိစကားသံများကို မေးမြန်း တင်ပြလိုက်ရပါသည်။

**ဦးမြင့်စိုး- ညွှန်ကြားရေးမှူး**
**ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန**

"အခုခေါ်ယူတဲ့မြန်မာရေလုပ်သား ၈၈ ဦးကို နိုင်ငံတော်အစိုးရက စင်းလုံးငှား လေယာဉ်နဲ့ ခေါ်ယူတဲ့အတွက် အမေရိကန်ဒေါ်လာ ၂၁၈၈၈ နဲ့ နေရာဒေသအလိုက် ပြည်တွင်း ခရီးစရိတ်နဲ့ စားစရိတ်တွေစတဲ့ ကုန်ကျစရိတ်အားလုံးကို ကျခံခဲ့ပါတယ်။ မြန်မာရေလုပ်သားတွေဟာ ပင်လယ်ပြင်တွင် ငါးဖမ်းကြရာမှ သဘာဝဘေးအန္တရာယ်ကြောင့် အိန္ဒိယ၊ အင်ဒိုနီးရှား၊ ဘင်္ဂလားဒေ့ရှ်၊ သီရိလင်္ကာနိုင်ငံတွေကို မျောပါရောက်ရှိလေ့ရှိပါတယ်။ အများစုက အိန္ဒိယနိုင်ငံကို မျောပါရောက်ရှိသွားသူတွေဖြစ်ပါတယ်။"

**သံမှူးကြီး ဦးဇော်နိုင်ဝင်း**
**အိန္ဒိယနိုင်ငံဆိုင်ရာနယူးဒေလီမြန်မာသံရုံး**

"အရင်ဆုံးရေလုပ်သားတွေရဲ့ အချက်အလက်တွေကောက်ယူပါတယ်။ အိန္ဒိယတာဝန်ရှိသူတွေနဲ့ ညှိနှိုင်းပြီး ရေလုပ်သားတွေပြန်ဖို့ကိစ္စကို ကြိုတင်ပြီးတော့ဆောင်ရွက်ရပါတယ်။ Camp ထိန်းသိမ်းရေးစခန်းထဲမှာရှိသမျှ ဒုက္ခရောက်နေတဲ့ ရေလုပ်သားတွေ မြန်မာနိုင်ငံပြန်ဖို့ အလေးအနက်ထားဆောင်ရွက်ပေးပါတယ်။ ယခု ၈၈ ဦးပြန်ဖို့ စီစဉ်ထားပါတယ်။ မြန်မာနိုင်ငံသားမှန်ကန်ကြောင်း ကိုယ်တိုင်သိရှိစစ်ဆေးထားပြီး လူဝင်မှုကြီးကြပ်ရေးဌာန၊ ကယ်ဆယ်ရေးဌာန၊ နိုင်ငံခြားရေးဌာနနဲ့ မြန်မာသံရုံးတွေ ပူးပေါင်းပြီး ဆောင်ရွက်တာဖြစ်ပါတယ်။ ဒီမှာရှိတဲ့ ရေလုပ်သားတွေပြန်နိုင်ဖို့ နယူးဒေလီမှာရှိတဲ့ သံရုံး၊ ကာလကတ္တားမှာရှိတဲ့ ကောင်စစ်ဝန်ချုပ်ရုံးတို့ ပူးပေါင်းပြီးတော့ ရေလုပ်သားတွေရဲ့ အခြေခံအချက်အလက်တွေ ပြည့်စုံအောင် လုပ်ထားပါတယ်။ အိန္ဒိယနဲ့ မြန်မာရေပိုင်နက်က အလွန်ကပ်နေပါတယ်။ ကျွန်တော်တို့ ရေလုပ်သားတွေဟာ သက်ဆိုင်ရာရဲ့ အသိပညာပေး အားနည်းတာကြောင့်ရယ်၊ အခြေခံပညာလည်း နည်းပါးသူတွေဖြစ်တာကြောင့် တစ်ဖက်နိုင်ငံကို ရောက်ရှိတဲ့အခါ ကိုယ်ရေးအချက်အလက် တိကျစွာမပြောနိုင်ဘူး။ ပြင်ပထိန်းသိမ်းရေးစခန်းမှာ အချိန်အကြာကြီး နေထိုင်ရလို့ ရေလုပ်သားမှတ်ပုံတင်တွေကို အင်္ဂလိပ်-မြန်မာနှစ်ဘာသာနဲ့ သက်ဆိုင်ရာဌာနတွေနဲ့ အဖွဲ့အစည်းတွေက ဆောင်ရွက်ပေးသင့်ပါတယ်။"

**ဦးမန်းဘိုးတော်-ရောဝတီတိုင်းဒေသကြီး**
**ပြင်စလူမြို့နယ် စားကျက်အုပ်စု တာလူးဖထော်ကျေးရွာ**

"ကျွန်တော်က မိသားစုစားဝတ်နေရေးအတွက် ငါးဖမ်းရင်းနဲ့ရေပိုင်နက်မှားပြီး နယ်ကျံ့ဝင်ရောက်သွားမိလို့ အခုလို အဖမ်းခံရတာပါ။ အိန္ဒိယနိုင်ငံ ပို့ဘလဲယားမြို့ ထိန်းသိမ်းရေးစခန်းမှာ ခြောက်နှစ်နဲ့ ခြောက်လနေထိုင်ခဲ့ရတယ်။ သူတို့နိုင်ငံရဲ့ စည်းကမ်းအတိုင်း နေထိုင်တဲ့အတွက် အခုအမိမြန်မာပြည်ကို ပြန်ရမယ့် စာရင်းမှာ ပါဝင်လာတာဖြစ်ပါတယ်။ မိသားစုနဲ့ ပြန်တွေ့ရတော့မှာ ဖြစ်တဲ့အတွက် ဝမ်းသာနေပါတယ်။ နောက်ထပ်သွားဖို့တော့ အစီအစဉ်မရှိတော့ပါဘူး။"

**ကိုဆန်းဝင်း**
**တနင်္သာရီတိုင်းဒေသကြီး(မြိတ်မြို့)**

"ငါးဖမ်းရင်း လမ်းမှားပြီး အိန္ဒိယရေတပ်သင်္ဘောနဲ့ တွေ့ပြီး အဖမ်းခံခဲ့ရပါတယ်။ အိန္ဒိယမှာ လေးနှစ်နဲ့ သုံးလနီးပါးလောက်ကြာသွားပါတယ်။ သူများနိုင်ငံမှာ ဒုက္ခတော်တော်ခံစားခဲ့ရပါတယ်။ ခွဲခွာနေရတဲ့အချိန်မှာလည်း ကိုယ့်နိုင်ငံမှာရှိတဲ့ မိသားစုတွေကို လွမ်းနေရပါတယ်။ အခုလိုလာခေါ်ဖို့ ဆောင်ရွက်ပေးကြတဲ့ နိုင်ငံတော်နဲ့ တာဝန်ရှိသူတွေကို ပြောမပြတတ်အောင် ကျေးဇူးတင်ပါတယ်။"

**ကိုမင်းမင်းထွန်း-ရခိုင်ပြည်နယ်၊ သံတွဲခရိုင်၊ ဂွမြို့နယ်**
**မကျေးငူကျေးရွာအုပ်စု မကျေးငူရွာ**

"ကျွန်တော်က အိန္ဒိယနိုင်ငံရေပိုင်နက်ထဲမှာ ပင်လယ်မျှောဖမ်းဆီးတာကြောင့် အိန္ဒိယရေတပ်ရဲ့ ဖမ်းဆီးခြင်းကိုခံရပါတယ်။ ထိန်းသိမ်းရေးစခန်းမှာ လေးနှစ်လောက် နေခဲ့ရပါတယ်။ မိသားစုတွေနဲ့ ခွဲနေရတာလည်းကြာပါပြီ။ အခုလို ပြန်ဆုံရတော့မယ်ဆိုတော့ ဝမ်းသာရပါတယ်။ ကျွန်တော်တို့ကို အခုလို ပစ်မထားဘဲအလေးထားပြီး လာခေါ်ပေးတဲ့အတွက် နိုင်ငံတော်နဲ့ တာဝန်ရှိသူတွေကို ကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်။"

**ကိုကျော်ဆန်းဦး- မွန်ပြည်နယ်၊ ပေါင်မြို့၊ ဖြူဘကျေးရွာ**

"ငါးရှာထွက်ရင်း အခုလိုဖြစ်တာပါ။ ကျွန်တော်တို့ ရေပိုင်နက်ကျွန်းတွေလည်း ရှိပါတယ်။ ကိုကိုးကြီး၊ ကိုကိုးလေးကျွန်းတွေလည်းရှိပါတယ်။ အဲဒီကျွန်းအပြင်ဘက် နည်းနည်းလေးကျော်မိတာနဲ့ အိန္ဒိယရေတပ်တွေက ဖမ်းတော့တာပဲ။ ပိုင်နက်ကျူးလွန်မှုနဲ့ ငါးဖမ်းမှုဆိုပြီး နှစ်နှစ်ကျော်လောက်ကြာခဲ့ပါတယ်။ မြန်မာနိုင်ငံက တာဝန်ရှိသူတွေ ကျွန်တော်တို့ကို အခုလို ကူညီစောင့်ရှောက်ပေးခဲ့တဲ့အတွက် အားလုံးကို ကျေးဇူးတင်ပါတယ်။"

## သင်္ကြန်ကာလအတွင်း မှုခင်းများမဖြစ်ပွားစေရန် ပြည်သူများ သတိပြုရှောင်ကြဉ်ရမည့်အချက်များ

၁။ သင်္ကြန်ပွဲတော်အတွင်း အရက်သေစာ လွန်ကဲစွာ သောက်စားမူးယစ်ခြင်း၊
၂။ မူးယစ်ဆေးဝါးသုံးစွဲခြင်း၊
၃။ တုတ်/ဓား လက်နက်များ ဝှက်သိမ်းကိုင်ဆောင်ခြင်း၊
၄။ ကာမရာဂကို နိုးထစေသော ဆေးများရောင်းချခြင်းနှင့် ဝယ်ယူသုံးစွဲခြင်း၊
၅။ မြန်မာ့ယဉ်ကျေးမှုနှင့် မလျော်ညီသည့် ဝတ်စားဆင်ယင်ခြင်း၊
၆။ မိန်းကလေးများ ဆွေမျိုးသားချင်း မဟုတ်သူများနှင့်အတူလည်ပတ်ခြင်း၊ ၎င်းတို့မှ ကျွေးသော အစားအသောက်များကို မချင့်မချိန် စားသောက်ခြင်း၊
၇။ အချိန်လွန် ရေပက်ကစားခြင်းနှင့် လည်ပတ်ခြင်း၊
၈။ ရေပက်ကစားပြီး နားသည့်အချိန်၌ ဆိတ်ကွယ်ရာ၌ အနားယူခြင်း၊
၉။ အရက်သေစာ/ မူးယစ်ဆေးဝါး သောက်စားခြင်း၊ ဝန်ပိုများ တင်ဆောင်၍ မော်တော်ယာဉ်များ မောင်းနှင်ခြင်း၊
၁၀။ ရေပက်ကစားသူအချင်းချင်း နောက်ပြောင်ကျီစယ်လွန်ခြင်း၊
၁၁။ သင်္ကြန်ကာလအတွင်း အရက်မူးပြီး ရေကန်၊ ချောင်းများ၌ ရေကူးခြင်းနှင့် ရေချိုးခြင်း၊
၁၂။ ရေကစားရာတွင် ယာဉ်ကျေးမှုနှင့်ဆန့်ကျင်ပြီး အများအမြင်တွင် မတင့်တယ်သော မဖွယ်မရာပုံစံ ပြုလုပ်ထားသည့် ရေပက်ကိရိယာများနှင့် ရေပက်ကစားခြင်း။

**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

## မဟာသင်္ကြန်ကာလအတွင်း မူးယစ်ဆေးဝါးအန္တရာယ်နှင့်ပတ်သက်၍ ပြည်သူများသတိပြုရန် နှိုးဆော်ချက်

၁။ ရေပက်ခံကားယာဉ်မောင်းသူများ အရက်သေစာသောက်စားထားမှုနှင့် မူးယစ်ဆေးဝါးသုံးစွဲမှုမရှိစေရေးတားမြစ်ကြပါရန်။

၂။ မူးယစ်ဆေးဝါးများ၊ စိတ်ပြောင်းဆေးဝါးများ၊ ထိန်းချုပ်ဆေးဝါးများနှင့် တံဆိပ်အမျိုးမျိုး၊ ပုံသဏ္ဍာန်အမျိုးမျိုးတို့ဖြင့် တရားမဝင် ရောက်ရှိလာသည့် ကာမဆန္ဒနှိုးဆွစေသော ဆေးဝါးများအား မိမိကိုယ်တိုင် သောက်သုံးခြင်းမှ ရှောင်ကြဉ်ကြပါရန်နှင့် မြူဆွယ်တိုက်ကျွေး၍ အန္တရာယ်ပေးနိုင်သည်ကိုလည်း သတိပြုဆင်ခြင်ကြပါရန်။

၃။ တာဝန်သိပြည်သူ တစ်ယောက်ချင်းအနေဖြင့် မိမိတို့နိုင်ငံ၊ လူမျိုးတို့ အမြတ်တနိုးတန်ဖိုးထားသည့် အတာသင်္ကြန်ပွဲတော် မညစ်နွမ်းစေရန် မိမိပတ်ဝန်းကျင်တွင် မူးယစ်ဆေးဝါးနှင့် အခြားအန္တရာယ်ရှိသော ဆေးဝါးများ၊ ကာမဆိုင်ရာဆေးဝါးသုံးစွဲရောင်းဝယ်မှုတွေ့ရှိပါက အနီးဆုံးလုံခြုံရေးအဖွဲ့အစည်းများထံ သတင်းပေးပို့တိုင်ကြားကြပါရန်။

၄။ အတာသင်္ကြန်ကာလအတွင်း လူငယ်များသည် ရိုးရာသင်္ကြန်ကို အရိုးရှင်းဆုံးပုံစံဖြင့် ပျော်ရွှင်စွာဆင်နွှဲကြပါရန်၊ အရက်မှအစပြု၍ မူးယစ်ဆေးဝါးအပါအဝင် အဆန်းထွင်သုံးစွဲအပျော်လွန်ကြူးလျှင် ဘေးအန္တရာယ်များနှင့် ကြုံတွေ့ရမည်ကို သတိပြုကြပါရန်။

၅။ မြန်မာ့ရိုးရာအတာသင်္ကြန်ကာလအတွင်း လူသစ်စိတ်သစ်ဖြင့် နှစ်သစ်ကူးကာလကို ဘေးကင်းစွာနှင့်ပျော်ရွှင်စွာဖြတ်သန်းနိုင်ကြစေရန်အတွက် ရပ်မိရပ်ဖများ၊ မိဘအုပ်ထိန်းသူများနှင့် မဏ္ဍပ်တာဝန်ခံများဝိုင်းဝန်းထိန်းသိမ်း၍ ပူးပေါင်းဆောင်ရွက်ပေးနိုင်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

## အပြည်ပြည်ဆိုင်ရာ မိုင်းအန္တရာယ် အသိပညာပေးလှုပ်ရှားရေးနေ့ ကျင်းပ

**မြစ်ကြီးနား ဧပြီ ၅**

ကချင်ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနက ကြီးမှူးပြုလုပ်သော အပြည်ပြည်ဆိုင်ရာ မိုင်းအန္တရာယ် လှုပ်ရှားရေးနေ့အထိမ်းအမှတ်အခမ်းအနားကို မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ဧပြီ ၄ ရက် နံနက် ၉ နာရီက ပြုလုပ်သည်။

အခမ်းအနားတွင် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်က မိုင်းအန္တရာယ်အသိပညာပေးရေးလုပ်ငန်းကို မိုင်းအန္တရာယ်ကြောင့် ဖြစ်နိုင်ခြေရှိသည့် ကချင်၊ ကယား၊ ကရင်၊ မွန်၊ ပဲခူး၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ တနင်္သာရီ တိုင်းဒေသကြီးတို့တွင် ဆောင်ရွက်နေကြောင်း၊ အသိပညာပေးဆောင်ရွက်ရာတွင်လည်း စနစ်တကျဖြစ်စေရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန ဦးဆောင်သော မိုင်းအသိပညာပေးရေးအဖွဲ့ကို ဖွဲ့စည်းထားရှိပြီး ပြည်နယ်အဆင့်တွင် မိုင်းအန္တရာယ်အသိပညာပေးရေးအဖွဲ့ကို ဖွဲ့စည်းပြီး ဆက်စပ်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် UNICEF မြစ်ကြီးနားရုံးတာဝန်ခံ Mr.Cesear က ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူး မစ္စတာ အန်တိုနီရိုဂူတာရက်က ပေးပို့သော သတင်းစကားအား ဖတ်ကြားပေးခဲ့ပြီး ဒိန်းမတ်လူမှုရေးအဖွဲ့အစည်းမှ မိုင်းလှုပ်ရှားမှုတာဝန်ခံ ဦးရဲသီဟဆွေက အပြည်ပြည်ဆိုင်ရာ မိုင်းအန္တရာယ် အသိပညာပေးရေးလှုပ်ရှားမှု အကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အပြည်ပြည်ဆိုင်ရာ မိုင်းအန္တရာယ်အသိပညာပေးရေးနေ့ အထိမ်းအမှတ် မိုင်းအန္တရာယ်အသိပညာပေးဉာဏ်စမ်းပြိုင်ပွဲတွင် ဆုရရှိသူများကို တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ပြီး တက်ရောက်လာကြသော ဝန်ကြီးနှင့် ဧည့်ပရိသတ်များက ခင်းကျင်းပြသထားသော ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

**မင်းရာဇာ(မြစ်ကြီးနား)**

# ကောက်စိုက်စက်ဖြင့် နွေစပါးစိုက်ပျိုးမှုကို တောင်သူများစိတ်ဝင်စားလာ

**ရေဦး ဧပြီ ၅**

ရေဦးမြို့နယ်အတွင်း လယ်ယာလုပ်ငန်းခွင်များတွင် လုပ်သားရှားပါးမှုကို ဖြည့်ဆည်းပေးနိုင်ပြီး အချိန်မီ စိုက်ပျိုးနိုင်ရေးနှင့် စိုက်စရိတ် သက်သာစေရေးအတွက် ကောက်စိုက်စက်ဖြင့် စိုက်ပျိုးမှုကို ရေဦးမြို့နယ် အမှတ်(၂၁) စက်မှုလယ်ယာစခန်း ဦးစီးမှူး ဦးငွေဇော်စိုးနှင့် ဝန်ထမ်းများက နပေါင်ကျေးရွာရှိ တောင်သူ ဦးနိုင်ဇော်လင်း၏ စိုက်ကွက်အတွင်း၌ ဧပြီ ၃ ရက်က လက်တွေ့သရုပ်ပြခဲ့ရာ ဒေသခံ စပါးစိုက်တောင်သူများ၏ စိတ်ဝင်စားမှု ရရှိခဲ့ကြောင်း သိရသည်။



"ကောက်စိုက်စက်နဲ့ တစ်ခါမှ မစိုက်ဖူးဘူး။ မိရိုးဖလာအတိုင်း ကြိုးတန်းပေါင်ခတ် စိုက်တယ်။ ကောက်စိုက်စက်နဲ့ စိုက်တဲ့တောင်သူရှားတယ်။ လူအားနဲ့ပဲ စိုက်ကြတာများတယ်။ လုပ်သားကလည်း ရှားလာသလို လုပ်အားခဈေးကလည်း မြင့်လာတယ်။ အခြားမြို့နယ်တွေမှာ ကောက်စိုက်စက်နဲ့ စိုက်နေတာ လေ့လာဖူးတယ်။ စက်နဲ့စစိုက်ချိန်ကတော့ အမြင်အရ သဘောမကျခဲ့ဘူး။ နောက် စိုက်ပြီး တစ်လကျော်မှာ တစ်ခေါက်သွားကြည့်တော့ စိုက်ခင်းက လှနေတယ်။ စပါးရိတ်သိမ်းတော့လည်း အထွက်နှုန်းကောင်းတယ်ဆိုတာ သိခဲ့ရလို့ စိတ်ပါဝင်စားပြီး စိုက်ဖြစ်ခဲ့တယ်"ဟု တောင်သူ ဦးနိုင်ဇော်လင်းက ပြောသည်။

ရေဦးမြို့နယ်တွင် တောင်သူများအနေဖြင့် နွေစပါးစိုက်ပျိုးရန် စိတ်ဝင်စားလာကြပြီး အချို့တောင်သူများမှာ လယ်ယာသုံးထွန်စက်များဝယ်ယူ၍ ကိုယ်ပိုင် စက်ရေတွင်းတူးကာ ရေသွင်းစိုက်ပျိုးနေကြကြောင်း၊ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးမှု သရုပ်ပြရာတွင်လည်း တောင်သူများ စိတ်ဝင်တစား လာရောက်လေ့လာကြကြောင်း၊ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းကြောင့် အချိန်ကုန် ငွေကုန် သက်သာသလို လူအင်အားလည်း သက်သာသည်ကို သိရှိလာကြ၍ တောင်သူများ အနေဖြင့် ကောက်စိုက်စက်ဖြင့် စိုက်ပျိုးရန် စိတ်ဝင်စားလာကြကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း တောင်သူများ၏ လယ်ယာလုပ်ငန်းခွင်များတွင် လုပ်သားအင်အား လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် တစ်ပိုင်တစ်နိုင် လယ်ယာသုံးစက်များကို အတိုးမယူဘဲ အရစ်ကျရောင်းချပေးနေကြောင်း ရေဦးမြို့နယ် စက်မှုလယ်ယာဦးစီးဌာနမှူးက ပြောကြားသည်။

**သန်းထိုက်( ရေဦး)**

# အထူးကုဆရာဝန်ကြီးများက အခမဲ့ နယ်လှည့်ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေး

**ရမည်းသင်း ဧပြီ ၅**

ရမည်းသင်းခရိုင်နှင့် မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် ရမည်းသင်းခရိုင် ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာလှလှဌေးတို့ ဦးဆောင်ကာ အထူးကုဆရာဝန်များနှင့် မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက ရမည်းသင်းမြို့နယ် ရွာတန်းတိုက်နယ်ဆေးရုံသို့ ဧပြီ ၃ ရက်က ကွင်းဆင်းကာ ဒေသခံပြည်သူများအား ကျန်းမာရေး အသိပညာပေး ဟောပြောခြင်းနှင့် အခမဲ့ဆေးကုသခြင်းများ ဆောင်ရွက်ပေးခဲ့သည်။



ကျန်းမာရေး ပညာပေးဟောပြောပွဲတွင် ရမည်းသင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နီလာဟိန်းက အမှာစကားပြောကြားပြီး ခရိုင်ပြည်သူ့ဆေးရုံအုပ်ကြီးက ကျန်းမာအောင်နေထိုင်ခြင်းနှင့် ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးခြင်းအကြောင်းကိုလည်းကောင်း၊ ခွဲစိတ်အထူးကုဆရာဝန် ဒေါက်တာအောင်ဌေးက ခန္ဓာကိုယ်ကျန်းမာစေရန် အစာအုပ်စုများ၊ သီးနှံများစားသုံးခြင်းနှင့် မူးယစ်ဆေးဝါး အန္တရာယ်များအကြောင်းကိုလည်းကောင်း၊ သားဖွားမီးယပ်အထူးကု ဒေါက်တာဝါဝါဝင်းလှိုင်က မိခင်သေဆုံးမှု လျော့နည်းကျဆင်းရေးနှင့် သားဆက်ခြားခြင်းအကြောင်းကိုလည်းကောင်း၊ အထွေထွေအထူးကု(ဆေးပညာ) ဒေါက်တာစိုးထွဋ်ခေါင်က အပူဒဏ်အန္တရာယ်အကြောင်းကိုလည်းကောင်း အသိပညာပေးဟောပြောခဲ့သည်။

ထို့နောက် ဒေသခံ သက်ကြီးဘိုးဘွားများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား အာဟာရပြည့်ဝသော အစားအစာနှင့် ဆေးဝါးများကို ခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် မြို့နယ်ဥက္ကဋ္ဌတို့က ထောက်ပံ့ပေးအပ်ပြီး အထူးကုဆရာဝန်ကြီးများက အခမဲ့ ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့ရာ ရွာတန်းတိုက်နယ်အတွင်းရှိ လယ်သာအုပ်စု၊ ကုလားမျော်အုပ်စု၊ အနောက်အုဖို့လ်အုပ်စုနှင့် ရွာတန်းသဲကျွန်းအုပ်စုတို့မှ ဒေသခံပြည်သူ ၂၅၁ ဦးအား ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ပုသိမ်-ရန်ကုန် ခရီးသည်တင်ယာဉ်များ ညောင်တုန်းမြို့သို့ ဝင်ရောက်ပြေးဆွဲပေးရန် ဒေသခံများလိုလားနေ

**ညောင်တုန်း ဧပြီ ၅**

ပုသိမ်-ရန်ကုန် တိုက်ရိုက်ပြေးဆွဲနေသော ခရီးသည်တင်ယာဉ်လိုင်းများအနေဖြင့် ဗိုလ်မြတ်ထွန်းတံတား ဖွင့်လှစ်ပြီးသည့် ၁၉၉၉ ခုနှစ်မှစ၍ ညောင်တုန်းမြို့သို့ ဝင်ရောက်ပြေးဆွဲပေးခြင်းမရှိတော့သဖြင့် ညောင်တုန်းဒေသခံများမှာ အခက်အခဲများ ကြုံတွေ့နေရပြီး ရန်ကုန်-ပုသိမ် ခရီးစဉ် ပြေးဆွဲလျက်ရှိသည့် ခရီးသည်တင်ယာဉ်များမှ နေ့စဉ်နှစ်စီးခန့် ညောင်တုန်းမြို့သို့ ဝင်ရောက်ပြေးဆွဲပေးရန် ဒေသခံများ လိုလားနေကြကြောင်း သိရသည်။

ယာဉ်လိုင်းပြေးဆွဲခြင်းမရှိသဖြင့် ညောင်တုန်းမြို့မှ ပုသိမ်မြို့သို့ ဌာနဆိုင်ရာလုပ်ငန်းများ သွားရောက်ဆောင်ရွက်ရမည့် ဝန်ထမ်းများနှင့် ခရီးသွားပြည်သူများအနေဖြင့် ညောင်တုန်းမြို့မှ ခုနစ်မိုင်ခန့်ကွာဝေးသော ဆားမလောက်ကျေးရွာမှလည်းကောင်း၊ ညောင်တုန်းမြို့မှ ငါးမိုင်ခန့်ကွာဝေးသော နတ်ပေးကျေးရွာ (တာကွေ့) ရွာမှတစ်ဆင့်လည်းကောင်း သွားနေရသဖြင့် အချိန်ပိုကုန်၊ ကားခပိုကုန်၊ ခရီးကြန့်ကြာခြင်း စသည့် အခက်အခဲများ ကြုံတွေ့နေရကြောင်း သိရသည်။

ထို့ကြောင့် ရန်ကုန်-ပုသိမ် တိုက်ရိုက်ပြေးဆွဲနေသော ခရီးတင်ယာဉ်များမှ နှစ်စီးခန့်ကို ညောင်တုန်းမြို့သို့ နေ့စဉ် ဝင်ရောက်ပြေးဆွဲပေးရန်နှင့် ဝင်ရောက်မည့် ခရီးသည်တင်ယာဉ်များ၏ ဝင်ထွက်ချိန်များကို ဒေသခံပြည်သူများ သိရှိအောင် ကြိုတင်အသိပေးကြေညာခြင်းများ ဆောင်ရွက်ပေးရန် ညောင်တုန်းမြို့မှ ခရီးသွား ပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများက အထူးလိုလားလျက်ရှိနေကြသည်။

**ထွန်းကျော်**
**(ညောင်တုန်း)**

# ကြက်ဥနှင့် ကြက်သားရောင်းချသူများအား ကြက်ငှက်တုပ်ကွေးရောဂါအကြောင်း အသိပညာပေးမှုများဆောင်ရွက်

**မြောက်ဦး ဧပြီ ၅**

ရခိုင်ပြည်နယ် မြောက်ဦးမြို့ မြောက်ဦးမြို့မဈေးကြီးမှ ကြက်ဥနှင့် ကြက်သားရောင်းချသူများနှင့် ဒေသခံပြည်သူများအား ကြက်ငှက်တုပ်ကွေးရောဂါ အကြောင်း အသိပညာပေးမှုများကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများက မြောက်ဦးမြို့မဈေးကြီး၌ ဧပြီ ၃ ရက်က ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

မြောက်ဦးခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာမျိုးထွန်းနှင့် ဝန်ထမ်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စားသုံးသူရေးရာဦးစီးဌာန၊ ကျန်းမာရေးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့မှ ဝန်ထမ်းများ ပူးပေါင်းပါဝင်သောအဖွဲ့က ဈေးအတွင်း ကြက်ဥနှင့် ကြက်သား ရောင်းချနေသည့်ဆိုင်များကို သွားရောက်စစ်ဆေးခဲ့ကြပြီး ဈေးရောင်းချသူများအား ကြက်ငှက်တုပ်ကွေးရောဂါအကြောင်း၊ ကြက်ငှက်များသို့ ရောဂါပိုး ကူးစက်ပုံနှင့် ထိုမှတစ်ဆင့်အခြား သက်ရှိသတ္တဝါများသို့ ရောဂါပိုးကူးစက်ပြန့်ပွားပုံများအကြောင်းကို အသိပညာပေး ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## သတင်းတိုများ

### တောင်တွင်းကြီးမြို့တွင် သောက်သုံးရေများဖြန့်ဝေပေး

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့ အုန်းတော(၁)ရပ်ကွက် အပိုင်း(၁)တွင် နေထိုင်ကြသည့်ပြည်သူများ အသုံးပြုသော ရေစက်ပျက်နေသဖြင့် ရပ်ကွက်နေပြည်သူများမှာ သောက်သုံးရေအခက်အခဲများ ကြုံတွေ့နေရ၍ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မြို့နယ် မီးသတ်ဦးစီးဌာနတို့ ပူးပေါင်းကာ ရေသယ်ယာဉ်ဖြင့် သောက်သုံးရေများ ဧပြီ ၄ ရက်က ဖြန့်ဝေပေးခဲ့ကြောင်းသိရသည်။

**(ဝဓ၅)**

### စာကြည့်တိုက်ဖွင့်ပွဲနှင့် စာပေဟောပြောပွဲကျင်းပ

တာမွေမြို့နယ် ဗျိုင်းရေအိုးစင်ရပ်ကွက်တွင် ပညာအလင်းစာကြည့်တိုက် ဖွင့်ပွဲနှင့် စာပေဟောပြောပွဲကို ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးရှေ့၌ ဧပြီ ၂ ရက်က ကျင်းပခဲ့ရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးလှသိန်းနှင့် ဦးသိန်းမြင့်၊ စာကြည့်တိုက် ကော်မတီ အဖွဲ့ဝင်များက ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ပြီး မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်လှလှမြင့်က အမှာစကားပြောကြားခဲ့သည်။ စာကြည့်တိုက်တွင် ရပ်ကွက်နေပြည်သူများနှင့် ကလေးငယ်များ ဖတ်ရှုလေ့လာနိုင်ရန် စာအုပ်စာစောင်များ စီစဉ်ထားရှိကာ ပိတ်ရက်မရှိ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။ ဖွင့်ပွဲအပြီးတွင် စာပေဟောပြောပွဲကို ဆက်လက်ကျင်းပခဲ့ပြီး စာရေးဆရာများဖြစ်သော ဒေါက်တာခင်မောင်ညို၊ ချစ်ဦးညို၊ ရုပ်ရှင်သရုပ်ဆောင် မေတ္တာနှင့် ဒွေ့သည်တော် စန္ဒရားအောင်ဝင်းတို့က ဟောပြောခဲ့ကြသည်။

**လှလှ**

### ကျောင်းသားကျောင်းသူများစာဖတ်ရှိန်မြှင့်တင်ရေးဆောင်ရွက်

ကျောက်မဲခရိုင် မိုင်းလုံမြို့ ပန်ပေါင်းရွာ၌ ရှမ်းစာပေသင်ကြားနေသော ကျောင်းသားကျောင်းသူများ စာဖတ်ရှိန်မြှင့်တင်ရေးအတွက် စာဖတ်ပြိုင်ပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် ဓာတ်ပုံပြပွဲကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများ ဧပြီ ၃ရက်က ကွင်းဆင်းကျင်းပပေးခဲ့သည်။ ပန်ပေါင်းကျေးရွာ၌ ရှမ်းစာပေ သင်ကြားပေးရာတွင် KG တန်း၊ သူငယ်တန်းနှင့် ပထမတန်းဟု တန်းခွဲသုံးတန်းဖြင့် သင်ကြားပေးလျက်ရှိကာ ရှမ်းစာပေသင်ကြားနေသော ကျောင်းသားကျောင်းသူ ၉၀ ကျော် ရှိကြောင်း သိရသည်။

**သန်းဇော်ဦး(ပြန်/ဆက်)**

# မြေယာပြဿနာ အငြင်းပွားမှုများ လျော့ကျလာ

**ရေး ဧပြီ ၅**

မွန်ပြည်နယ် ရေးမြို့နယ်အတွင်း ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ မပေါ်ပေါက်မီက ၁၉၆၃ ခုနှစ် သီးစားဥပဒေအရ မြေယာလုပ်ပိုင်ခွင့် အငြင်းပွားမှု၊ မြေယာမှုခင်းများစွာ ရှိခဲ့သော်လည်း ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေအရ လယ်ယာမြေပိုင်ဆိုင်မှု ပုံစံ(၇) ထုတ်ပေးပြီးနောက်ပိုင်းတွင် မြေယာပြဿနာ အငြင်းပွားမှု လျော့ကျသွားခဲ့ရာ လေးနှစ်အတွင်း သုံးမှုခန့်သာရှိကြောင်း သိရသည်။

လက်ရှိအချိန်တွင် လယ်ယာမြေပိုင်ဆိုင်မှု ပုံစံ(၇) လျှောက်ထားရာ၌ ဖြစ်ပွားလေ့ရှိသော ပြဿနာများမှာ နယ်နိမိတ်များ အငြင်းပွားခြင်း၊ တိုးချဲ့လုပ်ကိုင်နေသည့်မြေများ အငြင်းပွားနေခြင်းနှင့် သိမ်းဆည်းမြေဆိုင်ရာများ၊ အမွေကိစ္စရပ်များအတွက် အငြင်းပွားခြင်း၊ ချေးငွေဖြင့် ခြံပေါင်ယာပေါင်ကိစ္စများ စသည်တို့ဖြစ်ကြောင်း သိရသည်။

ပုံစံ(၇)လျှောက်ထားရန်အတွက် ပုံမှန်အားဖြင့် အချိန်ကြန့်ကြာခြင်းမရှိသော်လည်း လျှောက်ထားမြေသည် နယ်နိမိတ်အငြင်းပွားနေခြင်း၊ ကန့်ကွက်မှုရှိနေခြင်း၊ အမွေကိစ္စများရှိနေခြင်းနှင့် နယ်မြေလုံခြုံမှုမရှိသော အရပ်ဒေသများတွင် ကျရောက်နေပါက တစ်ဖက်အဖွဲ့အစည်းများ၏ ခွင့်ပြုချက်ရရှိရန် ဆောင်ရွက်နေရခြင်း စသည်တို့ကြောင့် ကြန့်ကြာနေရမှုများလည်းရှိကြောင်း ရေးမြို့နယ် လယ်ယာမြေစီမံကိန်းနှင့် စာရင်းအင်း ဦးစီးဌာနမှူး ဦးဝင်းအောင်က ပြောသည်။

၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေအရ ပုံစံ(၇) ရရှိခြင်းဖြင့် လယ်ယာမြေကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ခွဲစိတ်ငှားရမ်းခြင်း၊ အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိခြင်း စသည့် အခွင့်အရေးများကို ရရှိလာမည်ဖြစ်ကြောင်း၊ ထိုအခွင့်အရေးများအကြောင်းကို ဒေသခံတောင်သူများအား အသိပညာပေးမှုများ ပြုလုပ်ပေးပါက ပုံစံ(၇) မလျှောက်ထားရသေးသောသူများ လာရောက်လျှောက်ထားလာကြခြင်းဖြင့် တစ်မြို့နယ်လုံးရှိ တောင်သူများအနေဖြင့် ပုံစံ(၇) ရရှိလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

လယ်ယာမြေပိုင်ဆိုင်မှု ပုံစံ(၇) လျှောက်ထားရန်အတွက် ရပ်/ကျေး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ပုံစံ(၁)ဖြင့် လျှောက်ထားရန်လိုအပ်ပြီး ရပ်/ကျေး လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့က စိစစ်ပြီးနောက် လုပ်ကွက်ဧရိယာကို တိုင်းတာကာ ရရှိသည့် ဧရိယာအတိုင်း ပုံစံ(၇) လျှောက်ထားရန်ဖြစ်ကြောင်း၊ လျှောက်ထားမှုများကို ရပ်/ကျေး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ထံ ပေးပို့ရမည်ဖြစ်ပြီး ထိုမှ မြို့နယ် လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့က စိစစ်ကာ လုပ်ငန်းစာတွဲဆောင်ရွက်၍ ခရိုင်သို့ ပေးပို့ပြီး ခရိုင်မှ ခွင့်ပြုပါက လျှောက်ထားသူအား ပုံစံ(၇)ကို ထုတ်ပေးကြောင်း သိရသည်။

**နေမျိုးထွဋ်(ရေး)**



# ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း

## ခင်အေးကြူ(ရွှေသန်လျှင်)

မြန်မာနိုင်ငံတွင် ကျေးရွာပေါင်း ၆၃၉၉၉ ရွာရှိပြီး နိုင်ငံလူဦးရေ၏ ၇၀ ဒသမ ၄ ရာခိုင်နှုန်းသည် ကျေးလက်ဒေသများတွင် နေထိုင်ကြပါတယ်။ ကျေးလက်လူဦးရေ၏ ၂၉ ဒသမ ၂ ရာခိုင်နှုန်းက ဆင်းရဲကြပါတယ်။ ဆင်းရဲတယ် ဆိုတာကလည်း လုပ်ရည်ကိုင်ရည်ရှိပြီး ငွေအရင်းအနှီး မရှိလို့ ဆင်းရဲသူများ ရှိသလို လုပ်ရည်ကိုင်ရည်လည်းမရှိ၊ အရင်းအနှီးလည်းမရှိ ဆင်းရဲသည့် သူများလည်းရှိပါတယ်။ ဆင်းရဲမှု လျှော့ချရေးအတွက် အတိုးနည်းချေးငွေနဲ့ ငွေအရင်းအနှီးများရရှိပြီး မိသားစုဝင်ငွေ တိုးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ဖို့အတွက် နိုင်ငံတော်ရန်ပုံငွေနဲ့ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ငါးလုပ်ငန်းဦးစီးဌာန (ငါးကဏ္ဍ)၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန (အသားကဏ္ဍ)၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

ဆောင်ရွက်တဲ့ နည်းလမ်းကတော့ စီမံကိန်းဆောင်ရွက်မယ့် ကျေးရွာတွေကို အရင်းမပျောက် လည်ပတ်ရန်ပုံငွေနဲ့ သန်း ၃၀ ကို နိုင်ငံတော်ဘတ်ဂျက်မှ အရင်းမပျောက်လည်ပတ်ရန်ပုံငွေအဖြစ် မတည်ပေးပါတယ်။ မိမိမြို့နယ်အတွင်း မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်ဖို့အတွက် ကျေးရွာတွေကိုတော့ သက်ဆိုင်သူတွေအားလုံးပါဝင်ပြီး ဦးစားပေးရမယ့်အချက်တွေအပေါ်မူတည်ကာ ပွင့်လင်းမြင်သာစွာ စိစစ်ရွေးချယ်ရပါတယ်။ စီမံကိန်းဆောင်ရွက်တဲ့ ကျေးရွာတွေမှာ ထိုလည်ပတ်ရန်ပုံငွေနဲ့ ကျေးရွာသူ ကျေးရွာသားတွေကို ချေးငွေထုတ်ချေးပေးရာမှာ အတိုးနှုန်းဟာငွေကျပ် ၁၀၀၊ တစ်လလျှင် အတိုးနှုန်းပြား ၅၀ မှ ၁ ကျပ် ပြား ၅၀ နှုန်းဖြစ်ပါတယ်။ အတိုးနှုန်းကိုလည်း ကျေးရွာသူကျေးရွာသားတွေက ဆန္ဒမဲစနစ်နဲ့ အမျိုးသမီး ၅၀ ရာခိုင်နှုန်းပါဝင်တဲ့ မြစိမ်းရောင်ရန်ပုံငွေ ကြီးကြပ်မှုကော်မတီ၊ ဘဏ္ဍာရေးဆပ်ကော်မတီ ဖွဲ့စည်းပြီး ထိုကော်မတီအဖွဲ့နဲ့ ကျေးရွာသူ ကျေးရွာသားတွေက သင့်တော်တဲ့ အတိုးနှုန်း (ပြား ၅၀ မှ ၁ ကျပ် ပြား ၅၀) နဲ့ သတ်မှတ်ငွေချေးကြပါတယ်။

မြစိမ်းရောင်ကျေးရွာစီမံကိန်း ရွေးချယ်ခံရတဲ့ ကျေးရွာတွေကို မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီဖွဲ့စည်းပြီး ကျေးရွာအမည်နဲ့ သက်ဆိုင်ရာ မြန်မာ့စီးပွားရေးဘဏ်မှာ ဘဏ်စာရင်းရှင်ဖွင့်လှစ်ရပါတယ်။ ငွေသွင်း၊ ငွေထုတ်ကို ကျေးရွာမြစိမ်းရောင်ရန်ပုံငွေကော်မတီ ဥက္ကဋ္ဌ၊ ဘဏ္ဍာရေးဆပ်ကော်မတီ ဥက္ကဋ္ဌ၊ အဖွဲ့ဝင်တစ်ဦး စုစုပေါင်းသုံးဦးအနက် နှစ်ဦးက ချက်လက်မှတ်နဲ့ ငွေသွင်း၊ ငွေထုတ်ဆောင်ရွက်နိုင်ပါတယ်။

ကျေးရွာသူ ကျေးရွာသားတွေက ချေးငွေနဲ့ ဆောင်ရွက်နိုင်တဲ့ လုပ်ငန်းတွေကတော့ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ မီးလင်းရေး၊ ကုန်ထုတ်လုပ်ငန်း၊ အရောင်းအဝယ်၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း(စက်ချုပ်၊ ဆိုင်ကယ်ကယ်ရီ၊ ဆပ်ပြာရည်ပြုလုပ်ခြင်း၊ တင်းတောင်းရက်လုပ်ခြင်း၊ တံမြက်စည်းလုပ်ငန်း စသည်များ......) နဲ့ မိသားစုဝင်ငွေတိုးပွားအောင် ရင်းနှီးဆောင်ရွက်နိုင်ကြပါတယ်။

မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်တွေကိုလည်း စာရင်းဇယားပြုတတ်အောင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းတွေက ကျေးရွာအရောက် သင်ကြားပေးပါတယ်။ ငွေထုတ်ချေးခြင်း၊ ချေးငွေကာလသတ်မှတ်ခြင်း၊ အတိုးနှုန်း သတ်မှတ်ခြင်းကို ကျေးရွာသူ ကျေးရွာသားတွေ၊ ကော်မတီဝင်တွေနဲ့ အစည်းအဝေးကျင်းပပြီး အစည်းဝေးဆုံးဖြတ်ချက်နဲ့ ဆောင်ရွက်ရပါတယ်။

ချေးငွေနဲ့ မိမိတို့ ရွေးချယ်တဲ့လုပ်ငန်းတွေ ဆောင်ရွက်မှု ရှိ/မရှိ၊ တိုးတက်မှု ရှိ/မရှိကိုလည်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဝန်ထမ်းတွေ၊ ကျေးရွာမြစိမ်းရောင်ကော်မတီအဖွဲ့က ကွင်းဆင်းကြည့်ရှုပြီး နည်းပညာများလိုအပ်ပါက ပံ့ပိုးဆောင်ရွက်ပေးပါတယ်။

မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်တဲ့ကျေးရွာတွေမှာ အကျိုးရှိစွာ လုပ်ငန်းများဆောင်ရွက်တဲ့အတွက် မိသားစုဝင်ငွေတိုးပွားလာပြီး လူနေမှုအဆင့်အတန်း မြင့်မားသူများရှိသလို၊ တချို့မှာလည်း ချေးငွေမှန်သမျှငွေချေးပြီး မိသားစု စားဝတ်နေရေးအဆင်ပြေစေဖို့နဲ့ မိမိလူမှုစီးပွားဘဝတိုးတက်စေဖို့ အကျိုးရှိစွာ မဆောင်ရွက်တဲ့အတွက် အကြွေးသံသရာထဲက မထွက်နိုင်သူတွေလည်း ရှိပါတယ်.......။

ဒါ့ကြောင့် ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝတိုးတက်ဖို့ဆိုရင် မိမိတို့ရဲ့ ကံ၊ ဉာဏ်၊ ဝီရိယပေါင်းစပ်ပြီး ရရှိတဲ့ရင်းနှီးငွေတွေကို အကျိုးရှိရှိဆောင်ရွက်မှသာ လူမှုစီးပွားဘဝ၊ လူနေမှုအဆင့်အတန်း တိုးတက်လာမှာ ဖြစ်တယ်လို ထင်မြင်မိပါတယ်။

**ဆင်းရဲမှု လျှော့ချရေးအတွက် အတိုးနည်းချေးငွေနဲ့ ငွေအရင်းအနှီးများရရှိပြီး မိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ဖို့အတွက် နိုင်ငံတော်ရန်ပုံငွေနဲ့ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်**

---

## သီရိမင်္ဂလာကမ္ဘာအေးစေတီတော် အလှူတော်များ ရေစက်ချမင်္ဂလာကျင်းပမည်

**ရန်ကုန် ဧပြီ ၅**

ရန်ကုန်မြို့မရမ်းကုန်းမြို့နယ်ရှိ ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်းဝင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်ကြီး၏ ရွှေဇဝါယွန်းပန်းချီ ဒုတိယပိုင်းကပ်လှူမှုအလှူတော်၊ ဂါလန် ၂၂၀၀၀ ဆံ့ မြေအောက်ရေလှောင်ကန်၊ ဂါလန် ၈၀၀၀ ဆံ့ရေစင်တို့၏ ကုသိုလ်အလှူတော်နှင့် ဧရိယာ ၇၄၂၅၉ စတုရန်းပေရှိ နိုင်လွန်ကတ္တရာထပ်ပိုးလွှာခင်းခြင်းလမ်းအလှူတော်များ၏ ရေစက်ချမင်္ဂလာအခမ်းအနားများကို ဧပြီ ၈ ရက်က စေတီတော်မြတ်၏ လိုဏ်ဂူတော်အတွင်း၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါအလှူတော်များရေစက်ချမင်္ဂလာအခမ်းအနားသို့ ရပ်ဝေးရပ်နီးမှ အလှူရှင်များ၊ ဘုရားဖူးလာပြည်သူများ ကြွရောက်ကြည်ညိုကြပါရန် စေတီတော်ဂေါပကအဖွဲ့မှ ဖိတ်ကြားထားသည်။

**ကိုချစ်**

---

# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
# ပြည်တွင်းအခွန်များဦးစီးဌာန
# အောင်ဘာလေသိန်းဆုဌာနခွဲ
# သတင်းကြေညာချက်
# (၂၀၁၇ ခုနှစ်၊ ဧပြီလ ၄ ရက်)

၁။ (၂)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေထီလက်မှတ်များကို ၂၀၁၇ ခုနှစ်၊ ဧပြီလ (၁)ရက်မှ စတင်ရောင်းချနေပြီ ဖြစ်ပါသည်။

၂။ (၂)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေထီလက်မှတ်များကို "က" အက္ခရာမှ အစဉ်လိုက် "န" အက္ခရာထိ အက္ခရာလုံးရေ (၂၀) နှင့် အရန်ထိ "ကင" အက္ခရာမှစတင်၍ အစဉ်လိုက် ဆက်လက်ရောင်းချပေးလျက်ရှိပါသည်။

၃။ အထူးသတိပြုရန်မှာ ၂၀၁၇ ခုနှစ်၊ မေလ (၁)ရက်တွင် ဖွင့်လှစ်မည့် (၂)ကြိမ်မြောက် အောင်ဘာလေထီလက်မှတ်များမှာ (၁) ကြိမ်မြောက်တွင် ရောင်းချပြီးဖြစ်သော အောက်ပါအရန်ထိ အက္ခရာများ ပါဝင်မည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။




၄။ ထီလက်မှတ် လိမ်လည်ရောင်းချမှုများ ဖြစ်ပေါ်လာနိုင်ပါသဖြင့် ထီကံစမ်းလိုသူ မိတ်ဆွေပြည်သူများ အထူးသတိပြု ဝယ်ယူကြပါရန် လေးစားစွာ အသိပေးအပ်ပါသည်။

၅။ ကျပ် ၅၀၀ တန် အရန်ထီလက်မှတ်စာအုပ်များ ဝယ်ယူလိုပါက အနည်းဆုံးအုပ်ရေ (၁၀၀)နှင့်အထက် ဝယ်ယူရမည်ဖြစ်ပြီး ဘဏ်ငွေသွင်းချလန် (TF-1)ဖြင့် အောင်ဘာလေသိန်းဆုဌာနခွဲတည်ရှိရာ အမှတ်(၁၈၄)၊ မဟာဗန္ဓုလလမ်းနှင့် (၃၇)လမ်းထောင့်၊ ကျောက်တံတားမြို့နယ်တွင် (၃-၄-၂၀၁၇)ရက်မှ (၂၄-၄-၂၀၁၇)ရက်အထိ ရုံးဖွင့်ရက်များတွင် ရောင်းချပေးသွားမည်ဖြစ်ပါသည်။ ရောင်းချရသည့် အက္ခရာများကို ထီဖွင့်ပွဲမတိုင်မီ ထပ်မံကြေညာပေးသွားမည်ဖြစ်ပါသည်။

**အောင်ဘာလေသိန်းဆုဌာနခွဲ**


ပရီမီယာကော်ဖီမိသားစုစတုဒီသာမဏ္ဍပ်
PREMIER®
COFFEE
ပရီမီယာ
သင်္ကြန်
မြန်မာ့ရိုးရာ သင်္ကြန်မှာ မြန်မာတို့ရဲ့ Premier Coffee ကနေ
စတုဒီသာ ကျွေးမှာ မို့လို့ လာခဲ့ဖို့ ဖိတ်ခေါ်ပါတယ်နော် . . .
နေ့ရက် ။ ၁၄၊၁၅၊၁၆.၄.၂၀၁၇
နေရာ ။ မဟာဗန္ဓုလလမ်း၊ Infront of AYA Bank, ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
၆လမ်း၊ ၇၄×၇၅ ကြား၊ နန်းမြို့သူ မဏ္ဍပ်ဘေး၊ မန္တလေးမြို့။
အချိန် ။ နံနက် ၈ နာရီ မှ ညနေ ၅ နာရီ အထိ
မြန်မာ့ရိုးရာ စားစရာတွေကို ကျန်းမာရေးအတွက် စိတ်ချရတဲ့ လီလီ ကြက်သားမှုန့်နဲ့ သုံးထားလို့ အရသာရှိမှာ အသေချာပဲပေါ့။


GGI
INSURANCE • အာမခံ
ကျန်းမာရေးအာမခံ (Health Insurance)
"သင့်ကျန်းမာရေးစိတ်အေးဖို့ ကျန်းမာရေးအာမခံ ထားကြစို့"
အကျိုးခံစားခွင့်များ
အခြေခံအကာအကွယ်
ရောဂါကြောင့်ဆေးရုံတက်ခြင်း
မတော်တဆမှုကြောင့်ဆေးရုံတက်ခြင်း
မတော်တဆမှုကြောင့်သေဆုံးခြင်း
ရောဂါကြောင့်သေဆုံးခြင်း
ထာဝစဉ်မသန်မစွမ်းဖြစ်ခြင်း
ရွေးချယ်ဝယ်ယူနိုင်သည့် အပို အကာအကွယ်များ
အာမခံအကာအကွယ် (၁) ခွဲစိတ်ကုသခြင်း၊ ကိုယ်ဝန်ပျက်ကျခြင်း၊
အာမခံအကာအကွယ် (၂) ပြင်းထန်သောရောဂါကုသခြင်း၊
Hotline : 01-2306366
Grand Guardian Insurance Public Co.,Ltd
Head Office : No. (19/20), A,B,C,D, Pyay Road, Junction Square Compound, Kamayut Township, Yangon.
Email : info@ggipinsurance.com. www. ggipinsurance.com

# မှတ်တမ်းတင်ဂုဏ်ပြုခြင်း

၂၀၁၆-၂၀၁၇ ခုနှစ်၊ ပြည်တွင်းအခွန်များဦးစီးဌာန၏ အခွန်ကောက်ခံရန် လျာထားချက်အား အခွန်ထမ်းပြည်သူများအနေဖြင့် နိုင်ငံသားတစ်ဦး၏ အခွန်ထမ်းဆောင်လိုသည့် စိတ်ဓာတ်ဖြင့် နိုင်ငံ့တာဝန်အခွန်ပေးဆောင်ခြင်းကို ကျေပွန်စွာဆောင်ရွက်ခဲ့ခြင်းကြောင့် ၃၀-၃-၂၀၁၇ ရက်တွင် လျာထားချက်အတိုင်း ပြည့်မီကျော်လွန်စွာ အခွန်အရပ်ရပ်ကို ပေးဆောင်ခဲ့ကြပါသည်။

သို့ဖြစ်ပါ၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် အခွန်ထမ်းပြည်သူများ၊ ကုမ္ပဏီများ၊ တစ်သီးပုဂ္ဂလလုပ်ငန်းရှင်များ၏ နိုင်ငံတော်နှင့်ပြည်သူ့အပေါ် အခွန်တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့မှုအပေါ် အထူးလေးစားဂုဏ်ယူဝမ်းမြောက်ကြောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**

---

### လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
### ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
### (အိတ်ဖွင့်တင်ဒါ/လေလံခေါ်ယူခြင်း)

၁။ ရန်ကုန်လျှပ်စစ် ဓာတ်အားပေးရေးကော်ပိုရေးရှင်းပိုင် ချို့ယွင်း Distribution Transformer (၆) လုံး၊ Power Transformer (၃) လုံး စုစုပေါင်း Transformer (၉)လုံးအား အိတ်ဖွင့်တင်ဒါ(ဈေးပြိုင်)စနစ်ဖြင့် လေလံတင်ရောင်းချသွားမည် ဖြစ်ပါသည်။

တင်ဒါ/လေလံပုံစံ စတင်ရောင်းချမည့်ရက် - ၇.၄.၂၀၁၇
တင်ဒါ/လေလံပိတ်မည့်ရက်/အချိန် - ၂၅.၄.၂၀၁၇ (၁၅:၀၀)နာရီ
တင်ဒါ/လေလံဖွင့်မည့်ရက် - ၂၇.၄.၂၀၁၇

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ ပစ္စည်းစီမံရေးဌာန (ရန်ကုန်မြို့) ဖုန်း ၀၁-၂၃၀၂၀၈၆၊ ၀၁-၂၂၀၈၅၉ သို့ (ရုံးချိန်)အတွင်းဆက် သွယ်စုံစမ်းနိုင်ပါသည်။

လေလံတင်ရောင်းချရေးကော်မတီ

---

### ငြင်းချက်ထုတ်ရန်သမ္မန်စာ
**(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ရန်ကင်းမြို့နယ် နယ်တရားမရုံးတော်၌**
**၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ်-၂**

၁။ ဦးအာဇိမ်(မ်) **နှင့်** ၁။ ဦးစိန်
၂။ ဦးချစ်လှိုင် ၂။ ဒေါ်ဝင်း
(၎င်းတို့၏ အခွင့်ရကိုယ်စားလှယ်
ဦးသက်ပိုင်)

**တရားလိုများ** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ အမှတ် ၂၅၀၊ မာန်ပြေ -၁၂ လမ်း၊ ၃/မာန်ပြေရပ်ကွက်နေ တရားပြိုင် ဒေါ်ဝင်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးအာဇိမ်(မ်)ပါ-၂ (၎င်းတို့၏အခွင့်ရကိုယ်စားလှယ် ဦးသက်ပိုင်)က ပဋိညာဉ်အတိုင်း အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၇ခုနှစ် ဧပြီ ၂၈ ရက် (၁၃၇၉ ခုနှစ် ကဆုန်လဆန်း ၃ ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို စွဲချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် (၁)စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ ခုနှစ် မတ် ၂၈ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နေဦး)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**ရန်ကင်းမြို့နယ်တရားရုံး**

---

### လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
### လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ဓာတ်အားစနစ်ဌာနမှ ပင်မဓာတ်အားခွဲရုံကြီးများတွင် Main Transformerများ တိုးချဲ့တည်ဆောက်ရာ၌ အသုံးပြုရန်အတွက်လိုအပ်သော 230kV, 132 kV, 33kV Transformer Gantry, Line Gantry, Bus Gantry များနှင့် ဆက်စပ်ပစ္စည်းများကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၄-၄-၂၀၁၇ ရက်
**တင်ဒါပိတ်မည့်ရက်** - ၈-၅-၂၀၁၇ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၄:၀၀ နာရီ

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန**
**ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၀၆၇-၄၁၀၂၈၂**

---

### ကြော်ငြာစာ

